# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက် | ၂၀၂၁ ခုနှစ်၊ မေ ၈ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၂၁၇)


# ရန်ကုန်မြို့၌ မြို့ပတ်ရထား ခေါက်ရေပိုမိုတိုးချဲ့ပြေးဆွဲမှု ယနေ့ စတင်

ရန်ကုန် မေ ၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့ ခရီးသွား ပြည်သူများ အဆင်ပြေစေရန် ရည်ရွယ်၍ မြို့ပတ် ရထားခေါက်ရေ ပိုမိုတိုးချဲ့ပြေးဆွဲမှုကို ယနေ့ (မေ ၇ရက်) ညနေပိုင်းမှစတင်ကာ ပြေးဆွဲပေးလျက် ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

“ခရီးသည်လိုက်ပါစီးနင်းမှုကိုကြည့်ရင် ရထား ခရီးစဉ်အားလုံး တဖြည်းဖြည်း လိုက်ပါစီးနင်းမှု များပြားလာတာကို တွေ့ရပါတယ်။

မြို့ပတ်ရထားရော၊ အဝေးပြေးခရီးစဉ်တွေပါပေါ့။ ဒါကြောင့်လည်း ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူ တွေ သွားလာမှုအဆင်ပြေစေဖို့ ရန်ကုန်မြို့ပတ် ရထားကို မေ ၇ ရက်မှာ နံနက်ပိုင်း တစ်ကြောင်း ပြေးဆွဲပေးနေမှုကနေ ညနေပိုင်းကို စင်းရေတိုးကာ နောက်တစ်ကြောင်းနဲ့ ခေါက်ရေတိုး ပြေးဆွဲပေးမှာ ဖြစ်ပါတယ်။ အရင် နံနက်ပိုင်းတစ်ချိန်တည်း ပြေးဆွဲ ပေးရာကနေ အခု ညနေပိုင်း တွဲဆိုင်းတိုးကာ

စာမျက်နှာ ၉ ကော်လံ ၁ ❑



ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွာသွားသော မြို့ပတ်ရထားတွဲဆိုင်းကို တွေ့ရစဉ်။

## ဆန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးနှင့် ပြည်တွင်း ဆန်ပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၇

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ဆန်ဈေးနှုန်း တည်ငြိမ်မှုရှိစေရေး၊ ပြည်တွင်း ဆန်ပြတ်လပ်မှုမရှိစေရေးနှင့် ဆန်လိုအပ်သည့် ဒေသများတွင် ဆန်သိုလှောင်ရောင်းချနိုင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ထံမှ သိရသည်။



“လတ်တလော ဦးစားပေး ဆောင်ရွက် နေတာကတော့ ပြည်တွင်းစားသုံးမှုအတွက် ဆန်ဈေးနှုန်း တည်ငြိမ်ဖို့၊ ဆန်မပြတ်လပ်ဖို့၊ နောက်ပြီး ဆန်လိုအပ်တဲ့ ဒေသတွေရှိတယ်။ ဆန်လိုအပ်တဲ့ ဒေသတွေမှာ ဆန်တွေကို သယ်ယူပို့ဆောင်ပြီးတော့ သိုလှောင်ပြီး ရောင်းချနိုင်အောင် ဒါလေးတွေကို လတ်တလော ဒီကာလမှာ ဆန်စပါးအသင်းချုပ်နဲ့ ကုန်သည်တွေ၊ ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေ

စာမျက်နှာ ၅ ကော်လံ ၁ ◆

## ယနေ့မာတိကာ


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က Video Conferencing ဖြင့် အပတ်စဉ် သတင်းစာရှင်းလင်းပွဲပြုလုပ်**

ပြည်တွင်းသတင်း စာမျက်နှာ - ၁၆

**ရုပ်ရှင်သည် ပြည်သူအတွက်လား၊ ပါတီအတွက်လား**

ဆောင်းပါး၊ စာမျက်နှာ - ၂၀

**လမ်းလျှောက်ကြမယ်**

ဆောင်းပါး၊ စာမျက်နှာ - ၂၁





မြန်မာ့အလင်း

# အေးချမ်းစွာ ပညာသင်ကြားရေး စုပေါင်းအားဖြင့် ဝိုင်းဝန်းဖော်ဆောင်

ကျောင်းသားများ ကျောင်းမတက်ရေးအတွက် အကြမ်းဖက်မှု၊ နှောင့်ယှက်မှု၊ ခြိမ်းခြောက်မှုလုပ်ရပ်များ ပိုမိုများပြားလာသည်။ ပညာရေးမှူးရုံးအဆောက်အအုံများကို တိုက်ခိုက်ခြင်း၊ ကျောင်းများကို တိုက်ခိုက်ခြင်း၊ ဆရာ ဆရာမများကို ခြိမ်းခြောက်နှောင့်ယှက်ခြင်းအပါအဝင် နည်းလမ်းအမျိုးမျိုးဖြင့် ကျောင်းများ မဖွင့်လှစ်နိုင်အောင်၊ ကျောင်းသူ ကျောင်းသားများ ကျောင်းမတက်နိုင်အောင်၊ ပညာသင်ကြားခွင့်ဆုံးရှုံးအောင် ပြုလုပ်ကာ အနာဂတ်တိုင်းပြည်၏ အညွန့်အဖူးကလေးများကို အညွန့်ချိုးဖျက်ဆီးနေကြသည်။

စင်စစ် ကျောင်းများပြန်လည်ဖွင့်လှစ်ခြင်း၊ ဆရာ ဆရာမများ သင်ကြားရေးလုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကြခြင်း၊ ကျောင်းသူ ကျောင်းသားများ ကျောင်းတက်၍ ပညာသင်ကြားကြခြင်းသည် အလွန်ကျက်သရေမင်္ဂလာနှင့်ပြည့်စုံပြီး တည်ငြိမ်အေးချမ်းမှုကို နိမိတ်ဆောင်ခြင်းကပင် ဆူပူအကြမ်းဖက်သမားများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသူများ မလိုလားသည့် မြင်ကွင်းပုံရိပ်များ ဖြစ်ကြသည်။ အကြမ်းဖက်ဆူပူမှုများ၊ ရုန်းရင်းဆန်ခတ်မှုများနှင့် တစပြင်သဖွယ် မြင်ကွင်းများ၊ ကျီးလန့်စာစားပုံရိပ်များကိုသာ ၎င်းတို့မြင်လိုနေကြခြင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့် တိုင်းပြည်၏ ပစ္စုပ္ပန်ကိုရော အနာဂတ်ကိုပါ ပျက်စီးနေစေလိုခြင်းပင်ဖြစ်သည်။ နိုင်ငံရေး၊ စစ်ရေးနှင့် ဘာမှမသက်ဆိုင်သည့် ကျောင်းစာသင်ခန်းများကို မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းအားဖြင့် မိဘများက မိမိတို့ရင်သွေးငယ်များကို ကျောင်းသို့မလွှတ်ရဲအောင်၊ ကလေးသူငယ်ကျောင်းသူ ကျောင်းသားငယ်လေးများ ကျောင်းသို့ မတက်ရဲအောင် ရက်စက်ယုတ်မာစွာဖြင့် အကြောက်တရားကို ဖန်တီးလိုက်ခြင်းလည်း ဖြစ်သည်။

"ယခုအခါ ကျောင်းမတက်ရန်အတွက် အချို့သူများက ခြိမ်းခြောက်ဆောင်ရွက်ပြီး အဖျက်လုပ်ငန်းများဆောင်ရွက်နေမှုသည် နိုင်ငံအားဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာတတ်များပေါ်များလာမည်ကို နိုင်ငံရေးလုပ်စားသူများက မလိုလားဘဲ ပြည်သူများ ဒုက္ခရောက်အောင် လုပ်ဆောင်နေခြင်းပင်ဖြစ်ပြီး မိုက်မဲသည့် လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း၊ ယခု သင်ကြားနေသည့် ပညာရပ်များသည် ယခင်အစိုးရများမှ ချမှတ်ထားခဲ့သည့် အမျိုးသားပညာရေး မူဝါဒများအတိုင်းသာ သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်လိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေ ၆ ရက်တွင် ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၆/၂၀၂၁)တွင် အမှာစကား ပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် စာသင်နှစ်တစ်နှစ် ဆုံးရှုံးထားရသည့် ကျောင်းသူ ကျောင်းသားများ ကျောင်းပြန်တက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်နေချိန်တွင် အဖျက်အမှောင့်သမားတို့ကလည်း စစ်ကျွန်ဘဝကို ကျရောက်မည့် စစ်ကျွန်ပညာရေးကို မသင်ယူကြရန်ဟူ၍ အဓိပ္ပာယ်မဲ့သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်လျက်ရှိသည်။ အမှန်အားဖြင့်မူ ကျောင်းများတွင်သင်ကြားနေသည့် သင်ရိုးညွှန်းတမ်းများ၊ သင်ခန်းစာများ၊ ပညာရေး မူဝါဒများအားလုံးမှာ အသစ်တစ်ခုမျှမပါဘဲ ယခင်အစိုးရများ ချမှတ်ခဲ့သည့် အမျိုးသားပညာရေး မူဝါဒများ အတိုင်းသာ သင်ကြားပေးနေခြင်းဖြစ်သည်။ နိုင်ငံတည်ဆောက်ရေးတွင် မိမိနိုင်ငံသား ပညာတတ်များဖြင့်သာ တည်ဆောက်ကြရခြင်းဖြစ်ရာ ပညာတတ်များ မွေးထုတ်ပြီး လူ့စွမ်းအား အရင်းအမြစ်များ ပျိုးထောင်ပေးခြင်းက နိုင်ငံ၏ အနာဂတ်အတွက် ဆောင်ရွက်နေခြင်းဖြစ်ရာ ပညာသင်ကြားမှုကို နှောင့်ယှက် ဖျက်ဆီးခြင်းက အသိဉာဏ်နည်းပါးလှသော မိုက်မဲသည့်လုပ်ရပ်ပင်ဖြစ်သည်။

နိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းများသည် ကျောင်းသားကျောင်းသူကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားသည့် ရပ်ဝန်းများသာဖြစ်ပြီး နိုင်ငံရေးလုပ်စားသူများနှင့် အသိပညာနည်းပါးသူများ၏ အဖျက်လုပ်ငန်းလုပ်အပ်သောနေရာ မဟုတ်ပေရာ စာသင်ကျောင်းများအပါအဝင် ရုံးဌာနများ၊ အများပြည်သူဆိုင်ရာ အဆောက်အအုံများကို နည်းအမျိုးမျိုးဖြင့် အကြမ်းဖက်ဖျက်ဆီးနေကြသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စုပေါင်းအားဖြင့် ဝိုင်းဝန်းကာကွယ်တားဆီးကြရပါမည့်အကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးအောင်မြင့် | ညွှန်ကြားရေးမှူးချုပ်<br>မဟာဗျူဟာလေ့လာရေးနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) ဦးမင်းသူ | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာ<br>ရောင်းဝယ်ရေးလုပ်ငန်း<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (ဂ) ပါမောက္ခဒေါက်တာကိုကို | ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာ<br>ဆေးတက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |
| (ဃ) ဦးရဲမင်းဇော် | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်(မကွေး)မှ ဒုတိယပါမောက္ခချုပ်(စီမံ) ပါမောက္ခဒေါက်တာအေးအေးဦး ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ သင်ကြားရေးဌာနများရှိ နည်းပြ၊ သရုပ်ပြ လျှောက်လွှာခေါ်ယူခြင်း တင်သွင်းရက်နှင့် စာမေးပွဲဖြေဆိုမည့်ရက် ပြင်ဆင်

**နေပြည်တော် မေ ၇**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ သင်ကြားရေးဌာနများတွင် နည်းပြ၊ သရုပ်ပြရာထူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)များ ခန့်ထားမည်ဖြစ်ပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မေ ၅ ရက် အရောက် နောက်ဆုံးထား၍ တင်သွင်းလျှောက်ထားရမည့်အစား မေ ၁၇ ရက် နောက်ဆုံးထား၍ တင်သွင်း လျှောက်ထားရန် ရက်တိုးမြှင့်ထားကြောင်း၊ ရေးဖြေစာမေးပွဲကို မေ ၁၅ ရက်အစား မေ ၂၉ ရက်တွင် လည်းကောင်း၊ လူတွေ့စာမေးပွဲကို မေ ၂၉ ရက်နှင့် မေ ၃၀ ရက်အစား ဇွန် ၁၂ ရက်နှင့် ၁၃ ရက်တွင် လည်းကောင်း ဖြေဆိုရန် ရက်တိုးမြှင့် ခွင့်ပြုထားကြောင်းနှင့် လျှောက်လွှာများကို အဆင့်မြင့်ပညာဦးစီးဌာနရှိ မိမိ တာဝန်ထမ်းဆောင်လိုသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ (သို့မဟုတ်) သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့များ (သို့မဟုတ်) အဆင့်မြင့်ပညာဦးစီးဌာန(နေပြည်တော်) (သို့မဟုတ်) အဆင့်မြင့်ပညာ ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)သို့ တင်သွင်းလျှောက်ထားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ပညာရေးဝန်ကြီးဌာန

၂၀၂၁-၂၀၂၂ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၁ ခုနှစ်၊ မေလ(၂၄)ရက်မှ (၃၁)ရက်ထိ

ပညာရေးဝန်ကြီးဌာန

"၂၀၂၁-၂၀၂၂ ပညာသင်နှစ်"

အသိပေးကြေညာချက်

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade-1) သို့ အပ်နှံရန်။

ကျောင်းအပ်နှံရာတွင်

❖ မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိပါ။

❖ ကျောင်းသုံးပြဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ Mask ၊ Face Shield တို့ကို နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပါသည်။

## (၇၅)နှစ်မြောက် စိန်ရတု မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပြုလုပ်

**ပုသိမ် မေ ၇**

(၇၅)နှစ်မြောက် စိန်ရတု မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မီးသတ်ဦးစီးမှူးရုံး၌ မေ ၅ ရက်က ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့် အညီ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်ဆွေဝင်းက မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်း ပြောကြားပြီး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဗီဒီယို မှတ်တမ်းအား ပြသခြင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိသူ ရှစ်ဦး၊ စံပြမီးသတ်စခန်းဆုများ၊ ကဏ္ဍအသီးသီးမှ ထူးချွန်ဆုရရှိခဲ့သည့် တပ်ဖွဲ့ဝင် ၁၅ ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

လှမျိုးအောင်

## နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေး

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်မည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရေး(ပန်းခင်းစီမံချက်)ကို အလေးထားကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးမှာ အရေးကြီးကြောင်း၊ ရသင့်ရထိုက်သည့် နိုင်ငံသား၊ တိုင်းရင်းသားများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးအတွက် သတ်မှတ်ထားသည့် စီမံချက်ကာလအတွင်း အပြီးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ ဆန္ဒမဲပေးခဲ့သည့်ဦးရေ ၄ ဒသမ ၆ သန်းရှိသည်ကို စိစစ်တွေ့ရှိကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ကိုင်ဆောင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိရေး ဦးစားပေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၂-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)မှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို

ရန်ကုန် မေ ၇

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့ နံနက် ၉ နာရီတွင် ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိမဟာနာယကကျောင်းတော်ကြီး၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ၊ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)မှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။** (ယာပုံ)



ထိုသို့ဖူးမြော်ကြည်ညိုစဉ် ပြည်ထောင်စုဝန်ကြီးက (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ)စာမေးပွဲ၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲ ကျင်းပမည့် အခြေအနေနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်တို့ကို တင်ပြလျှောက်ထားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သာသနာ့ဦးသျှောင် ဆရာတော်ကြီးများ၏ အဆုံးအမဩဝါဒများကို ခံယူလျက် ဆရာဒကာ လက်တွဲညီစွာဖြင့် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး မြင့်သည်ထက်မြင့်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### စဉ်ဆက်မပြတ် သင်ယူပို့ချ

သာသနာတော်သုံးရပ်၏ အသက်သွေးကြောသဖွယ်ဖြစ်သော ပရိယတ္တိသာသနာတော် တည်ရှိမှသာလျှင် စစ်မှန်ကောင်းမွန်သော ပဋိပတ္တိသာသနာတော်ကို ကျင့်ကြံပွားများနိုင်မည်ဖြစ်ပြီး စစ်မှန်ကောင်းမွန်စွာ ကျင့်ကြံပွားများမှသာ အေးချမ်းမွန်မြတ်သည့် ပဋိဝေဓသာသနာ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်ဖြစ်ကြောင်း၊ ပရိယတ္တိသာသနာတော် တိုးတက်စည်ပင်ရေးအတွက် ပရိယတ္တိစာပေများကို ဆရာတပည့် စဉ်ဆက်မပြတ် သင်ယူပို့ချရန် လိုအပ်ပါကြောင်း၊ ပရိယတ်ကို သင်ယူကြိုးကုတ် အားထုတ်တော်မူကြသည့် စာချစာသင် ရဟန်း၊ ရှင်၊ လူများအတွက် ပရိယတ္တိစာမေးပွဲများသည် တွန်းအားတစ်ရပ်၊ မှတ်တိုင်တစ်ရပ်ပင် ဖြစ်ပါကြောင်း၊ပရိယတ္တိစာမေးပွဲများ စဉ်ဆက်မပြတ် ကျင်းပနိုင်မှသာလျှင် ပရိယတ်ဝန်ဆောင် ဆရာတော်ကြီးများနှင့် စာချစာသင် ရဟန်း၊ ရှင်၊ လူများအနေဖြင့် **"ခုရနှစ်ခွင် အလုပ်တွင် နေ့စဉ်ဝင်မှ သမဏ"** ဟူသော ရှေးဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ **ဂန္ထဓုရ**-စာချစာသင် သမဏဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြမည်ဖြစ်ကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် အကျိုးတော်ဆောင် ဆရာတော်ကြီးတို့ကိုယ်တိုင် ကြွရောက် ဩဝါဒပေးဆွေးနွေးတော်မူခဲ့သည့် ဧပြီ ၂၈ ရက်တွင် ကျင်းပသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ်၊ ဒုတိယအစည်းအဝေးက(၇၃) ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲ၊ ၂၀၂၁ ခုနှစ်၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများ ကျင်းပခွင့်ပြုခဲ့ရာ စာမေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ သာသနာတော်မြတ်ကြီးအား ပစ္စယာနုဂ္ဂဟဖြင့် အားပေးထောက်ပံ့နိုင်ရန်နှင့် ရဟန်း၊ ရှင်၊ လူ ပြည်သူများ ဗုဒ္ဓပူဇနိယ မဟာကုသိုလ်တော် မင်္ဂလာတရားများ ဆည်းပူးအားထုတ်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အစိုးရအဖြစ် တာဝန်ယူပြီး ဖေဖော်ဝါရီ ၈ ရက်မှစ၍ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် တစ်နိုင်ငံလုံးရှိ ဘုရား၊ စေတီ၊ ပုထိုးများကို COVID-19 ရောဂါ ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ရဟန်း၊ ရှင်၊ လူ ပြည်သူများ ဖူးမြော်ကြည်ညိုခွင့်ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

### ဆက်ကပ်လှူဒါန်း

COVID-19 ကပ်ရောဂါ ဖြစ်ပွားနေမှုအခြေအနေအရ ကျင်းပနိုင်ခြင်းမရှိသည့် အကြိမ်(၆၀)မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားများကို COVID-19 ရောဂါ ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါကြောင်း၊ ထို့အပြင် မြန်မာနှစ်သစ်ကူး မဟာသင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း ရက်ရှည်တရားစခန်းများ ကျင်းပဖွင့်လှစ်နိုင်ရေးအတွက်လည်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုလို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ဦးဆောင်သည့် ပရိယတ်ပဋိပတ်ဝန်ဆောင် ဆရာတော်အရှင်သူမြတ်တို့က သင်ယူပို့ချ ဟောပြောကျင့်ကြံခြင်း ဓမ္မာနုဂ္ဂဟဖြင့် သာသနာတော်မြတ်ကြီးအား ကြိုးပမ်းစောင့်ရှောက်တော်မူသကဲ့သို့ တပည့်တော်တို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပစ္စည်းလေးဖြာအပြင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ သာသနာ့ရန်စွယ်အန္တရာယ်ဟူသမျှ ဖယ်ရှားရှင်းလင်းရာတွင် စဉ်ဆက်မပြတ် ထောက်ကူပံ့ပိုးမည်ဖြစ်ပါကြောင်း လျှောက်ထားကာ သင်္ကန်းနှင့် နဝကမ္မအလှူတော်ငွေ ၃၅ သိန်းကို ဆက်ကပ်လှူဒါန်းသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပြုပြင်မွမ်းမံမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မဟာပါသာဏလိုဏ်ဂူတော်ကြီးအပြင်ဘက် အဆောက်အအုံနှင့် အတွင်းပိုင်း လျှောက်လမ်းများ ပြုပြင်မွမ်းမံရမည့်အခြေအနေများကို အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ ယင်းနောက် (၇၃)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲဖြေဆိုရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကျင်းပပြုလုပ်သော အစည်းဝေးတွင် တက်ရောက်အမှာစကား ပြောကြားသည်။ အစည်းအဝေးတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော်ရှိ တန်ဆောင်းများ ဓမ္မာရုံများ၊ ဘုံဆောင်များ၊ ဆီမီးခုံများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်ကြည့်ရှုပြီး ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီး အား အများပြည်သူလာရောက်ဖူးမြော်ကြည်ညိုရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID-19 ရောဂါ ထိန်းချုပ်တားဆီးကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်၌ ကျင်းပပြုလုပ်ရန် စီစဉ်လျက်ရှိသော စေတိယင်္ဂဏစာမေးပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးကို ဂေါပကအဖွဲ့အနေဖြင့် အလေးထားဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ် (၄) ခုနှင့် သိပ္ပံ (၁၄) ကျောင်း ပြန်လည်ဖွင့်လှစ်မည်

နေပြည်တော် မေ ၇

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ သင်တန်းကျောင်းများ၏ သင်ကြားရေး၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေးသုတေသန ဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ကမ္ဘာ့ကူးစက်မြန်ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ပညာသင်ယူဆဲ ကျောင်းသားကျောင်းသူများ မိဘများအတွက် စာသင်နှစ်တစ်နှစ် ဆုံးရှုံးနစ်နာခဲ့ရသကဲ့သို့ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကိုပါ ထိခိုက်ခဲ့ခြင်းဖြစ်၍ နိုင်ငံတော်အတွက်လည်း နစ်နာခဲ့ရပါကြောင်း၊ ဆင်းရဲချမ်းသာကွာဟချက်၊ ပညာသင်ယူနိုင်ခွင့် ကွာဟချက်များသည် နိုင်ငံဖွံ့ဖြိုးရေးအပေါ် တိုက်ရိုက်သက်ရောက်နေသည်ကို အထူးသတိပြုကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ပညာရေးကဏ္ဍတွင် အလေးထား ရင်းနှီးမြှုပ်နှံပေးနေမှုအပေါ် ဆရာ ဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများကို ပညာသင်ကြားပေးရမည့် တာဝန်ရှိ နိုင်ငံဝန်ထမ်းများဖြစ်ကြသည်နှင့်အညီ နည်းပညာ အတတ်ပညာသာမက အသိပညာမြင့်မားရေးနှင့် မိမိတို့ ဓလေ့ထုံးတမ်းယဉ်ကျေးမှုများနှင့်အညီ စည်းကမ်းပြည့်ဝသော နိုင်ငံကြီးသားများအဖြစ် သင်ကြားလေ့ကျင့် မွေးထုတ်ပေးကြစေလိုကြောင်း ပြောကြားသည်။

### တက်ရောက်

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ သမဝါယမ တက္ကသိုလ်(သန်လျင်နှင့် စစ်ကိုင်း)၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ကောလိပ်နှင့် သိပ္ပံကျောင်းများ၏ စီမံခန့်ခွဲရေးတာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆွေးနွေး

ဆွေးနွေးပွဲတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ညွှန်ကြားချက်များနှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများ ပြန်လည် ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ထားမှုများ၊ လုံခြုံရေးအစီအမံများ၊ သင်ကြားရေး သင်ယူရေး သုတေသနနှင့် တောင်သူပညာပေးလုပ်ငန်းများ အချိုးညီ ထည့်သွင်းဆောင်ရွက်ရေးဆိုင်ရာများ၊ ဘာသာရပ်အလိုက် သက်ဆိုင်ရာ ပြည်တွင်းပြည်ပ တက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရေးဆိုင်ရာများ၊ ကျောင်းဆင်းလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးဖော်ဆောင်ရန် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကြောင့် စာမေးပွဲဖြေဆိုဆဲတွင် ရပ်နားခဲ့ရသည့် ကျန်ရှိဘာသာရပ်များ ဆက်လက်ဖြေဆိုနိုင်ရေး အစီအစဉ်များ၊ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန် စာသင်ဆောင်၊ အိပ်ဆောင်၊ စားရိပ်သာများနှင့် ဆရာ ဆရာမ၊ ဝန်ထမ်းအင်အား၊ ကျောင်းသား ကျောင်းသူအင်အား၊ ကျောင်းသားကျောင်းသူများ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကဏ္ဍ မြှင့်တင်ပေးရေး၊ စာကြည့်တိုက်များ အဆင့်မြှင့်တင်ရေး၊ သက်ဆိုင်ရာ ပရဝဏ်များအတွင်း ဝိုင်ဖိုင်သုံးစွဲနိုင်ရေးနှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ အချင်းချင်း ကွန်ရက်ချိတ်ဆက် အသုံးပြုနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

### ပြန်လည်ဖွင့်လှစ်သွားမည်

ကိုဗစ်-၁၉ ကမ္ဘာ့ကူးစက်မြန် ကပ်ရောဂါ ဖြစ်ပွားမှုအရ ပိတ်သိမ်းခဲ့ရသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၊ ကောလိပ်များနှင့် သင်တန်းကျောင်းများကို ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်များ၏ နောက်ဆုံးနှစ်သင်တန်းများကို ၂၀၂၁ ခုနှစ် မေ ၂၄ ရက်တွင် လည်းကောင်း၊ ဘွဲ့လွန်သင်တန်းများကို ဇွန် ၁ ရက်တွင် လည်းကောင်း၊ သမဝါယမတက္ကသိုလ်(သန်လျင်)နှင့် သမဝါယမတက္ကသိုလ်(စစ်ကိုင်း) တို့၏ နောက်ဆုံးနှစ်သင်တန်းများ၊ ဘွဲ့လွန်သင်တန်းများနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၄ ကျောင်း၏ နောက်ဆုံးနှစ်သင်တန်းများကို ဇွန် ၁ ရက်တွင် လည်းကောင်း ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကောလိပ် ၃ ခုကိုလည်း ဆက်လက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲကြီးကြပ်မှုမွမ်းမံသင်တန်းဖွင့်လှစ်

**နေပြည်တော် မေ ၇**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာကဏ္ဍ (နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ) ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲကြီးကြပ်မှုမွမ်းမံသင်တန်းကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



### သင်ကြားပို့ချပေးသွားမည်

သင်တန်းဖွင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဝန်ကြီးဌာနတွင် လုပ်ငန်းမကျွမ်းကျင်ပါက ပြဿနာအရှိဆုံးသည် ဘဏ္ဍာရေးကဏ္ဍ ဖြစ်ပါကြောင်း၊ ပညာရေးဆိုင်ရာ လုပ်ငန်းများတွင် မိမိက စေတနာအမှန်ဖြင့် လုပ်ဆောင်သော်လည်း ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့် မကိုက်ညီပါက အလုပ်ထုတ်ပယ်ခြင်း၊ ရာထူးလျှော့ချခြင်း စသည့်အရေးယူခံရမှုများဖြင့် ကြုံတွေ့ရတတ်ပါကြောင်း၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ အဂတိတရားကင်းရှင်းစွာဖြင့် လုပ်ငန်းများကို ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ ယခုသင်တန်းတွင် ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်သည့် အဆင့်မြင့်အရာရှိကြီးသုံးဦးက ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုကြီးကြပ်မှု လုပ်ငန်းအရည်အသွေး ပိုမိုမြင့်မားလာရေး သင်ကြားပို့ချပေးသွားမည် ဖြစ်ပါကြောင်း။

### ထိရောက်အကျိုးရှိစွာ သုံးစွဲ

ပညာရေးဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လူတစ်ဦးချင်းစီတွင် ဒီမိုကရေစီကျင့်စဉ်အရ ကိုယ်ပိုင်လွတ်လပ်ခွင့် ရှိသော်လည်း ဝန်ထမ်းဖြစ်သည့်အားလျော်စွာ ပါတီနိုင်ငံရေးကင်းရှင်းရမည် ဖြစ်ပါကြောင်း၊ အခြားနိုင်ငံများ၏ နိုင်ငံရေးဖြစ်စဉ်တွင် အစိုးရအဖွဲ့အစည်း ပြောင်းလဲသော်လည်း နိုင်ငံ့ဝန်ထမ်းများက မိမိလုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြသည်ကို တွေ့မြင်ရပါကြောင်း၊ မိမိတို့ ပညာရေးဝန်ကြီးဌာန၏ သင်ကြားရေးနှင့် စီမံဘဏ္ဍာဝန်ထမ်းများ အနေဖြင့်လည်း နေ့စဉ်နေ့တိုင်း လုပ်ငန်းခွင်သို့ တိုးတက်ဝင်ရောက် တာဝန်ထမ်းဆောင်လျက်ရှိသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍လည်း ဖိတ်ခေါ်ပါကြောင်း၊ ယနေ့ မိမိတို့ဆောင်ရွက်နေမှုသည် မြန်မာနိုင်ငံ ပညာရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်နေခြင်းသာ ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏လုပ်ငန်းများ ပုံမှန်တိုးတက်အောင် ဆောင်ရွက်နိုင်ရေးသည် ပညာရေးမိသားစုဝင် ဝန်ထမ်းတစ်ဦးချင်းစီတိုင်းမှာ တာဝန်ရှိပါကြောင်း၊ တက်ရောက်လာကြသည့် ဆရာကြီး ဆရာမကြီးများ အနေဖြင့် သင်တန်းပြီးဆုံး၍ မိမိတက္ကသိုလ်သို့ ပြန်ရောက်သည့်အခါ မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့ တပည့်များအား မှန်ကန်သော သဘောထား အမြင်များကို ဆက်လက် မျှဝေပေးစေလိုပါကြောင်း၊ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များနှင့် ဘဏ္ဍာရေးကိစ္စရပ်များကိုဆွေးနွေး ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လိုအပ်၍ တောင်းခံထားပြီး ခွင့်ပြုထားသည့် ဘဏ္ဍာငွေများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့် အညီ ထိရောက်အကျိုးရှိစွာ သုံးစွဲကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့တက္ကသိုလ်၊ မိမိတို့ဦးစီးဌာန၊ မိမိတို့ဝန်ကြီးဌာန ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မေတ္တာထား၍ ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

### ပြောကြား

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဘဏ္ဍာရေးစီမံခန့်ခွဲမှု ထိရောက်အောင်မြင်ရေး၊ အဂတိလိုက်စားမှုများ ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ ပြောကြားသည်။

### သင်တန်းပို့ချ

ဆက်လက်၍ သင်တန်းကို အစီအစဉ်အတိုင်းပို့ချရာ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်လျာထားသုံးစွဲခြင်း (Planning and Budgeting)၊ ဘဏ္ဍာငွေကြေးစီမံခန့်ခွဲမှု (Financial Manage-ment) နှင့် ဘဏ္ဍာရေးဆိုင်ရာ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ (Financial Rules and Regulations) ဘာသာရပ်သုံးခုကို သက်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများက ပို့ချကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များမှ သင်တန်းသားဘဏ္ဍာရေးတာဝန်ခံ အရာရှိကြီးများ၊ ရာထူးတိုးမြှင့်ခန့်အပ်ထားသော စီမံ/ ဘဏ္ဍာဌာနမှူးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်

နေပြည်တော် မေ ၇- မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်လေဆိပ်(ဇလော) တွင် ၅ ဒသမ ၇၁ လက်မ၊ လယ်ဝေးမြို့တွင် ၄ ဒသမ ၅၃ လက်မ၊ ပျဉ်းမနားမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ နေပြည်တော် (ဇမ္ဗူသီရိမြို့နယ်) တွင် ၃ ဒသမ ၄၆ လက်မ၊ နေပြည်တော် (ဒက္ခိဏသီရိမြို့နယ်)တွင် ၃ ဒသမ ၃၉ လက်မ၊ ပင်လောင်းမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ နေပြည်တော် (ဥတ္တရသီရိမြို့နယ်) တွင် ၃ ဒသမ ၀၃ လက်မ၊ နေပြည်တော် (ပုဗ္ဗသီရိမြို့နယ်)တွင် ၂ ဒသမ ၇၆ လက်မ၊ မြစ်ဆုံတွင် ၂ ဒသမ ၅၂ လက်မ၊ နေပြည်တော် (ဇေယျာသီရိမြို့နယ်)တွင် ၂ ဒသမ ၃၇ လက်မနှင့် ဟဲဟိုးမြို့တွင် ၂ ဒသမ ၂၈လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ လယ်ဝေးမြို့နယ်အတွင်းရှိ စစ်တောင်းမြစ်ကူးတံတားတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၇**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်တို့သည် ယနေ့ နံနက် ၇ နာရီတွင် လယ်ဝေးမြို့နယ်အတွင်းရှိ သဖန်းပင်-ညောင်ပင်သာလမ်းပေါ်ရှိ မြစိမ်းရောင်မေတ္တာပေါင်းကူးတံတားနှင့် ကြို့ပင်သာ-ပေါင်းလောင်း စစ်တောင်းမြစ်ကူးတံတား တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့ သဖန်းပင်-ညောင်ပင်သာလမ်းပေါ်ရှိ မြစိမ်းရောင် မေတ္တာပေါင်းကူးတံတား တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက တံတားပြီးစီးပါက ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်သို့ ခရီးသွားလာမှု လွယ်ကူလျင်မြန်ကာ ဒေသအတွင်းအကျိုးပြုနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တံတားအထူးအဖွဲ့(၆) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ကျော်ထိုက်က မြစိမ်းရောင် မေတ္တာပေါင်းကူးတံတားတည်ဆောက်ရေးလုပ်ငန်းနှင့် ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးပြည့်မီရေးတို့ကို ဂရုပြုလုပ်ဆောင်သွားရန်မှာကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက မြစ်ရေစီးကြောင်းပြောင်းလဲမှုနှင့် အနီးဝန်းကျင်ရှိကျေးရွာများ မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရေးတို့အတွက် ထည့်သွင်းဆောင်ရွက်ရန် မှာကြားကာ တံတားတည်ဆောက်ရေး စီမံကိန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စု ကြို့ပင်သာ-ပေါင်းလောင်း စစ်တောင်း မြစ်ကူးတံတား တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တံတားတည်ဆောက်ရေးစီမံကိန်း တာဝန်ခံအင်ဂျင်နီယာ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးခင်မောင်သန်းက တံတားတည်ဆောက်ရေးလုပ်ငန်းနှင့် ပြီးစီးမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့်နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်တို့က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ကြို့ပင်သာ-ပေါင်းလောင်း စစ်တောင်းမြစ်ကူးတံတား တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**တာဝန်ယူတည်ဆောက်**

လယ်ဝေးမြို့နယ် သဖန်းပင်-ညောင်ပင်သာလမ်းပေါ်ရှိ မြစိမ်းရောင်မေတ္တာပေါင်းကူး တံတားသည် အရှည်ပေ ၁၂၀၀ ၊ တံတားအကျယ်ပေ ၂၀ ၊ နှစ်လမ်းသွား သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၆)မှ တည်ဆောက်လျက်ရှိပြီး ကြို့ပင်သာ-ပေါင်းလောင်း စစ်တောင်းမြစ်ကူးတံတားသည် အရှည်ပေ ၆၀၀၊ တံတားအကျယ် ပေ ၂၀ ၊ သံကူကွန်ကရစ်တံတားဖြစ်ကာ နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တံတားတည်ဆောက်ရေးအဖွဲ့(ရုံးချုပ်) ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

---

◆ *ရှေ့ဖုံးမှ*

ပူးပေါင်းပြီး ညှိနှိုင်းဆောင်ရွက်နေတာ ရှိပါတယ်" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

ဆက်လက်၍ ၎င်းက " ဦးစားပေး ဆောင်ရွက်နေတာကတော့ ပြည်တွင်းမှာ ဆန်ဈေးနှုန်းတည်ငြိမ်ဖို့ပါ။ ကုန်စည်ဒိုင်တွေဆိုရင် အဓိကကျတဲ့ မြို့ကြီးတွေမှာလည်း ရှိတယ်။ နယ်မြို့တွေမှာလည်းရှိတယ်။ ကုန်စည်ဒိုင်တွေနဲ့ လက်လီဒိုင်တွေမှာ ဆန်တွေကို လွယ်လွယ်ကူကူ ပုံမှန်အတိုင်းနီးပါး ဖြန့်ဖြူးနိုင်ဖို့၊ ဒါမှလည်း စားသုံးသူပြည်သူလူထုအတွက် ပုံမှန်ဆန်ဈေးနှုန်းထိန်းထားနိုင်ဖို့ ဖြစ်ပါတယ်။ ဒီကာလမှာတော့ တချို့ဆန်အမျိုးအစားတွေ ဈေးတက်တာ တွေ့ရတယ်။ အဓိက ဈေးတက်တဲ့အကြောင်းရင်းကလည်း ဘဏ်တွေကနေ ငွေလွှဲတဲ့လုပ်ငန်းတွေ အခက်အခဲဖြစ်တော့ ကုန်စည်မှာ ဈေးတက်မှုလေးတွေ ကြုံတွေ့ရတယ်။ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတွေ ပြတ်တောက်တော့ တချို့ဆန်တွေမှာ ဈေးတက်တာ တွေ့ရတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပဆန်တင်ပို့မှု အနေဖြင့် လတ်တလောတွင် ကျဆင်းနေပြီး ပုံမှန်ဆန်တင်ပို့မှု၏ ၄၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ ယခုနှစ်နွေစပါးပေါ်ချိန်တွင် ပြည်ပဆန်တင်ပို့မှု ပြန်လည်မြင့်တက်လာနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က သုံးသပ်ထားသည်။

**သုံးသပ်ပြောကြား**

" ပြည်ပဆန်တင်ပို့မှုက လတ်တလော အခြေအနေမှာ ကျဆင်းနေတယ်။ ပြည်ပဆန်တင်ပို့တဲ့ လုပ်ငန်းကတော့ နှစ်လသုံးလလောက်အထိ ကြိုတင်ပြင်ဆင်စာချုပ်ချုပ်ပြီးတော့ လုပ်ရတဲ့ လုပ်ငန်းဖြစ်တော့ ဒီဇင်ဘာလက ချုပ်ထားတဲ့ စာချုပ်တွေက ဖေဖော်ဝါရီ၊ မတ်လတွေမှာ တင်ပို့ရတဲ့ အနေအထားဖြစ်ပါတယ်။ ဒီကာလမှာ သုံးသပ်ကြည့်တာတော့ ဖေဖော်ဝါရီ၊ မတ်လရဲ့ ပြည်ပတင်ပို့မှုက တော်တော်ကို လျော့နည်းကျဆင်းနေပါတယ်။ တစ်နည်းအားဖြင့်ပြောရင် ပုံမှန်တင်ပို့မှုရဲ့ ၄၀ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်းလောက်က လျော့နည်းတဲ့ သဘောရှိပါတယ်။ ဒါပေမယ့် နွေစပါးပေါ်ချိန်တွေမှာတော့ ပြည်ပတင်ပို့မှု လုပ်နိုင်တဲ့အနေအထား ရှိကောင်းရှိလာနိုင်ပါတယ်" ဟု ဦးရဲမင်းအောင်က သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်း ဆန်စားသုံးမှု ၈၀ ရာခိုင် နှုန်းရှိပြီး ပြည်ပဆန်တင်ပို့မှု ၂၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ ယခင်နှစ်က နွေစပါးစိုက်ဧက နှစ်သန်းခန့်ရှိပြီး မိုးစပါးစိုက်ဧက ၁၅ သန်းခန့်ရှိကြောင်း စပါးစိုက်ပျိုးမှု၏ ၈၀ ရာခိုင်နှုန်းခန့်တွင် မိုးစပါးမှ အများဆုံးထွက်ရှိကြောင်း ဆန်စပါးအသင်းချုပ်မှ သိရသည်။

" အခုဆိုရင် နွေစပါးက ၂၀ ရာခိုင်နှုန်းလောက်ဈေးကွက်ထဲ ဝင်လာပြီ။ မေလဆန်းဆိုရင် အုံနဲ့ကျင်းနဲ့ ပေါ်လာပြီ။ စပါးဈေးကလည်း ကျဆင်းနေတဲ့အနေအထားကို တွေ့ရတယ်။ အဓိက ငွေကြေးလည်ပတ်မှု အားနည်းတဲ့အပေါ်မှာ ဆန်စက်ပိုင်ရှင်တွေ၊ ဆန်ကုန်သည်တွေက စပါးဝယ်ဖို့အတွက် ငွေကြေးအခက်အခဲရှိတဲ့အခါမှာ မဝယ်နိုင်ဘူး။ မဝယ်နိုင်တဲ့အခါမှာ ဈေးကျတဲ့အနေအထား တွေ့ရတယ်။ နိုင်ငံတော်က သတ်မှတ်ထားတဲ့ အခြေခံဈေးနှုန်းအောက်မကျအောင် သက်ဆိုင်တဲ့ကုန်သည်တွေ ကုမ္ပဏီတွေကနေဝယ်ဖို့ ငွေကြေးလည်ပတ်မှု လိုအပ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် မိုးစပါးကို ဇွန်လတွင် စတင်စိုက်ပျိုးကြပြီး မိုးစပါး စိုက်ပျိုးရန်အတွက် လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများကို အချိန်မီ ပြည်ပမှ တင်သွင်းရန် လိုအပ်ကြောင်း၊ လတ်တလော အခြေအနေများအရ စိုက်ပျိုးရေးသွင်းအားစုများ ဈေးနှုန်းမြင့်တက်လာနိုင်သည့်အတွက် မိုးစပါးစိုက်ပျိုးမှု ကို မထိခိုက်စေရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ- လင်းလက်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူမှု တတိယတစ်လတာခရီး

## ကနောင်

*ယမန်နေ့မှအဆက်*

မြန်မာနိုင်ငံရဲ့ လက်ရှိဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအခြေအနေတွေနဲ့ပတ်သက်ပြီး ရန်ကုန်မြို့မှာရှိတဲ့ သံတမန်တွေနဲ့ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများက အကြီးအကဲများကို ရှင်းလင်းပြောကြားခြင်းကိုလည်း မေ ၈ ရက်မှာ ပြုလုပ်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ တာဝန်ရှိသူများက နိုင်ငံတကာသံတမန်များနဲ့ ကုလအဖွဲ့အစည်း အကြီးအကဲများကို လက်ရှိနိုင်ငံရေးအခြေအနေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ တာဝန်ယူဆောင်ရွက်ခဲ့တဲ့ အခြေအနေနဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပပြီး ဒီမိုကရေစီ စံချိန်စံနှုန်းများနဲ့အညီ နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေးတို့ကိုလည်း ပွင့်လင်းမြင်သာစွာ ဆွေးနွေးခဲ့ကြပါတယ်။ တွေ့ဆုံပွဲအပြီးမှာ သိမ်းဆည်းရမိထားတဲ့ ဆူပူအကြမ်းဖက် လှုပ်ရှားမှုတွေအတွက် အသုံးပြုထားတဲ့ ဒေသန္တရလက်လုပ် ကိရိယာများကို နိုင်ငံတကာ တာဝန်ရှိသူများကို ရှင်းလင်းပြသနိုင်ခဲ့ပါတယ်။

တပ်မတော်သတင်းလွှာ ထုတ်ပြန်ရေးအဖွဲ့က လည်း မေ ၉ ရက်က မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြား စစ်သံမှူးများနဲ့တွေ့ဆုံပြီး လက်ရှိမြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေမှန် နားလည်သဘောပေါက်စေဖို့ ကြိုးပမ်းခဲ့ကြပါတယ်။ ဖြစ်ပေါ်ခဲ့တဲ့ အခြေအနေ၊ လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူဆောင်ရွက်နေဆဲ အခြေအနေများ အပေါ် ရှင်းလင်းပြောကြားခဲ့တဲ့အပြင် စစ်သံမှူးများ သိရှိလိုတာတွေကိုလည်း ပြန်လည်ဖြေကြားမှုများ ပြုလုပ်ပေးခဲ့ပါတယ်။ ထို့အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်တွေက ဗီဒီယိုကွန်ဖရင့်ဖြင့် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့မှာ မေ ၁၂ ရက်ကနေ ၁၆ ရက်အထိ ကျင်းပတဲ့ (၆၄) ကြိမ်မြောက် မူးယစ်ဆေးဝါး ကော်မရှင်အစည်းအဝေးကို တက်ရောက်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အနေနဲ့ အစွမ်းကုန်တိုက်ဖျက်နေတဲ့အကြောင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများကို ဖော်ထုတ်အရေးယူခြင်းနဲ့ ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှု နှစ်စဉ်လျော့ကျလာခဲ့တဲ့ အကြောင်းအရာများကို ပူးပေါင်းဆွေးနွေးခဲ့ကြပါတယ်။

အာဆီယံ နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးနဲ့ ပတ်သက်တဲ့ သတင်းထုတ်ပြန်ချက်တစ်ရပ်ကိုလည်း မေ ၂၅ ရက် ရက်စွဲနဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါထုတ်ပြန်ချက်အတွင်း အာဆီယံခေါင်းဆောင်များက မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ အာဆီယံဥက္ကဋ္ဌရဲ့ ထုတ်ပြန်ကြေညာချက်မှာပါရှိတဲ့ အချက်အလက်တွေအပေါ်မှာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါတယ်။ အာဆီယံနိုင်ငံ့ခေါင်းဆောင်များရဲ့ အကြံပြုချက်အချို့ကို တုံ့ပြန်ဆွေးနွေးရာမှာ အာဆီယံခေါင်းဆောင်များရဲ့ အပြုသဘောဆောင်တဲ့ အကြံပြုချက်တွေကို အလေးအနက်ထားပါကြောင်းနဲ့ မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းတည်ငြိမ်မှုရရှိရေး ဦးစားပေးနေရတဲ့ အတွက် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုအပေါ် မူတည်ပြီးမှသာ နိုင်ငံရဲ့အကျိုးစီးပွားကို အခြေခံလျက် အာဆီယံနိုင်ငံ့ခေါင်းဆောင်တွေရဲ့ အကြံပြုချက်တွေကို အလေးထား စဉ်းစားပေးမယ်ဆိုတာကို သတင်းထုတ်ပြန်ချက်အတွင်း ပါရှိခဲ့ပါတယ်။ အဲဒီအကြံပြုချက်တွေဟာ အစိုးရက ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်ငါးရပ်ကို အကောင်အထည်ဖော်ရာမှာ အထောက်အကူပြုခြင်း၊ နိုင်ငံအတွက် အကျိုးရှိစေခြင်း၊ ASEAN Charter, ASEAN Way နဲ့ ASEAN Spirit တွေအပေါ် အခြေခံမယ်ဆိုလျှင် အပြုသဘော စဉ်းစားပေးမယ်ဆိုတာကိုလည်း ဖော်ပြပါရှိခဲ့ပါတယ်။

### ပြည်သူများနဲ့ထပ်တူရှိနေတဲ့အစိုးရ

တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ ဖော်ထုတ်တွေ့ရှိချက်များ၊ လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေစတဲ့ တိုင်းပြည်ရဲ့ လက်ရှိအခြေအနေများကို တပ်မတော်သား မိသားစုဝင်များ သိရှိနားလည်သဘောပေါက်ပြီး မိမိတို့၏ မူလရည်မှန်းချက်တာဝန်ဖြစ်တဲ့ နိုင်ငံတော်ကို ကာကွယ်ရန်အပြင် တစ်ဦးချင်းအသိ စိတ်ဓာတ်ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ကြဖို့၊ တစ်ဦးချင်းမှသည် တပ်မတော်၊ တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားဆောင်ရွက်ကြဖို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများနဲ့ မေ ၃ ရက်မှာ သွားရောက်တွေ့ဆုံစဉ် ပြောကြားခဲ့ပါတယ်။

ထို့အတူ မေ ၄ ရက်မှာလည်း မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများနဲ့ တွေ့ဆုံ၍လည်းကောင်း၊ ထိုနေ့မှာပဲ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနဲ့ ဌာနဆိုင်ရာဝန်ထမ်းများကို တွေ့ဆုံ၍လည်းကောင်း တိုင်းပြည်၏ လက်ရှိ ဖြတ်သန်းမှုနဲ့ စီမံဆောင်ရွက်လျက်ရှိတဲ့ အနေအထားကို ပြောကြားခဲ့ပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်းမှာ ဆန်နှင့် ဆီဖူလုံမှုရှိစေဖို့၊ ဒေသတွင်း စိုက်ပျိုးရေးသီးနှံများ အထွက်နှုန်းတိုးစေဖို့ ဆောင်ရွက်ရန်များနဲ့ စိုက်ပျိုးမြေများ ပိုမိုဖော်ထုတ်နိုင်ရန်၊ စာသင်ကျောင်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရန်၊ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးစေရန်၊ ဒေသထွက်ကုန်များကို ခေတ်မီသောထုပ်ပိုးမှုပုံစံများနဲ့ One Village One Product စနစ်နဲ့ စံပြုထုတ်ကုန်တွေ ထုတ်လုပ်နိုင်အောင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လမ်းညွှန်မှာကြားခဲ့ပါတယ်။

စီးပွားရေးကဏ္ဍမှာ လျှပ်စစ်မီးပြည့်ဝစွာရရှိစေရေးအတွက် ဆိုလာနဲ့ ရေအားစနစ်များကို အသုံးပြုနိုင်ဖို့ ကြိုးပမ်းနေတာအပြင် ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေတဲ့ အခြေအနေများ၊ တိုင်းပြည်ရဲ့ ပကတိအခြေအနေများကို မေ ၈ ရက်တွင် တောင်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများ၊ မေ ၁၀ ရက်တွင် ရမည်းသင်းမြို့ရှိ နယ်မြေခံ လေ့ကျင့်ရေးကျောင်းမှ အရာရှိ၊ စစ်သည်မိသားစုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊

*စာမျက်နှာ ၇ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ လှိုင်သာယာမြို့နယ် စက်မှုဇုန်အတွင်း မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံများအား ကြည့်ရှုစဉ်။ (၁၁-၄-၂၀၂၁ ရက်)

★ **တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ ဖော်ထုတ်တွေ့ရှိချက်များ၊ လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေစတဲ့ တိုင်းပြည်ရဲ့ လက်ရှိအခြေအနေများကို တပ်မတော်သား မိသားစုဝင်များ သိရှိနားလည်သဘောပေါက်ပြီး မိမိတို့၏ မူလရည်မှန်းချက်တာဝန်ဖြစ်တဲ့ နိုင်ငံတော်ကို ကာကွယ်ရန်အပြင် တစ်ဦးချင်းအသိ စိတ်ဓာတ်ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ကြဖို့**

*စာမျက်နှာ ၆ မှ*

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တွေ့ဆုံ အမှာစကား ပြောကြားခဲ့ပါတယ်။ ပြည်သူများရဲ့ ကျန်းမာရေး၊ ပညာသင်ကြားရေး၊ စားဝတ်နေရေးနဲ့ သွားလာမှု လွယ်ကူစေရေးစတဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးလျက်ရှိတဲ့ အကြောင်းအရာတွေကို လည်း တပ်မတော်မိသားစုဝင်များထံကို ရှင်းလင်း ပြောကြားခဲ့ပါတယ်။

မေ ၉ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ် မှူးကြီး စိုးဝင်းက တပ်မတော်(ကြည်း) ဗိုလ်သင် တန်းကျောင်း(ဗထူး)၊ ဗိုလ်လောင်းသင်တန်း အမှတ် စဉ်(၁၂၄)သူရတပ်ခွဲသင်တန်းဆင်းပွဲအခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။ သင်တန်းဆင်းပွဲမှာ တပ် တွင်း စည်းလုံးညီညွတ်ရေးနဲ့ တပ်ပြင်စည်းရုံးရေး တို့ကို ခိုင်မာအောင် တည်ဆောက်သွားကြပြီး စစ်သည်တော် ကျင့်ဝတ်များနဲ့အညီ တာဝန်ထမ်း ဆောင်ကြဖို့အတွက် တိုက်တွန်းပြောကြားခဲ့ပါ တယ်။ အဲဒီနောက်မှာတော့ ဗထူးတပ်မြို့မှာရှိတဲ့ တပ်မတော်ဆေးရုံမှာ တက်ရောက်ကုသနေကြတဲ့ တပ်မတော်သားများနဲ့ ဒေသခံပြည်သူများကို သွား ရောက်တွေ့ဆုံပြီး စားသောက်ဖွယ်ရာများကို ပေး အပ်ခဲ့ပါတယ်။ မေ ၁၀ ရက်မှာ ဗထူးတပ်နယ် အတွင်းမှာရှိတဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခြင်း၊ ခြေလျင်တပ်စုမှူးသင်တန်း သားများနဲ့ တွေ့ဆုံခြင်းများကို ဆောင်ရွက်ခဲ့တာကို လည်း မြင်တွေ့ရပါတယ်။

မဲစာရင်းများကို ပြန်လည်စစ်ဆေးနေပြီး မဲမသမာမှုဖြစ်ပွားတဲ့ မဲစာရင်းတွေကို ထုတ်ပြန်ပေး နေပါတယ်။ စစ်ဆေးတွေ့ရှိချက်အပေါ်မူတည်ပြီး ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမယ် ဆိုတာအပြင် လက်ရှိနိုင်ငံရေး အခြေအနေများ၊ စီးပွားရေးနဲ့ လူမှုရေး အခြေအနေများကို ရန်ကုန် တပ်နယ်က အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနဲ့ မေ ၁၁ ရက်က တွေ့ဆုံပွဲအတွင်း နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လမ်းညွှန်မှာကြားခဲ့ပါတယ်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနဲ့ ဌာနဆိုင်ရာဝန်ထမ်းများနဲ့ ဆက်လက်တွေ့ဆုံခဲ့စဉ်မှာလည်း မိမိအနေနဲ့ အရပ်ဘက်အုပ်ချုပ်ရေး အဖွဲ့အစည်းများနဲ့ တွေ့ဆုံ ပြီး ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာဖြစ်ပေါ်ခဲ့တဲ့ အခြေအနေများအရ ယာယီသမ္မတ၏ တာဝန်လွှဲ အပ်မှုနဲ့အညီ နိုင်ငံတော်တာဝန်တွေကို ထမ်းဆောင် ရခြင်း ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နားလည်သဘောပေါက်ပြီး မိမိတာဝန် ဝတ္တရားများ ကို သစ္စာရှိရှိထမ်းရွက်စေလိုပါကြောင်း အပါအဝင် နိုင်ငံရေးဖြစ်စဉ်များ၊ ရှေ့ဆက်သွားမည့် လုပ်ငန်း စဉ်များအကြောင်းကို ပွင့်လင်းစွာ ပြောကြားခဲ့တာ ကိုလည်း မြင်တွေ့ရပါတယ်။ အဲဒီနောက်မှာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဆူပူအကြမ်း ဖက်သူများရဲ့ မီးရှို့ဖျက်ဆီးမှုတွေကြောင့် ပျက်စီး ခဲ့တဲ့ လှိုင်သာယာနဲ့ ရွှေပြည်သာမြို့နယ်အတွင်း စက်မှုဇုန်များကို သွားရောက်ကြည့်ရှုခဲ့ပြီး ဒေသခံ များကို စားနပ်ရိက္ခာများ ပေးအပ်လှူဒါန်းခဲ့ပါတယ်။

မေ ၃၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)နဲ့ ရန်ကုန် တိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတွေကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ နိုင်ငံတော်ပိုင် အချို့ စက်ရုံတွေကို ပြန်လည်လည်ပတ်နိုင်ဖို့နဲ့ နိုင်ငံ အတွက် ပြည်ပကနေတင်သွင်းရတဲ့ စက်သုံးဆီ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ကူညီဖြည့် ဆည်းပေးဖို့ လိုအပ်တာကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က လမ်းညွှန်မှာကြားခဲ့တာကိုလည်း မြင်တွေ့ရသလို ရန်ကုန်မြို့မှာ နှစ်စဉ်ကြုံတွေ့နေရ တဲ့ ရေကြီးရေလျှံမှုဖြစ်စဉ်တွေ လျော့နည်းပပျောက်ဖို့ အတွက်လည်း ဗိုလ်တထောင်မြို့နယ်မှာရှိတဲ့ မြစ် ထွက်ပေါက် ရေမြောင်း၊ ကျောက်တံတားမြို့နယ် အတွင်းက အမှတ် ၁၀ ရေတံခါးနဲ့ လမ်းမတော်မြို့ နယ် ရွှာသစ်ချောင်းမြစ်ထွက်ပေါက်နေရာတွေကို ကိုယ်တိုင်သွားရောက် ကြည့်ရှုစစ်ဆေးခဲ့တာက လည်း ပြည်သူနဲ့ တစ်သားတည်းရှိနေတဲ့အစိုးရသစ် ရဲ့ ဖော်ဆောင်မှုတွေပဲ ဖြစ်ပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) သို့ သွားရောက် ကြည့်ရှုစစ်ဆေးစဉ်။ (၃၀-၄-၂၀၂၁ ရက်)

## ❑ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ စီးပွားရေး လုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ရာမှာ ချောမွေ့ သွက်လက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် လုပ်ငန်းအရှိန် မြှင့်တင်နေတာတွေကို တတိယတစ်လတာအတွင်း မြင်တွေ့ရမှာဖြစ်

### မဲစာရင်းများမြေပြင်စစ်ဆေးမှုများဖြင့် မဲမသမာမှုကိုနေ့စဉ်ဖော်ထုတ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကနေ တစ်နိုင်ငံလုံးအတိုင်းအတာ မဲစာရင်းများ မြေပြင် ပြန်လည်စစ်ဆေးခြင်းတွေကို ပွင့်လင်းမြင်သာမှုရှိ စွာ လုပ်ဆောင်နေပြီဖြစ်ပါတယ်။ ဖေဖော်ဝါရီလက နေ စတင်ပြီး မဲဆန္ဒနယ်အလိုက် မဲဆန္ဒရှင်စာရင်း တွေ၊ ဆန္ဒမဲလက်မှတ် ထုတ်ယူတာ၊ ရရှိတာ၊ သုံးစွဲ ထားတာနဲ့ လက်ကျန်ရှိစတာတွေကို စနစ်တကျ ပွင့်လင်းမြင်သာမှုရှိစွာ ဖော်ထုတ်လျက်ရှိပါတယ်။ ဧပြီ ၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့ နယ်နဲ့ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွေ ရဲ့ မဲဆန္ဒရှင်စာရင်း၊ ဆန္ဒမဲလက်မှတ် သုံးစွဲခဲ့မှုမြေပြင် အခြေအနေတွေကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က သတင်းထုတ်ပြန်ခဲ့ပါတယ်။ မြို့နယ် အလိုက် ဆန္ဒမဲလက်မှတ်တွေ လျော့နည်းတာ၊ ပျောက်ဆုံးတာ၊ တရားမဝင်အပိုရှိနေတာတွေကို လည်း တိကျတဲ့ စစ်ဆေးတွေ့ရှိချက်များက ဖော်ထုတ်နိုင်ခဲ့တာကို မြင်တွေ့ရပါတယ်။

ထို့အတူ ဧပြီ ၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်နဲ့ မန္တလေးတိုင်းဒေသကြီး တံတားဦး မြို့နယ်၊ ဧပြီ ၃ ရက်က မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်နဲ့ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၊ ဧပြီ ၄ ရက်က ကချင်ပြည်နယ် ချီဖွေနဲ့ တနိုင်းမြို့နယ်၊ ဧပြီ ၅ ရက်က မကွေးတိုင်း ဒေသကြီး ဆိပ်ဖြူ ပေါက်နဲ့ တောင်တွင်းကြီးမြို့နယ်၊ ဧပြီ ၆ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင် မြို့နယ်၊ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၊ ဧပြီ ၇ ရက်က ကယားပြည်နယ်အတွင်းမှာရှိတဲ့ ခုနစ်မြို့နယ်ရဲ့ မဲဆန္ဒရှင်စာရင်းတွေနဲ့ မဲလက်မှတ် ထုတ်ယူ၊ ရရှိ၊ သုံးစွဲမှုနဲ့ လက်ကျန်အခြေအနေများကို တိကျသော စာရင်းဇယားများနဲ့ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်နိုင်ခဲ့ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကနေ ဧပြီ ၈ ရက်က ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်၊ ညောင်လေးပင်နဲ့ နတ်တလင်းမြို့နယ်၊ ဧပြီ ၉ ရက် က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးနဲ့ ဝေါမြို့နယ်၊ ဧပြီ ၁၀ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးနဲ့ ဇီးကုန်း မြို့နယ်၊ ဧပြီ ၁၁ ရက်က မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းနဲ့ မလှိုင်မြို့နယ်၊ ဧပြီ ၁၂ ရက်က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၊ ဧပြီ ၁၃ ရက်က ကချင်ပြည်နယ် ပူတာအိုနဲ့ မချမ်း ဘောမြို့နယ်၊ ဧပြီ ၁၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းနဲ့ မြင်းမူမြို့နယ်၊ ဧပြီ ၁၅ ရက်က ပဲခူးတိုင်း ဒေသကြီး သာယာဝတီနဲ့ မင်းလှမြို့နယ်၊ ဧပြီ ၁၆ ရက်က မကွေးတိုင်းဒေသကြီး မင်းလှနဲ့ အောင်လံ မြို့နယ်၊ ဧပြီ ၁၇ ရက်က မကွေးတိုင်းဒေသကြီး သရက်နဲ့ ဆင်ပေါင်ဝဲမြို့နယ်၊ ဧပြီ ၁၈ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်နဲ့ စဉ့်ကူးမြို့နယ်၊ ဧပြီ ၁၉ ရက်က မန္တလေးတိုင်းဒေသကြီး သပိတ် ကျင်းနဲ့ ငါန်းဇွန်မြို့နယ်တို့ရဲ့ မဲဆန္ဒရှင်စာရင်းများ၊ ဆန္ဒမဲလက်မှတ်များကို ပြန်လည်စိစစ်ဖော်ထုတ်ခဲ့ တာကို မြင်တွေ့ရပါတယ်။

ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် သတင်းထုတ်ပြန်ချက်များကို ထုတ်ပြန်လျက်ရှိရာ ဧပြီ ၂၀ ရက်က ပဲခူးတိုင်း ဒေသကြီး ပြည်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၊ ဧပြီ ၂၁ ရက်က ကရင်ပြည်နယ် မြဝတီ၊ လှိုင်းဘွဲ့နဲ့ သံတောင်ကြီးမြို့နယ်၊ ဧပြီ ၂၂ ရက်က ကရင်ပြည်နယ် ဘားအံ၊ ကော့ကရိတ်နဲ့ ကြာအင်း ဆိပ်ကြီးမြို့နယ်၊ ဧပြီ ၂၃ ရက်က ကချင်ပြည်နယ် ဆွမ်ပရာဘွမ်၊ ရွှေကူနဲ့ ဗန်းမော်မြို့နယ်၊ ဧပြီ ၂၄ ရက်က ပဲခူးတိုင်းဒေသကြီး ကျောက်တံခါး၊ ရွှေကျင် နဲ့ သနပ်ပင်မြို့နယ်၊ ဧပြီ ၂၅ ရက်က မန္တလေးတိုင်း ဒေသကြီး မြင်းခြံ၊ တောင်သာနဲ့ ညောင်ဦးမြို့နယ်၊ ဧပြီ ၂၆ ရက်က ကချင်ပြည်နယ် မိုးညှင်း၊ မိုးကောင်း နဲ့ မံစီမြို့နယ်၊ ဧပြီ ၂၇ ရက်က ပဲခူးတိုင်းဒေသကြီး ကဝ၊ လက်ပံတန်းနဲ့ အုတ်ဖိုမြို့နယ်၊ ဧပြီ ၂၈ ရက်က မန္တလေးတိုင်းဒေသကြီး မတ္တရာ၊ မိုးကုတ်နဲ့ ဝမ်းတွင်းမြို့နယ်၊ ဧပြီ ၂၉ ရက်က ချင်းပြည်နယ် ကန်ပက်လက်နဲ့ ထန်တလန်မြို့နယ်၊ ဧပြီ ၃၀ ရက် က စစ်ကိုင်းတိုင်းဒေသကြီး မြောင်နဲ့ ရေဦးမြို့နယ် တို့ရဲ့ မဲဆန္ဒရှင်စာရင်းများနဲ့ ဆန္ဒမဲလက်မှတ်များ ထုတ်ယူ၊ ရရှိ၊ သုံးစွဲ၊ လက်ကျန်အခြေအနေများကို ပွင့်လင်းမြင်သာစွာ မြေပြင်စစ်ဆေးဖော်ထုတ်လျက် ရှိတာကိုလည်း မြင်တွေ့ရပါတယ်။

### လူမှုစီးပွားဘဝများအတွက် ဆောင်ရွက်ပေးလျက်ရှိ

နိုင်ငံတကာ ကူညီထောက်ပံ့မှုတွေထဲက ဥရောပသမဂ္ဂကဲ့သို့သော အဖွဲ့အစည်းတွေက မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် ကူညီ ထောက်ပံ့ပေးနေတဲ့ စီမံကိန်းတွေရှိပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေနဲ့ အကြောင်းအမျိုးမျိုးကြောင့် တွေ့ကြုံနေရတဲ့ လုပ်ငန်းအကောင်အထည်ဖော်မှုနဲ့ဆိုင်တဲ့ အခက် အခဲတွေကို သက်ဆိုင်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့ အစည်းတွေဆီကို ပြည့်ပြည့်စုံစုံ အချိန်နဲ့တစ်ပြေးညီ အကြောင်းကြားဖို့အတွက် အစီအမံတွေရေးဆွဲ နေတာကိုလည်း ဧပြီ ၂ ရက်မှာ ကျင်းပတဲ့ စီမံချက် များနဲ့ စပ်လျဉ်းတဲ့ ညှိနှိုင်းအစည်းအဝေးမှတစ်ဆင့် သိရှိရပါတယ်။ အရေးကြီးတဲ့ လုပ်ငန်းစီမံချက်များ အတွက် မဖြစ်မနေ ဆက်လက်လုပ်ဆောင်ရမယ့် အခြေအနေများကိုလည်း ကြိုတင်ပြင်ဆင်နေပြီလို့ သိရှိရတဲ့အတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးမှုလုပ်ငန်း တွေ အမြန်ဆုံး ရှေ့ဆက်ဆောင်ရွက်နိုင်တော့မှာ ပဲဖြစ်ပါတယ်။

လူမှုဖူလုံရေးအဖွဲ့ကလည်း ကိုဗစ် - ၁၉ ကပ် ရောဂါဖြစ်ပွားစဉ်ကာလများအတွင်း ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနတွေက အာမခံထား ရှိတဲ့ အလုပ်သမားတွေကို လူမှုဖူလုံရေးထောက်ပံ့ငွေ များ ပေးအပ်နိုင်ခဲ့ပါတယ်။ လက်ရှိအစိုးရ တာဝန်ယူ စဉ်မှာ လုပ်ငန်းစဉ်မပြတ် ဆက်လက်ပေးအပ်နိုင်ခဲ့ တာကြောင့် ကိုဗစ် - ၁၉ ကပ်ရောဂါ ကာလ တစ်လျှောက် ၂၀၂၁ ခုနှစ် မတ်လကုန်အထိ အာမခံ လုပ်သား ၁၆ သိန်းခန့်ကို ထောက်ပံ့ငွေကျပ် ၆၈၇၁၅ ဒသမ ၁၄၀ သန်းအထိ ပေးအပ်ခဲ့ပါတယ်။

လူမှုရေးဆိုင်ရာ ငွေကြေးထောက်ပံ့ရေး အစီ အစဉ်တွေနဲ့ ကလေးသူငယ်၊ အမျိုးသမီးတွေ ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းစဉ်မှာ အထောက် အကူပြုမယ့်စနစ်ဖြစ်တဲ့ လူမှုရေးဆိုင်ရာ စီမံခန့်ခွဲ မှု သတင်းအချက်အလက်စနစ်အသုံးပြုပြီး လူမှု ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှာ စတင်အသုံးပြုသွားမှာဖြစ် တယ်လို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး က အဆိုပါ စနစ်တည်ဆောက်ရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ ပြောကြားခဲ့သလို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီး ကာကွယ်ရေးဥပဒေ (မူကြမ်း)ကိုလည်း အမြန်ဆုံး ပြဋ္ဌာန်းနိုင်အောင် အဆင့်ဆင့်ဆောင်ရွက်မှုတွေ ပြုလုပ်နေပြီ ဖြစ်ပါတယ်။ ဒါ့အပြင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း ဆိုင်ရာ အကောင်အထည်ဖော်မှု နိုင်ငံအဆင့်အစီ ရင်ခံစာ(မူကြမ်း)ဆွေးနွေးခြင်းတွေကိုလည်း ဧပြီလ တတိယပတ်အတွင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာတို့၏ နှစ်သစ်ကူးကာလမှာ နှုတ်ခွန်းဆက်မင်္ဂလာစကား ကို ဧပြီ ၁၆ ရက်က ပြောကြားခဲ့ပါတယ်။ အဆိုပါ နှုတ်ခွန်းဆက်မိန့်ခွန်းအတွင်းမှာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ရဲ့ တာဝန် ကို ထမ်းဆောင်နေစဉ်ကာလအတွင်း ပြည်သူတွေရဲ့ ဆန္ဒနှစ်ခုဖြစ်တဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင် အထည်ဖော်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး

*စာမျက်နှာ ၈ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ၌ ပုလဲအတွဲများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။ (၂-၄-၂၀၂၂ ရက်)

*စာမျက်နှာ ၇ မှ*

ဆက်လက်၍ မိဘပြည်သူများရဲ့ ဆန္ဒများ ပြည့်ဝစေဖို့အတွက် အစွမ်းကုန်အကောင်အထည်ဖော်သွားမှာဖြစ်တယ်ဆိုတာကို ပြောကြားခဲ့ပါတယ်။ နိုင်ငံရဲ့ စီးပွားရေးခိုင်မာစေဖို့ အခြေခံအဆောက်အအုံတွေ ခိုင်မာစေဖို့ စီးပွားရေးအင်စတီကျူးရှင်းတွေကို အားပေးတာ၊ သေချာတဲ့ ကုန်ထုတ်လုပ်မှုတွေ အားပေးတာတွေကို လုပ်ဆောင်သွားမယ်ဆိုတာကို ထည့်သွင်းပြောကြားခဲ့တဲ့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ဆေးထိုးနှံပေးတဲ့ လုပ်ငန်းစဉ်တွေ အပါအဝင် ပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့အတွက် တိုက်တွန်းချက်လည်း ပါဝင်ခဲ့ပါတယ်။

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းဝေးကို ဧပြီ ၂၁ ရက်မှာ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးမှာ ကော်မတီရဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တက်ရောက်အမှာစကား ပြောကြားခဲ့ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ကလေးလုပ်သားတွေဟာ ဝင်ငွေရတဲ့ အလုပ်အကိုင်တွေ လုပ်ကိုင်ဖို့ မဖြစ်မနေ ဖိအားပေးမှုတွေ ကြုံတွေ့နေရပြီး များသောအားဖြင့် စိုက်ပျိုးရေး၊ ဝန်ဆောင်မှုနဲ့ စက်မှုကဏ္ဍတွေရဲ့ လုပ်သားတွေဖြစ်နေကြရတယ်လို့ သိရှိရပါတယ်။ ဖွံ့ဖြိုးဆဲ မိမိတို့နိုင်ငံအနေနဲ့ ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေးဆောင်ရွက်ရာမှာ အခက်အခဲများနဲ့ နိုင်ငံတကာက ထောက်ပြမှုတွေရှိပေမယ့် နိုင်ငံတော်ကနေ တတ်စွမ်းသရွေ့ ကလေးအလုပ်သမား အရေးကိစ္စတွေကို ထိထိရောက်ရောက် ဦးစားပေးဆောင်ရွက်သွားဖို့ ရှိတယ်လို့ သိရပါတယ်။

ယခုလအတွင်း လူမှုကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သာဓကအနေနဲ့ ပွင့်ဖြူမြို့နယ်အတွင်းမှာ လေဘေးသင့်ပြည်သူ ၂၀၀၀ ကျော်အတွက် စုစုပေါင်းထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ကျော်ကို ပေးအပ်နိုင်ခဲ့တဲ့အပြင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်မှာ ပါဝင်တဲ့ မသန်စွမ်းသူများ ထောက်ပံ့ရေးအစီအစဉ်အရ ပွင့်ဖြူမြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၄၇၀ အတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် ပေးအပ်ခဲ့တာကို ဧပြီ ၂၅ ရက်က မြင်တွေ့ခဲ့ရပါတယ်။

**စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေနဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ရာမှာ ချောမွေ့သွက်လက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် လုပ်ငန်းအရှိန်မြှင့်တင်နေတာတွေကို တတိယတစ်လတာအတွင်း မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းကြောင်းဆုံရာ မြန်မာနိုင်ငံရဲ့ အနာဂတ်ဖွံ့ဖြိုးမှုဝင်ရိုးတစ်ခုဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး မြို့သာစက်မှုဇုန်အတွင်း စက်ရုံအလုပ်ရုံများ လုပ်ငန်းလည်ပတ်အရှိန်မြှင့်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေတာကို ဧပြီ ၁ ရက်မှာ မြင်တွေ့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ လုပ်ငန်းတိုးချဲ့ခြင်း၊ အသစ်တည်ထောင်ခြင်း စတာတွေကို လွယ်လွယ်ကူကူနဲ့ ဆောင်ရွက်နိုင်ဖို့ ရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်နေတာကို ကြားသိရပါတယ်။

ပုလဲအတွဲများနဲ့ ကျောက်မျက်ရတနာများကို မြန်မာကျပ်ငွေနဲ့ ရောင်းချပွဲကိုလည်း ဧပြီ ၁ ရက်ကနေ ၁၀ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမမှာ ကျင်းပခဲ့ပါတယ်။ ရောင်းချပွဲပထမဆုံးရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်တိုင်တက်ရောက် ကြည့်ရှုအားပေးခဲ့တာကို မြင်တွေ့ရပါတယ်။ ၁၀ ရက်တာ ကျင်းပခဲ့တဲ့ အဆိုပါရောင်းချပွဲအတွင်း ပုလဲအတွဲ ၃၁၇ တွဲကို ငွေကျပ် ၁၄၂၇ ဒသမ ၂၆ သန်း၊ ကျောက်စိမ်းအတွဲ ၁၉၅၅ တွဲကို ငွေကျပ် ၃၁၅၉၅ ဒသမ ၇၉ သန်း၊ ကျောက်မျက်အတွဲ ၅၂ တွဲကို ငွေကျပ် ၄၂၅ ဒသမ ၈ သန်းနဲ့ ရောင်းချပေးနိုင်ခဲ့တာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။

စက်မှုဇုန်တွေမှာ လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေ၊ ကုန်သည်အသင်းအဖွဲ့တွေလိုအပ်နေတဲ့ သတင်းအချက်အလက်၊ တွေ့ကြုံနေတဲ့ အခက်အခဲတွေကို မြန်မြန်ဆန်ဆန်ဖြေရှင်းဆောင်ရွက်နိုင်ဖို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီက ဆောင်ရွက်ပေးနေတာကိုလည်း မြင်တွေ့ရပါတယ်။ ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုအခက်အခဲတွေ၊ ဘဏ်လုပ်ငန်းဆိုင်ရာ၊ ဆိပ်ကမ်းပိုင်းဆိုင်ရာ၊ ပြည်တွင်းကုန်သွယ်မှုဆိုင်ရာ စတဲ့စီးပွားရေးလုပ်ငန်းရှင်တွေ တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှာ ၂၄ နာရီ ရုံးဖွင့်ပြီး ဆောင်ရွက်ပေးနေပြီဖြစ်တယ်လို့လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လုပ်ငန်းရှင်များနဲ့ ဧပြီ ၂ ရက် တွေ့ဆုံစဉ်မှာ ပြောကြားခဲ့ပါတယ်။

ထို့အတူ နိုင်ငံတော်ရဲ့ ပုံမှန်လည်ပတ်စီးဆင်းနေတဲ့ ကုန်စည်လုပ်ငန်းတွေကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဖေဖော်ဝါရီ ၂၃ ရက်ကနေ မတ် ၃၁ ရက်အထိ ပြည်တွင်းဆိပ်ကမ်းမှအထွက် ကုန်သေတ္တာ ၁၉၅၉၄ လုံးနဲ့ ပြည်တွင်းဆိပ်ကမ်းအဝင် ကုန်သေတ္တာ ၂၂၄၁၇ လုံး စုစုပေါင်း ကုန်သေတ္တာ ၄၂၀၁၁ လုံး ပုံမှန်ကုန်စည်စီးဆင်းစေခဲ့တဲ့အတွက် ကုန်သွယ်မှုအတွက် အထောက်အကူပြုစေခဲ့တာပဲဖြစ်ပါတယ်။

ကုန်စည်နဲ့ ဝန်ဆောင်မှုများသုံးစွဲရာမှာ နစ်နာဆုံးရှုံးမှုတွေ ကြုံတွေ့ရမယ်ဆိုရင် ပြည်သူများ အလွယ်တကူတိုင်ကြားနိုင်ဖို့အတွက် ကောလ်စင်တာတွေကို ယခုနှစ်အတွင်း စတင်အကောင်အထည်ဖော်နိုင်ဖို့ ကြိုးပမ်းနေတာကိုလည်း စားသုံးသူရေးရာဦးစီးဌာနမှ သိရှိရပါတယ်။ အစိုးရသစ်ရဲ့ တာဝန်ယူဆောင်ရွက်မှုနဲ့အတူ မကြာမီဝန်ဆောင်နိုင်အောင် ကြိုးပမ်းနေတာဖြစ်ပြီး ယခုလက်ရှိမှာ တိုင်ကြားထားမှု ၅၀၀ ကျော်ရှိတဲ့အနက် ၂၅၀ ခန့်ကို ဖြေရှင်းဆောင်ရွက်ပေးထားပြီး ဖြစ်ပါတယ်။

ဧပြီ ၉ ရက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနဲ့ မြန်မာနိုင်ငံဘဏ်များအသင်း တာဝန်ရှိသူများတွေ့ဆုံခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုရလဒ်တွေဖြစ်တဲ့ ဘဏ်တွေပုံမှန် ပြန်လည်လည်ပတ်လာတဲ့ဖြစ်စဉ်တွေ၊ လက်ရှိဘဏ်ခွဲ ၁၀၀၀ ကျော်အထိ တိုးတက်ဖွင့်လှစ်လာနိုင်တဲ့ အကြောင်းအရာတွေ၊ ဝင်ငွေ ထွက်ငွေ စီးဆင်းမှု မှန်ကန်ခြင်းကနေ လက်ရှိအခက်အခဲတွေကို ကျော်လွှားဖြေလျှော့နိုင်မယ့်နည်းလမ်းတွေနဲ့ ဘဏ်လုပ်ငန်းစနစ် ကောင်းမွန်စွာလည်ပတ်နိုင်မယ့် နည်းလမ်းတွေကို စုပေါင်းအဖြေရှာဖော်ထုတ်ခဲ့ကြတာကို မြင်တွေ့ရပါတယ်။

ရလဒ်များအဖြစ် မေ ၃ ရက်ကစ၍ ဘဏ်တွေမှာ ဘဏ်စာရင်းအသစ်များ ဖွင့်လှစ်ပြီး ငွေသားအပ်နှံထည့်သွင်းခွင့်ပြုမှာဖြစ်ပြီး စာရင်းအသစ်မှ ငွေသားပြန်လည်ထုတ်ယူလိုပါက အပ်နှံငွေသားပမာဏအတွင်း ကန့်သတ်ချက်မရှိ ထုတ်ပေးမည့် အစီအစဉ်၊ အင်တာနက် ယာယီပြတ်တောက်ပြီးနောက် ငွေကြေးဆိုင်ရာ အင်တာနက် အသုံးပြုဆောင်ရွက်ရတဲ့ Mobile Banking, Internet Banking, Mobile top-up, Visa Master Card Payment, MPU Card, All ATMs, Bank Pay များမှနေ၍ Account to Account Transfer စတဲ့ အင်တာနက်အသုံးပြုဘဏ်ဝန်ဆောင်မှုတွေကို ရောဝတီဘဏ်၊ ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ်၊ အင်းဝဘဏ်နဲ့ ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်နဲ့ ရွှေကျေးလက်နဲ့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့မှာ ဧပြီ ၂၉ ရက်ကနေ စတင်ပြီး ဝန်ဆောင်မှုများ ပေးအပ်နိုင်ခဲ့တာကို မြင်တွေ့ရပြီ ဖြစ်ပါတယ်။

**မျိုးကောင်းမျိုးသန့်များရရှိအောင် သုတေသနပြု**

သက်ဆိုင်ရာ ဒေသအလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပြီး အရည်အသွေးပြည့်မီတဲ့ အသား၊ ငါးတွေကို တိုးမြှင့်ထုတ်လုပ်နိုင်မယ်ဆိုရင် ပြည်သူများ စားသုံးမှုမြင့်မားပြီး ကျန်းမာကြံ့ခိုင်လာစေမည်ဖြစ်သလို စိုက်ပျိုးရေးနဲ့ ပတ်သက်၍ အဓိကစားကုန်ဖြစ်တဲ့ ဆန်များအရည်အသွေးပြည့်မီရေးအတွက် အထွက်နှုန်းကောင်း၍ အရည်အသွေးပြည့်ဝတဲ့ စပါးမျိုးတွေ စိုက်ပျိုးနိုင်အောင် မျိုးကောင်းမျိုးသန့်များရရှိအောင် သုတေသနပြုစိုက်ပျိုးရန်လိုအပ်တယ်ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဧပြီ ၃၀ ရက် သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန် ဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ်မှာ ပြောကြားခဲ့ပါတယ်။

စိုက်ပျိုးမြေများကို အခြားနည်းလမ်းနဲ့အသုံးမပြုစေဖို့အတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားဖို့အတွက် ပထမအကြိမ်လုပ်ငန်းညှိနှိုင်းခြင်းကို ဧပြီ ၉ ရက်က ကျင်းပခဲ့ပါတယ်။ ဝန်ထမ်းအိမ်ရာတွေ၊ စီးပွားရေးဇုန်တွေဆောင်ရွက်ရာမှာ စိုက်ပျိုးမြေများ မထိခိုက်အောင်ဆောင်ရွက်ဖို့၊ မြေယာအသုံးချခွင့် စိစစ်ဆောင်ရွက်ရာမှာ စိုက်ပျိုးမွေးမြူရေးကို အထောက်အကူဖြစ်စေမယ့် ဆက်စပ်လုပ်ငန်းများကို ဦးစားပေးခွင့်ပြုဖို့ ဆွေးနွေးခဲ့ကြတာကိုလည်း တွေ့ရှိရပါတယ်။ ထို့အတူ ဧပြီ ၂၀ ရက်တွင် ခေတ်မီနည်းပညာတွေကို အသုံးပြုပြီး ကာလတိုအတွင်းမှာ လယ်ယာကဏ္ဍသိသိသာသာ တိုးတက်ပြောင်းလဲဖို့အတွက် စီစဉ်ဆောင်ရွက်နေတာတွေကိုလည်း မြင်တွေ့ရပါတယ်။ မိရိုးဖလာ စိုက်ပျိုးမွေးမြူရေးပုံစံနေရာမှာ ခေတ်မီနည်းပညာတွေအသုံးပြုဖို့နဲ့ နည်းပညာတွေကို လွယ်လင့်တကူ အသုံးပြုနိုင်ဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်သွားဖို့ရှိတဲ့အပြင် စိုက်ပျိုးရေးတက္ကသိုလ်နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူတွေကို ဘာသာရပ်အလိုက် အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ဖို့နဲ့ မွေးမြူရေးဒီပလိုမာသင်တန်းများကိုလည်း အမြန်ဆုံးဖွင့်လှစ်သွားဖို့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

**ကျန်းမာရေးနဲ့ အားကစားမြှင့်တင်**

မူလက Stay at Home အစီအစဉ်နဲ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ခဲ့တဲ့ မြို့နယ်တွေကို ဧပြီ ၉ ရက်မှာ ပယ်ဖျက်ပေးခဲ့တာကို မြင်တွေ့ရပါတယ်။ ရန်ကုန်၊ မန္တလေး၊ ပဲခူးနဲ့ ရောဝတီတိုင်းဒေသကြီးတို့က မြို့နယ်အချို့မှာ ထားရှိခဲ့တဲ့ Stay at Home အစီအစဉ်တွေကို ပယ်ဖျက်ပေးခဲ့တာပဲဖြစ်ပါတယ်။ ထို့အတူ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်မကော်မတီကလည်း အသိပေးကြေညာချက်များကို ဧပြီ ၁၂ ရက်၊ ၂၃ ရက်နဲ့ ၂၉ ရက်တို့မှာ ထုတ်ပြန်ခဲ့ပါတယ်။ ထုတ်ပြန်ချက်များအတွင်း ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ စာရင်းပိတ်လက်ကျန်နဲ့ အလှူငွေစာရင်းတွေကို ပွင့်လင်းမြင်သာစွာ ဖော်ပြထားတာကိုလည်း ပြည်သူများ မြင်တွေ့နိုင်မှာဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ပန်းခင်းစီမံချက်နှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် မေ ၇

**မြန်မာနိုင်ငံသား တိုင်းရင်းသားများနှင့် ဥပဒေအရနိုင်ငံသားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့်ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးရေး အတွက် ဆောင်ရွက်မည့် ပန်းခင်းစီမံချက်နှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Meeting ဖြင့် ကျင်းပသည်။** (အောက်ပုံ)





### တက်ရောက်

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများသည် သက်ဆိုင်ရာဒေသရုံးအသီးသီးမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်မည့် ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေးကျင်းပရခြင်း ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွင်း တိုင်းရင်းသားများဖြစ်သည့် မွေးရာပါနိုင်ငံသားများအပြင် တိုင်းရင်းသားမဟုတ်သော်လည်း ဥပဒေနှင့်အညီ နိုင်ငံသားအရည်အချင်းရှိသည့် ဥပဒေအရ နိုင်ငံသားများလည်း ရှိပါကြောင်း၊ ထို့ကြောင့် ဌာနမှပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများနှင့်အညီ အိမ်ထောင်စုလူဦးရေ စာရင်းထုတ်ပေးခြင်းနှင့် နိုင်ငံသား/ ဧည့်နိုင်ငံသား / နိုင်ငံသားပြုခွင့်ရသူများ စသည်ဖြင့် ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်တည်မှုအရည်အချင်းပေါ်မူတည်၍ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးခြင်း လုပ်ငန်းကို မိမိတို့ဌာနမှ ခေတ်အဆက်ဆက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသည်မှာ အားလုံး အသိပင်ဖြစ်ပါကြောင်း။

### ပန်းခင်းစီမံချက် ရေးဆွဲဆောင်ရွက်

ယင်းလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်စုလူဦးရေစာရင်း မရှိသူများနှင့် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုး မရှိသေးသူများ ရှိနေကြဆဲဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနက် လူဦးရေ ၄ ဒသမ ၆ သန်းကျော်သည် ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးမရှိဘဲ မဲစာရင်းမှာ ပါဝင်နေသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ မဲစာရင်းများကို ပြန်လည်စိစစ်ရာတွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားရှိပြီးဖြစ်သော်လည်း မဲစာရင်းတွင် (နိုင်) နံပါတ်ကွက်လပ်ဖြစ်နေသူများ ၊ ဥပဒေအရ မဲပေးပိုင်ခွင့်မရှိသူများပါဝင်နေပြီး မဲပေးခွင့်ရှိပြီး မဲစာရင်းမှာ ထည့်သွင်းထားသော်လည်း မည်သည့်ကတ်မျှ ကိုင်ဆောင်ထားခြင်းမရှိသူမှာ နှစ်သန်းခန့် ရှိနေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူနိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ကိုင်ဆောင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး ဦးစားပေး ဆောင်ရွက်ပေးရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ အဆိုပါ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံသား တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးရေးအတွက် မိမိတို့ဌာနမှ ပန်းခင်းစီမံချက် ရေးဆွဲဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

### ပူးပေါင်းကူညီဆောင်ရွက်

အဓိကအားဖြင့် နိုင်ငံသားသတ်မှတ်ချက်နှင့် ပြည့်စုံသော်လည်း အိမ်ပိုင်၊ ယာပိုင်မရှိ၊ အိမ်ထောင်စုစာရင်းမရှိသော နိုင်ငံသားများအား နိုင်ငံသားအခွင့်အရေးအပြည့်အဝရရှိစေရန် ဥပဒေနှင့်အညီစိစစ်၍ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးရမည့်လူဦးရေမှာ ပြီးခဲ့သည့်မဲဆန္ဒရှင်စာရင်းအရ ဆောင်ရွက်ပေးရန်ကျန်ရှိသူ နှစ်သန်းခန့်၊ တိုင်းဒေသကြီး/ ပြည်နယ်များ၏ အိမ်ထောင်စုစာရင်းအရ ဆောင်ရွက်ပေးရန်ကျန်ရှိသူ (၁) သန်း (၃) သိန်းကျော် နှင့် ၂၀၂၁ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်အတွင်း တိုးလာမည့် အသက် (၁၈)နှစ်နှင့်အထက် လူဦးရေငါးသိန်းကျော်ရှိသောကြောင့် စုစုပေါင်းလူဦးရေ ၃ ဒသမ ၈ သန်းကျော်ကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်ကတ်ပြား တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပန်းခင်းစီမံချက်တွင် တိုင်းဒေသကြီး/ ပြည်နယ် အလိုက် ဆောင်ရွက်ပေးရမည့် အရေအတွက်ကို အသေးစိတ် တွက်ချက်ရေးဆွဲထားပါကြောင်း၊ ပန်းခင်းစီမံချက်ကို မိမိတို့ဌာနက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သော်လည်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သဖြင့် လုပ်ငန်းစီမံချက်များကို တာဝန်ရှိသူများ သိရှိနားလည်သဘောပေါက်စေရေးအတွက် အသေးစိတ်ရှင်းလင်းဆွေးနွေးရန် အရေးကြီးပါကြောင်း။

ဒေသအလိုက် လုပ်ငန်းဆောင်ရွက်ရာတွင် ကာယကံရှင်မှ အထောက်အထားတင်ပြရမည့်ကိစ္စရပ်များကိုလည်း ကာယကံရှင်များမှ ပြည့်ပြည့်စုံစုံပေးနိုင်ရေးနှင့် ဓာတ်ပုံရိုက်ကူးရန်၊ သွေးအမျိုးအစားစစ်ဆေးရန်ကိစ္စရပ်များကို ဒေသအာဏာပိုင်အဖွဲ့အစည်းများမှ လိုအပ်သလို ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုတင်စီစဉ်အသိပေး ဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း၊ အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးရေးနှင့် ပတ်သက်၍ ညွှန်ကြားဖွဲ့စည်း ပေးထားသည့် မြို့နယ် အရာထမ်းအဆင့် (၅)ဦးကော်မတီ၏ စိစစ်ထောက်ခံချက်များပြည့်စုံရန်နှင့် ညွှန်ကြားချက်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက် ထုတ်ပေးကြရန် လိုအပ်ပါကြောင်း၊ စီမံချက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရာသီဥတုနှင့် နယ်မြေဒေသအခြေအနေပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို စနစ်တကျ သုံးသပ်တွက်ချက်ကာ အသေးစိတ်စီမံချက်ရေးဆွဲဆောင်ရွက် ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းစတင်ချိန်သည် မိုးတွင်းကာလဖြစ်သည့်အတွက် ယင်းကာလအတွင်း သက်ဆိုင်ရာမြို့နယ်ရုံးများ၌သာ အခြေပြုဆောင်ရွက်နိုင်ရေးနှင့် အခြေအနေအရ နေရာအခက်အခဲရှိပါက စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ခန်းမများတွင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပွင့်လင်းရာသီရောက်ချိန်တွင် ဒုတိယဦးစားပေးအနေဖြင့် လုပ်ငန်းပမာဏ များပြားသည့်ဒေသနှင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးရန်အတွက် စီစဉ်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

### များစွာအကျိုးရှိ

တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရုံးချုပ်အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများထံ အချိန်နှင့်တစ်ပြေးညီ အသိပေးရှင်းလင်းတင်ပြနေကြရန်လိုအပ်ပါကြောင်း၊ မိမိလက်အောက်ဝန်ထမ်းများကိုလည်း လုပ်ငန်းအခြေအနေများကို အသေးစိတ်ရှင်းလင်းချပြကြရန်နှင့် ၎င်းတို့၏ အခက်အခဲများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုပါကြောင်း၊ ပန်းခင်းစီမံချက်သည် လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်ပြီး နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများအားလုံးသည် ပန်းခင်းစီမံချက်အောင်မြင်ရေးအတွက် အရိုးကြေကြေအရေခမ်းခမ်း အောင်စိတ်မွေးကာ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပန်းခင်းစီမံချက်သည် မြန်မာနိုင်ငံသားများအတွက် နိုင်ငံသားအခွင့်အရေး ရရှိခံစားနိုင်ရေးအတွက် နိုင်ငံသားအထောက်အထားတစ်ခု ဆောင်ရွက်ပေးရသည့် လုပ်ငန်းဖြစ်ခြင်းကြောင့် များစွာအကျိုးရှိပါကြောင်း။

### စနစ်တကျ စာရင်းပြုစု

စီမံချက်အကောင်အထည်ဖော်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ကြရေး၊ ပွဲပြီးမီးသေမဟုတ်ဘဲ ရေရှည်ဆောင်ရွက်ရ မည့်လုပ်ငန်းဖြစ်ပြီး နိုင်ငံသားတစ်ဦး၏ အချက်အလက်များဖြစ်သည်နှင့်အညီ စနစ်တကျ စာရင်းပြုစုထိန်းသိမ်းကြရေး အလေးထား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဌာန၏ ဝန်ထမ်းများသည် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးခြင်းလုပ်ငန်းအပြင် ဌာန၏မူလတာဝန်များကိုပါ ကျေပွန်အောင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် တိုင်းဒေသကြီး/ ပြည်နယ် အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏနှင့် ဦးစားပေးအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များ၊ တွေ့ကြုံနိုင်သည့် လုပ်ငန်းအခက်အခဲများနှင့် ဖြည့်ဆည်းပေးရန် လုပ်ငန်းလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ရှင်းလင်းတင်ပြ ဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏနှင့် လုပ်ငန်းအစီအစဉ်များ၊ လုပ်ငန်းလိုအပ်ချက်များကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အသီးသီး ရှင်းလင်းတင်ပြကြပြီး အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုးက ပန်းခင်းစီမံချက်နှင့် လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဌေးလှိုင်က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေး၍ ဝန်ထမ်းများအနေဖြင့် ပန်းခင်းစီမံချက် အောင်မြင်ရေးအတွက် စစ်ဆင်ရေးတစ်ရပ်အသွင် အလေးထားကာ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ ***ရွှေ့ဖုံးမှ***

ထပ်မံတိုးချဲ့ ပြေးဆွဲပေးတာပါ။ အခုဆို ရန်ကုန်မြို့ လုပ်ငန်းအားလုံးကလည်း ပြန်လည် လည်ပတ်နေကြပြီဖြစ်သလို မြို့ပတ်ရထားလမ်း ပြုပြင်ပေးမှုကလည်း အားလုံးပြီးဆုံးနေပြီဆိုတော့ အခုလို တိုးချဲ့ပြေးဆွဲတဲ့အခါမှာ လမ်းပိုင်းအနေနဲ့က ဘာအခက်အခဲမှ မရှိပါဘူး” ဟု မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယနေ့ (မေ ၇ ရက်) ညနေမှစတင်ကာ ထပ်မံတိုးချဲ့ ပြေးဆွဲပေးမည့် မြို့ပတ်ရထားသည် အင်းစိန်ဘူတာကြီးမှ ညနေ ၃ နာရီခွဲတွင် ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်ဘူတာကြီးကို ညနေ ၄ နာရီ ၂၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ တစ်ဖန် ရန်ကုန်ဘူတာကြီးမှ ၄ နာရီခွဲတွင် မင်္ဂလာဒုံလမ်းကြောင်းဘက် ဆက်လက်ထွက်ခွာမည်ဖြစ်ပြီး အင်းစိန်ဘူတာကြီးသို့ ညနေ ၆ နာရီ မိနစ် ၂၀ တွင် ဆိုက်ရောက်မည် ဖြစ်ကြောင်း သိရသည်။ မြို့ပတ်ရထား လိုက်ပါစီးနင်းမည့် ခရီးသည်များ အနေဖြင့်လည်း ယခင် ဈေးနှုန်းများကဲ့သို့ ပြောင်းလဲမှု မရှိဘဲ ၁၅ မိုင်အကွာအဝေး ခရီးစဉ်တစ်ပိုင်းလျှင် ငွေကျပ် ၁၀၀ ကျခံရမည်ဖြစ်ပြီး မြို့တစ်ပတ် ခရီးစဉ် ၈/ဆုံး လိုက်ပါစီးနင်းလျှင် ငွေကျပ် ၂၀၀ နှုန်း ကျခံရမည်ဖြစ်သည်။

### တိုးချဲ့ပြေးဆွဲ

“မြို့ပတ်ရထားကို အခုလို နံနက်ပိုင်းရော၊ ညနေပိုင်းပါ တိုးချဲ့ပြေးဆွဲပေးတာ ဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ကျွန်တော်က အင်းစိန်ကနေ ရန်ကုန်မြို့တွင်းကို နေ့စဉ်နီးပါး အလုပ်ဆင်းသွားရတယ်။ တစ်ပတ်ကို တနင်္ဂနွေ တစ်ရက်တည်း အနားရတာဆိုတော့ ကျန်တဲ့ရက်တွေမှာ အလုပ်တက်၊ အလုပ်ဆင်းလုပ်ဖို့ရာ မြို့ပတ်ရထားက ပိုအဆင်ပြေဆုံးပါပဲ” ဟု နေ့စဉ် မြို့ပတ်ရထားကို လိုက်ပါစီးနင်းနေသော အင်းစိန်မြို့တွင် နေထိုင်သော ကိုသက်လွင်က ပြောသည်။

### လိုက်ပါစီးနင်းနိုင်

မြန်မာ့မီးရထားအနေဖြင့် မြို့ပတ်ရထားများ အဆင်ပြေပြေ သွားလာနိုင်ရေးအတွက် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်မှစတင်ကာ ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေး လုပ်ငန်း စတင်ခဲ့သည်။ လုပ်ငန်းများ မစတင်မီ ယခင်က နေ့စဉ် တွဲဆိုင်း ၂၅ ဆိုင်း၊ ခေါက်ရေ ၂၀၀ ပြေးဆွဲပေးခဲ့ရာ ခရီးသည် လိုက်ပါစီးနင်းမှု တစ်နေ့ ကိုးသောင်းဝန်းကျင်ရှိခဲ့သည်။ စီမံကိန်းကာလတွင်လည်း လမ်းတစ်လမ်းပိတ်ပြီး လမ်းတစ်လမ်းဖွင့်ကာ ပြေးဆွဲပေးခဲ့ရာ တွဲဆိုင်း ၂၁ ဆိုင်း၊ ခေါက်ရေ ၁၅၈ ခေါက် နေ့စဉ်ခရီးသည် ငါးသောင်းဝန်းကျင် လိုက်ပါစီးနင်းခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကာလတွင်လည်း တွဲဆိုင်းသုံးဆိုင်း၊ ခေါက်ရေ ၁၂ ခေါက် ပြေးဆွဲပေးခဲ့ရာ နေ့စဉ်ခရီးသည်သုံးထောင်ဝန်းကျင် လိုက်ပါစီးနင်းနိုင်ခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လျှပ်စစ်ကားများ ထုတ်လုပ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၇

**လျှပ်စစ်ကားများ ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုလွင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဆက်စပ်ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

## ပြည်တွင်း၌ ထုတ်လုပ်မည်

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးကိုကိုလွင်က "မြို့ပေါ်သုံးနှင့် ခရီးတိုအသုံးပြုနိုင်သည့် လျှပ်စစ်ကား City Bus များကို နိုင်ငံတကာမိတ်ဖက်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက်ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် စက်မှုဝန်ကြီးဌာနမှ ရေးဆွဲဆောင်ရွက်ခဲ့သည့် မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒတွင်လည်း **"သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းပြီး ဂေဟစနစ်ကို အထောက်အကူပြုသည့်ယာဉ်များနှင့် အစားထိုး လောင်စာသုံးယာဉ်များ တိုးမြှင့်ထုတ်လုပ်ခြင်းကို အားပေးမှုဖြင့် အထူးအခွင့်အရေးပေးရန်"** ဟု ပါရှိသဖြင့် Electric Vehicle ထုတ်လုပ်မှုကို အားပေးမြှင့်တင်ထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်များ၌ ရုပ်ကြွင်းလောင်စာ (Fossil Fuel) သုံး Internal Combustion Engine (ICE) များကို တပ်ဆင်အသုံးပြုခဲ့ကြောင်း၊ ရုပ်ကြွင်းလောင်စာများသည် ပမာဏအကန့်အသတ်ရှိပြီး နောင်နှစ်ပေါင်း ၃၀ မှ ၅၀ အတွင်း ကုန်သွားနိုင်သည်ဟု ပညာရှင်များမှ သုံးသပ်ထားရှိကြောင်း၊ ထို့ကြောင့် စွမ်းအင်ချွေတာနိုင်သော Fuel Efficient Engine များ၊ စွမ်းအင်သုံးစွဲမှုကို ရာခိုင်နှုန်းအတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်သည့် မျိုးစပ်ကား Mild Hybrid & Strong Hybrid များကို ပြောင်းလဲထုတ်လုပ်သုံးစွဲလာကြကြောင်း။

လက်ရှိမြန်မာနိုင်ငံ၏ Automotive Industry တွင် Motor Vehicle Assembly Industries နှင့် Part Manufacturing Industries ရှိသည့်အနက် Assembly-based Industries များကိုသာ အကောင်အထည်ဖော် ဆောင်ရွက်နေကြကြောင်း၊ ပြည်တွင်း၌ မော်တော်ယာဉ်ထုတ်လုပ်မှုကို Semi-knocked Down (SKD) စနစ်ဖြင့် ထုတ်လုပ်လျက်ရှိသည့် ကုမ္ပဏီ ၁၄ ခုရှိပြီး ၎င်းတို့အနက် Electric Vehicle ထုတ်လုပ်သည့် ကုမ္ပဏီ တစ်ခုသာရှိကြောင်း၊ အဆိုပါကုမ္ပဏီမှထုတ်လုပ်သည့် Electric Vehicle များမှာလည်း အိမ်သုံးလူစီးကားငယ်အမျိုးအစားသာဖြစ်ပြီး Public Transportation အတွက် Commercial EV Bus အမျိုးအစားများ ထုတ်လုပ်နိုင်ခြင်းမရှိသေးသဖြင့် Facilities Requirement များကို ထည့်သွင်းစဉ်းစား၍ Startup in EV Industry ဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းပြီး ဂေဟစနစ်ကို အထောက်အကူပြုသည့်ယာဉ်၊ စွမ်းအင်ပေါင်းစပ်အသုံးပြုသည့် ယာဉ်နှင့် လျှပ်စစ်ကားများထုတ်လုပ်ခြင်း၊ တင်သွင်းခြင်းများအတွက် အထူးသက်သာသည့်အခွန်စနစ်နှင့် ခံစားခွင့်များကိုလည်း ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ Electric Vehicle များ ထုတ်လုပ်ခြင်းကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အသွင်သဏ္ဌာန်နှင့်ဖြစ်စေ၊ ပုဂ္ဂလိက ကဏ္ဍသီးသန့်ဖြစ်စေ တိုးမြှင့်ထုတ်လုပ်သုံးစွဲနိုင်ရေး အားပေးကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

## သွင်းအားစုများ အဆင်သင့်ရှိ

စက်မှုဝန်ကြီးဌာနရှိ စက်ရုံအလုပ်ရုံများ၌ မြေနေရာ၊ လျှပ်စစ်မီး၊ ရေ စသည့် သွင်းအားစုများ အဆင်သင့်ရှိနေသဖြင့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များမှ Startup in EV Industry များ ဖြစ်ပေါ်လာရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

## ရင်းနှီးမြှုပ်နှံမှု အားပေးမြှင့်တင်

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က EV ထုတ်လုပ်မှုလုပ်ငန်းများကို ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ရင်းနှီးမြှုပ်နှံမှု အားပေးမြှင့်တင်ရေးလုပ်ငန်းများအောက်တွင် ထည့်သွင်းနိုင်ရေးအတွက် အမိန့်ညွှန်ကြားချက်များကို ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ကားများ ထုတ်လုပ်မည်ဆိုပါက Lithium Battery ထုတ်လုပ်မှုလုပ်ငန်းများနှင့် Charging Station များကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ EV ထုတ်လုပ်မှုလုပ်ငန်းများကို နိုင်ငံတော်၏နေအင်အား နည်းပညာများကိုအခြေခံ၍ အဆင့်လိုက် ဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဈေးကွက်ရရှိအောင်လည်း ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ EV ထုတ်လုပ်မှုလုပ်ငန်းအတွက် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမည့်သူများကို ဖိတ်ခေါ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ EV ထုတ်လုပ်လျက်ရှိသည့် နိုင်ငံများ၏ EV နှင့်ပတ်သက်သည့် မူဝါဒများကိုလည်း လေ့လာမှီငြမ်းသင့်ပါကြောင်း၊ ပြည်တွင်း၌ EV ထုတ်လုပ်မည်ဆိုပါက EV ထုတ်လုပ်လျက်ရှိသည့် မိတ်ဖက်နိုင်ငံများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါ်ရီရီကျော်က မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာမူဝါဒများ၊ နိုင်ငံတကာတွင် EV ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြပြီး ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက EV ထုတ်လုပ်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့သည်။

## ရှင်းလင်းပြောကြား

ထို့နောက် ဒုတိယဝန်ကြီး ဦးကိုကိုလွင်က စက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

## ရင်းနှီးမြှုပ်နှံမည့်သူများအား ဖိတ်ခေါ်

အစည်းအဝေးတွင် Electric Vehicle Development Action Plan အား သုံးလမှ ခြောက်လအတွင်း အပြီးသတ်ရေးဆွဲရန်၊ Electric Vehicle(EV) များ ရင်းနှီးမြှုပ်နှံရေး အားပေးသည့် မူဝါဒများချမှတ်ဆောင်ရွက်သွားရန်၊ Startup in EV Industry အတွက် Investment Promotion Plan တွင် ဦးစားပေးကဏ္ဍအနေဖြင့် ရင်းနှီးမြှုပ်နှံမည့်သူများအား ဖိတ်ခေါ်ရန်၊ Private Sector များ၊ Stakeholder များ ဖိတ်ခေါ်ပြီး ညှိနှိုင်းအစည်းအဝေးကျင်းပရန်၊ EV Research & Development ဆောင်ရွက်နိုင်ရေးအတွက် Supply Chain Facilities ရှိသော ကာကွယ်ရေးဝန်ကြီးဌာနမှ ပူးပေါင်းဆောင်ရွက်ပေးရန်၊ Electric Vehicle နှစ်ဘီး/သုံးဘီး မော်တော်ဆိုင်ကယ်အတွက် Research & Development ကိစ္စရပ်များဆောင်ရွက်ရန်နှင့် မူဝါဒရေးဆွဲရေးလုပ်ငန်းစဉ်များတွင် အထောက်အကူပြုနိုင်ရန်နှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများကို နှစ်နိုင်ငံ (Bilateral) နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများထံမှ ရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

လေးကြိမ် တက်ရောက်နိုင်ခဲ့ပြီး လေးကြိမ်စလုံး ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ပွဲစသည်နှင့်တစ်ပြိုင်နက် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ဦးဆောင်ဂိုးကို မန်ယူအသင်းက ပွဲချိန် ၃၉ မိနစ်တွင် ဖရက်ဒ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ကာဗာနီက သွင်းယူပေးခဲ့သည်။ ရိုးမားအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် ရရှိခဲ့ပြီး ဒီဇီကိုက သွင်းယူပေးခဲ့သည်။ ပွဲချိန် မိနစ် ၆၀ တွင် ရိုးမားအသင်း ဒုတိယဂိုး ရရှိခဲ့ပြီး ခရစ္စတန်တီက သွင်းယူပေးခဲ့သည်။ မန်ယူအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၆၈ မိနစ်တွင် ဖာနန်ဒက်ဇ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ကာဗာနီကပင် သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၈၃ မိနစ်တွင် မန်ယူအသင်းမှ တဲလပ်စ် ကိုယ့်ဂိုးကိုယ်သွင်းယူမိသလိုဖြစ်ခဲ့၍ ရိုးမားအသင်း တတိယဂိုး ရရှိခဲ့သည်။ ထို့နောက် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ရိုးမားအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အခြားသော ယူရိုပါလိဂ်ဆီမီးဖိုင်နယ် ပွဲစဉ်တစ်ပွဲတွင် အာဆင်နယ်နှင့် ဗီလာရီးရဲအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ဂိုးမရှိသရေကျခဲ့သောကြောင့် နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် ဗီလာရီးရဲအသင်း ယူရိုပါလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ယူရိုပါလိဂ်ဗိုလ်လုပွဲကို မန်ယူအသင်းနှင့် ဗီလာရီးရဲ အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မေ ၂၆ ရက်တွင် ပိုလန်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်။

**အောင်ဇော်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် မဲရုံ ၇၅ ရုံ | ၁၁၂၅၈၉ | ၆၇၄၁၆ | ၂၄၆၇၉ | ၂၀၂ | ၆၀၄၀ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် မဲရုံ ၁၁၄ ရုံ | ၅၉၀၉၉ | ၃၁၄၁၂ | ၁၆၉၀၀ | ၁၈၁ | ၃၃၀၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၁၈၉ ရုံ၊ စုစုပေါင်း ထုတ်ယူ ရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၈၅၃၄၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ် ဖြတ်ပိုင်းများမှာ ၁၀၆၈၁၈ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၈၅၂၅ ၊ မြေပြင်လက်ကျန် ၇၆၃၇၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၂၅၇၃ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၄၂၆ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကော့သောင်းမြို့နယ် | ၇၅ | ၁၁၈၇၆၁ | ၆၄၅၄၆ | ၅၄၂၁၅ | ၅၂၇၆၀ | ၁၄၉၃ | ၃၈ |
| ၂ | ဘုတ်ပြင်းမြို့နယ် | ၁၁၄ | ၆၆၅၈၂ | ၄၂၂၇၂ | ၂၄၃၁၀ | ၂၃၆၁၈ | ၁၀၈၀ | ၃၈၈ |
| | စုစုပေါင်း | ၁၈၉ | ၁၈၅၃၄၃ | ၁၀၆၈၁၈ | ၇၈၅၂၅ | ၇၆၃၇၈ | ၂၅၇၃ | ၄၂၆ |

### ကော့သောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်တွင် ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၅ အုပ်စု၊ မဲရုံပေါင်း ၇၅ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၁၈၇၆၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၄၅၄၆ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၅၄၂၁၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၅၂၇၆၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ် အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၁၀၉၅၀ | ၆၃၁၂၂ | ၄၇၈၂၈ | ၄၆၃၇၃ | ၁၄၉၃ | ၃၈ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၄၂၄ | ၁၄၂၄ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၆၃၈၇ | | ၆၃၈၇ | ၆၃၈၇ | | |
| | စုစုပေါင်း | ၁၁၈၇၆၁ | ၆၄၅၄၆ | ၅၄၂၁၅ | ၅၂၇၆၀ | ၁၄၉၃ | ၃၈ |

၆။ ကော့သောင်းမြို့နယ်၊ ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၅ အုပ်စုရှိ မဲရုံ ၇၅ ရုံတွင် မဲလက်မှတ် အရေအတွက် ၁၄၉၃ ပျောက်ဆုံးနေပြီး ၃၈ စောင် ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင် ဆန္ဒမဲလက်မှတ်အရေအတွက် ၁၄၂၄ ကို အသုံးပြုထားပြီး ၆၃၈၇ စောင်အား မြို့နယ် လက်ကျန်အဖြစ် ထိန်းသိမ်းထားရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၇။ ကော့သောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | အဏ္ဏဝါရပ်ကွက် | ၂ | ၂၉၀၀ | ၁၆၇၈ | ၁၂၂၂ | ၁၂၂၂ | | |
| ၂ | ဘုရင့်နောင်ရပ်ကွက် | ၂ | ၃၁၀၀ | ၁၈၁၇ | ၁၂၈၃ | ၁၂၈၇ | | ၄ |
| ၃ | ပိတောက်ရွှေဝါရပ်ကွက် | ၃ | ၆၀၅၀ | ၃၅၀၁ | ၂၅၄၉ | ၂၅၅၄ | | ၅ |
| ၄ | အောင်သုခရပ်ကွက် | ၄ | ၆၇၀၀ | ၃၅၇၉ | ၃၁၂၁ | ၃၁၁၇ | ၄ | |
| ၅ | အေးမြကန်သာရပ်ကွက် | ၂ | ၃၂၅၀ | ၁၉၆၈ | ၁၂၈၂ | ၁၂၈၄ | | ၂ |
| ၆ | သီရိမြိုင်ရပ်ကွက် | ၁ | ၂၉၅၀ | ၁၅၆၉ | ၁၃၈၁ | ၁၃၈၁ | | |
| ၇ | ရွှေဟင်္သာရပ်ကွက် | ၂ | ၂၅၅၀ | ၁၆၄၄ | ၉၀၆ | ၈၉၀ | ၁၆ | |
| ၈ | ရွှေဇင်ယော်ရပ်ကွက် | ၃ | ၄၂၀၀ | ၂၄၁၂ | ၁၇၈၈ | ၁၇၈၇ | ၁ | |
| ၉ | အေးရိပ်ငြိမ်ရပ်ကွက် | ၄ | ၁၀၂၅၀ | ၅၂၂၁ | ၅၀၂၉ | ၅၀၁၁ | ၁၈ | |
| ၁၀ | ရွှေပြည်သာရပ်ကွက် | ၄ | ၈၁၀၀ | ၄၁၈၆ | ၃၉၁၄ | ၃၉၃၅ | | ၂၁ |
| ၁၁ | အမှတ်(၁)ရပ်ကွက်၊ ခမောက်ကြီးမြို့ | ၆ | ၇၅၅၀ | ၄၃၂၁ | ၃၂၂၉ | ၃၂၂၈ | ၁ | |
| ၁၂ | အမှတ်(၃)ရပ်ကွက်၊ ခမောက်ကြီးမြို့ | ၁ | ၈၀၀ | ၅၅၀ | ၂၅၀ | ၂၅၀ | | |
| ၁၃ | ပုလိုတုံတုံးကျေးရွာအုပ်စု | ၃ | ၅၀၀၀ | ၂၉၆၇ | ၂၀၃၃ | ၂၀၃၆ | | ၃ |
| ၁၄ | ဆယ်မိုင်ကျေးရွာအုပ်စု | ၄ | ၅၆၀၀ | ၃၃၄၆ | ၂၂၅၄ | ၂၀၅၁ | ၂၀၃ | |
| ၁၅ | ချမ်းဖန်းကျေးရွာအုပ်စု | ၅ | ၅၂၀၀ | ၃၁၀၅ | ၂၀၉၅ | ၂၀၉၆ | | ၁ |
| ၁၆ | အော်ကြီးကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၀၉၀ | ၁၀၆၀ | ၈၂၃ | ၂၃၇ | |
| ၁၇ | စူငယ်ဘာလိုင်းကျေးရွာအုပ်စု | ၇ | ၈၀၅၀ | ၅၁၈၅ | ၂၈၆၅ | ၂၇၀၆ | ၁၅၉ | |
| ၁၈ | ဇာဒက်ကြီးကျွန်းကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၀၁၈ | ၂၈၂ | ၂၈၁ | ၁ | |
| ၁၉ | ခုနှစ်မိုင်/ ရွှေပြည်စိုး ကျေးရွာအုပ်စု | ၅ | ၆၉၅၀ | ၄၁၉၈ | ၂၇၅၂ | ၂၇၁၂ | ၄၀ | |
| ၂၀ | ဘန်းကချွန်ကျေးရွာအုပ်စု | ၃ | ၄၂၀၀ | ၂၄၀၀ | ၁၈၀၀ | ၁၇၇၉ | ၂၁ | |
| ၂၁ | မလိဝမ်းကျေးရွာအုပ်စု | ၃ | ၅၉၀၀ | ၂၉၁၀ | ၂၉၉၀ | ၂၆၆၃ | ၃၂၇ | |
| ၂၂ | ပရက်ဆိုင်(အောင်ချမ်းသာ) ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၄၈၈ | ၆၁၂ | ၄၆၂ | ၁၅၀ | |
| ၂၃ | ခိကဖွိုင်း(ဆိပ်ဖူး)ကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၇၇၃ | ၆၂၇ | ၆၂၇ | | |
| ၂၄ | မာရမ်းကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၅၄၅ | ၅၀၅ | ၅၀၅ | | |
| ၂၅ | ဖော့သုတ်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၁၃ | ၂၃၇ | ၂၃၉ | | ၂ |
| ၂၆ | နာလိချမ်း(အေးချမ်းသာ) ကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၀၀၃ | ၉၄၇ | ၇၄၈ | ၁၉၉ | |
| ၂၇ | လုံးဖောကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၂၃၅ | ၈၁၅ | ၆၉၉ | ၁၁၆ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၇၅ | ၁၁၀၉၅၀ | ၆၃၁၂၂ | ၄၇၈၂၈ | ၄၆၃၇၃ | ၁၄၉၃ | ၃၈ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၁၄၂၄ | ၁၄၂၄ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၆၃၈၇ | | ၆၃၈၇ | ၆၃၈၇ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၇၅ | ၁၁၈၇၆၁ | ၆၄၅၄၆ | ၅၄၂၁၅ | ၅၂၇၆၀ | ၁၄၉၃ | ၃၈ |

### ဘုတ်ပြင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်တွင် ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉ အုပ်စု၊ မဲရုံပေါင်း ၁၁၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၆၆၅၈၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၂၂၇၂၊ ကျန်ရှိရမည့် အရေအတွက်မှာ ၂၄၃၁၀ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၂၃၆၁၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှု များတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၆၅၆၀၀ | ၄၁၇၈၂ | ၂၃၈၁၈ | ၂၃၁၂၆ | ၁၀၈၀ | ၃၈၈ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၄၉၀ | ၄၉၀ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၉၂ | | ၄၉၂ | ၄၉၂ | | |
| | စုစုပေါင်း | ၆၆၅၈၂ | ၄၂၂၇၂ | ၂၄၃၁၀ | ၂၃၆၁၈ | ၁၀၈၀ | ၃၈၈ |

*စာမျက်နှာ ၁၂ သို့*

စာမျက်နှာ ၁၁ မှ



ကော့သောင်းမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



ဘုတ်ပြင်းမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

၉။ ဘုတ်ပြင်းမြို့နယ်၊ ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉ အုပ်စုရှိ မဲရုံ ၁၁၄ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၀၈၀ ပျောက်ဆုံးနေပြီး ၃၈၈ စောင် ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်ဆန္ဒမဲလက်မှတ်အရေအတွက် ၄၉၀ ကို အသုံးပြုထားပြီး လက်ကျန် ၄၉၂ စောင်အား မြို့နယ်လက်ကျန်အဖြစ် ထိန်းသိမ်းထားရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

၁၀။ ဘုတ်ပြင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ပြည်ကြီးမဏ္ဍိုင်ရပ်ကွက် | ၂ | ၁၂၅၀ | ၁၀၂၇ | ၂၂၃ | ၂၂၃ | | |
| ၂ | လေညှာ(အရှေ့)ရပ်ကွက် | ၂ | ၁၂၀၀ | ၉၄၁ | ၂၅၉ | ၂၅၉ | | |
| ၃ | လေညှာ(အနောက်)ရပ်ကွက် | ၁ | ၃၀၀ | ၂၃၀ | ၇၀ | ၇၀ | | |
| ၄ | ရွှေဘုံသာရပ်ကွက် | ၂ | ၁၅၀၀ | ၉၀၇ | ၅၉၃ | ၅၉၇ | | ၄ |
| ၅ | အောင်မင်္ဂလာရပ်ကွက် | ၃ | ၃၅၀၀ | ၂၄၃၀ | ၁၀၇၀ | ၁၀၇၈ | | ၈ |
| ၆ | ကရသူရိအမှတ်(၁)ရပ်ကွက် | ၂ | ၉၅၀ | ၂၀၇ | ၇၄၃ | ၁၀၁ | ၆၄၂ | |
| ၇ | ကရသူရိအမှတ်(၂)ရပ်ကွက် | ၁ | ၁၅၀ | ၁၀၈ | ၄၂ | ၄၂ | | |
| ၈ | ကရသူရိအမှတ်(၃)ရပ်ကွက် | ၁ | ၄၅၀ | ၃၁၄ | ၁၃၆ | ၁၃၆ | | |
| ၉ | ဘန်ဂလားကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၄၀၄ | ၁၀၄၆ | ၁၀၄၆ | | |
| ၁၀ | ချောင်းကဖက်ကျေးရွာအုပ်စု | ၂ | ၉၅၀ | ၇၂၀ | ၂၃၀ | ၂၃၀ | | |
| ၁၁ | ထောင်ရိုက်ကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၇၅ | ၇၅ | ၇၅ | | |
| ၁၂ | ထောင်ငါးသိုင်းကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၉၃၈ | ၅၆၂ | ၆၁၂ | | ၅၀ |
| ၁၃ | ကော့ဘွတ်ကျေးရွာအုပ်စု | ၁ | ၄၀၀ | ၃၂၀ | ၈၀ | ၇၈ | ၂ | |
| ၁၄ | မန်းရုံးကျေးရွာအုပ်စု | ၄ | ၃၀၀၀ | ၁၉၆၄ | ၁၀၃၆ | ၉၃၂ | ၁၀၄ | |
| ၁၅ | ရွှေဂဲညိုကျေးရွာအုပ်စု | ၇ | ၃၄၅၀ | ၂၂၀၁ | ၁၂၄၉ | ၁၂၃၀ | ၁၉ | |
| ၁၆ | ရေငံကြီးကျေးရွာအုပ်စု | ၅ | ၃၆၅၀ | ၂၁၆၇ | ၁၄၈၃ | ၁၄၈၃ | | |
| ၁၇ | စတိန်ကျေးရွာအုပ်စု | ၉ | ၃၁၅၀ | ၂၁၆၀ | ၉၉၀ | ၁၀၆၇ | | ၇၇ |
| ၁၈ | ထောင်စုံမဟက်ကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၂၉၅ | ၅၀၅ | ၄၈၂ | ၂၃ | |
| ၁၉ | အလယ်မန်ကျေးရွာအုပ်စု | ၁၁ | ၄၃၀၀ | ၂၉၆၆ | ၁၃၃၄ | ၁၅၃၄ | | ၂၀၀ |
| ၂၀ | အတွင်းဘုတ်ပြင်းကျေးရွာအုပ်စု | ၄ | ၂၃၅၀ | ၁၆၈၇ | ၆၆၃ | ၇၁၂ | | ၄၉ |
| ၂၁ | အုန်းတောကမ်းကျေးရွာအုပ်စု | ၂ | ၉၀၀ | ၆၄၀ | ၂၆၀ | ၂၆၀ | | |
| ၂၂ | ကမာချောင်းကျေးရွာအုပ်စု | ၃ | ၁၆၀၀ | ၁၁၁၀ | ၄၉၀ | ၄၉၀ | | |
| ၂၃ | ထောင်ခမက်ကျေးရွာအုပ်စု | ၁၀ | ၆၇၀၀ | ၃၇၉၇ | ၂၉၀၃ | ၂၈၅၃ | ၅၀ | |
| ၂၄ | နို့ငွါးကျေးရွာအုပ်စု | ၁၀ | ၅၉၅၀ | ၃၇၁၀ | ၂၂၄၀ | ၂၁၆၆ | ၇၄ | |
| ၂၅ | ကော့ဗမာကျေးရွာအုပ်စု | ၅ | ၂၀၅၀ | ၁၃၀၈ | ၇၄၂ | ၇၃၁ | ၁၁ | |
| ၂၆ | ဟန်ကပြုကျေးရွာအုပ်စု | ၅ | ၃၁၀၀ | ၁၆၅၂ | ၁၄၄၈ | ၁၃၄၈ | ၁၀၀ | |
| ၂၇ | မသေကျေးရွာအုပ်စု | ၁၄ | ၈၇၅၀ | ၅၄၀၄ | ၃၃၄၆ | ၃၂၉၁ | ၅၅ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၁၄ | ၆၅၆၀၀ | ၄၁၇၈၂ | ၂၃၈၁၈ | ၂၃၁၂၆ | ၁၀၈၀ | ၃၈၈ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၄၉၀ | ၄၉၀ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၄၉၂ | | ၄၉၂ | ၄၉၂ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၁၄ | ၆၆၅၈၂ | ၄၂၂၇၂ | ၂၄၃၁၀ | ၂၃၆၁၈ | ၁၀၈၀ | ၃၈၈ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်ပိုင်အဆောက်အအုံများအား မီးရှို့ခြင်း မီးပုလင်းများဖြင့် ပစ်ပေါက်ခြင်းတို့ ပြုလုပ်ခဲ့၍ အဆောက်အအုံအချို့ မီးလောင်ပျက်စီး

**နေပြည်တော် မေ ၇**

ဆူပူအကြမ်းဖက်သူများအနေဖြင့် တိုင်းဒေသကြီး အချို့ရှိ မြို့နယ်အချို့၌ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်ပိုင် အဆောက်အအုံများအား မီးရှို့ခြင်းနှင့် မီးပုလင်းများဖြင့် ပစ်ပေါက်ခြင်းတို့ ပြုလုပ်ခဲ့၍ အဆောက်အအုံအချို့ မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုသို့လုပ်ဆောင်ရာတွင် မေ ၆ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သမဝါယမတက္ကသိုလ်၊ ဥတ္တရ(နှစ်ထပ်) စာသင်ကျောင်း အပေါ်ထပ်၌ အကြမ်းဖက်သူ (စိစစ်ဆဲ)က ဓာတ်ဆီလောင်း၍ မီးရှို့ခဲ့မှုကြောင့် မီးလောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် စာသင်ခန်းအတွင်းရှိ အခန်း၏မျက်နှာကြက်နှင့် စာသင်ခုံအဟောင်း ခြောက်လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။



မုံရွာမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်အား အကြမ်းဖက်သူများက တာယာကွင်းများဖြင့် မီးရှို့ဖျက်ဆီးမှုကြောင့် မီးလောင်ပျက်စီးဆုံးရှုံးမှုကို တွေ့ရစဉ်။

အလားတူ ည ၇ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ "မြန်မာ့စီးပွားရေး"ဘဏ်ကို အကြမ်းဖက်သူ အမျိုးသားနှစ်ဦး (စိစစ်ဆဲ) စီးနင်းလာသည့် ဆိုင်ကယ်တစ်စီးမှ မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သူများ ပစ်ပေါက်ခဲ့သော မီးပုလင်းမှာ ဘဏ်၏အရှေ့ဘက် နားနေဆောင်ဘေးရှိ ပန်းချုံအနီးတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

ထို့အတူ ယနေ့ နံနက် ၂ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတောင်ရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်ကို အကြမ်းဖက်သူ လူအုပ်စု(စိစစ်ဆဲ)က ဘဏ်၏အရှေ့ဝင်ပေါက်နှင့် အနောက်ဝင်ပေါက် သံတံခါးများအနီးတွင် တာယာကွင်းများအသုံးပြုကာ မီးရှို့ဖျက်ဆီးခဲ့၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဘဏ်၏အနောက်ဝင်ပေါက် သစ်သားတံခါး နှစ်ချပ်နှင့် ဝိုင်ယာကြိုး အနည်းငယ် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ် ကိုဗစ်–၁၉ စည်းမျဉ်းဖောက်ဖျက်ခဲ့သည့်အတွက် ဒဏ်ရိုက်ခံရ



မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ကို တွေ့ရစဉ်။

ကွာလာလမ်ပူ မေ ၇

**မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇက်သည် စားသောက်ဆိုင်တစ်ဆိုင်တွင် ကိုဗစ်–၁၉ စည်းမျဉ်း စည်းကမ်းများကို ဖောက်ဖျက်ခဲ့သည့်အတွက် ဒဏ်ရိုက်ခံခဲ့ရကြောင်း သိရသည်။**

စားသောက်ဆိုင်၌ အမည်စာရင်းပေးရန် ပျက်ကွက်ခြင်း (သို့) အပူချိန်တိုင်းရန် ပျက်ကွက်ခြင်းကြောင့် ၎င်းကို ရင်းဂစ် ၃၀၀၀ (အမေရိကန်ဒေါ်လာ ၇၃၀) ဒဏ်ရိုက်လိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

မတ်လက ဝန်ကြီးချုပ်ဟောင်းသည် ကြက်ထမင်းရောင်းချသော ကွာလာလမ်ပူစားသောက်ဆိုင်တစ်ဆိုင်တွင် ကိုဗစ်–၁၉ စည်းမျဉ်းများကို မထီမဲ့မြင်ပြုလုပ်သည့် ပုံတစ်ပုံ လူမှုမီဒီယာပေါ်တွင် တွေ့လိုက်ရပြီးနောက် ယခုလို ဒဏ်ရိုက်လိုက်ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်းသည် စားသောက်ဆိုင်၌ ဖြစ်ပွားခဲ့သည့် အသေးအဖွဲ့အပြစ်လေးကို လျင်မြန်စွာဝန်ခံခဲ့ကြောင်း သိရသည်။

မေ ၆ ရက်နှောင်းပိုင်းက ပြစ်ဒဏ်ကို ကြေညာခဲ့ပြီးနောက် နာဂျစ်က မိမိနှင့် လမ်းပေါ်ရှိ လူတစ်ဦးကို ရဲများကစစ်ဆေးပြီး ဒဏ်ရိုက်ခဲ့ခြင်းဖြစ်ကြောင်း ဖေ့ဘွတ်ခ်ပေါ်တွင် ရေးသားခဲ့သည်။

အကယ်၍ အစိုးရဝန်ကြီးများအနေဖြင့် စည်းမျဉ်းများကို ဖောက်ဖျက်ခဲ့ပါက အခုလိုမျိုးဖြစ်လာမည်လားဆိုသည်ကို မိမိမသိကြောင်း နာဂျစ်က ပြောသည်။ ဝန်ကြီးချုပ်ဟောင်း နာဂျစ် စည်းမျဉ်းဖောက်ဖျက်ခဲ့သဖြင့် စားသောက်ဆိုင်ပိုင်ရှင်ကိုလည်း မလေးရှား ရင်းဂစ် ၁၀၀၀၀ ဒဏ်ရိုက်လိုက်ကြောင်း သိရသည်။


**အေအက်ဖ်ပီ**

# အိန္ဒိယနိုင်ငံတွင် တစ်ပတ်အတွင်း ကိုဗစ်-၁၉ လူနာသစ် ၁ ဒသမ ၅၇ သန်း ရောက်ရှိလာ

**ဘင်္ဂလူရူ မေ ၇**

သယ်ယူပို့ဆောင်ရေး ဆိုင်ရာ ပြဿနာများနှင့် ထောက်ပံ့မှုမရှိသောကြောင့် အိန္ဒိယနိုင်ငံ၏ ကာကွယ်ဆေးထိုးနှုန်း ထိတ်လန့်စရာကောင်းအောင် ရုတ်တရက်ကျဆင်းလာချိန်တွင် တစ်ဖက်ကလည်းအိန္ဒိယနိုင်ငံ၌ မေ ၇ ရက်က ကိုဗစ်–၁၉ ကပ်ရောဂါ မှတ်တမ်းတင်ပမာဏအထိ ကူးစက်ပျံ့နှံ့မှုဖြစ်ပွားပြီးနောက် တစ်ပတ်အတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁ ဒသမ ၅၇ သန်းအထိ ရောက်ရှိလာသည်။

အိန္ဒိယနိုင်ငံ၏ အသေအပျောက်များသော ဒုတိယအကြိမ် ကိုဗစ်မှာ မလျော့သောနှုန်းဖြင့် ဆက်လက်ကူးစက်ဖြစ်ပွားလျက်ရှိရာ ယခုအခါ နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ကူးစက် ဖြစ်ပွားသူပေါင်းမှာ ၂၁ ဒသမ ၄၉ သန်း ကျော်လွန်လာပြီဖြစ်သည်။



အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတရာပရာဒေ့ရှ်ပြည်နယ်၊ ဂါမူတက်စ်ဝါဒေသ၌ ဆွေမျိုးတစ်ဦး သေဆုံးခဲ့သည့်အတွက် စိတ်မကောင်းဖြစ်နေသူတစ်ဦးကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံတွင် မေ ၇ ရက်က လူဦးရေ ၄၁၄၁၈၈ ဦးအထိ ကိုဗစ်–၁၉ စံချိန်တင်ကူးစက်ဖြစ်ပွားပြီး သေဆုံးသူ ၃၉၁၅ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူပေါင်းမှာ ၂၃၄၀၈၃ ဦးရှိလာခဲ့သည်။

အိန္ဒိယနိုင်ငံ၏ တကယ့် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွား သေဆုံးနှုန်းမှာ တရားဝင်ဖော်ပြမှုထက် ငါးဆမှ ဆယ်ဆအထိ များနိုင်ကြောင်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက ပြောသည်။

ကိုဗစ်–၁၉ ဒုတိယအကြိမ်ကို လျင်မြန်စွာ မထိန်းချုပ်နိုင်ခဲ့သည့်အတွက် ဝန်ကြီးချုပ် နာရိန်ဒရာမိုဒီကို ကျယ်ကျယ်ပြန့်ပြန့်ဝေဖန်လျက်ရှိသည်။

**စီအင်န်အေ**

## ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၇ ဦးတိုးလာ

**ဟနွိုင်း မေ ၇**

ဗီယက်နမ်နိုင်ငံတွင် မေ ၇ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၇ ဦးတိုးလာကြောင်းမှတ်တမ်းတင်ဖော်ပြခဲ့ရာ ၄၁ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး ခြောက်ဦးမှာ ပြည်ပကူးစက်မှုဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်–၁၉ စုစုပေါင်းကူးစက်ဖြစ်ပွားသူပေါင်း ၃၁၃၇ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြလိုက်သည်။

ဗီယက်နမ်မြို့တော် ဟနွိုင်းတွင် အစုလိုက်ကူးစက်ဖြစ်ပွားသူ ၂၄ ဦး၊ အလယ်ပိုင်း ဒါနန်မြို့တွင် ငါးဦး၊ မြောက်ပိုင်း ဟွန်းယန်ပြည်နယ်တွင် လေးဦးနှင့် တခြားကူးစက်မှုများဖြစ်သည်။

ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူအများစုမှာ ယခင်ကိုဗစ်–၁၉ အတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများ သို့မဟုတ် ဆက်စပ်မှုရှိသူများဖြစ်သည်။

မေ ၇ ရက်က ကိုဗစ်–၁၉ ကင်းစင်သွားသူ ၂၅၆၀ ရှိလာကြောင်း ဖော်ပြမှုနှင့်အတူ ကိုဗစ်–၁၉ သံသယရှိသူ ၄၂၃၀၀ ကို သီးသန့်ခွဲခြားစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံ၏ ကိုဗစ်–၁၉ အရေးပေါ်အခြေအနေတွင် နောက်ထပ် ခရိုင်နှစ်ခုကို ထပ်ထည့်

**တိုကျို မေ ၇**

ဂျပန်ဝန်ကြီးချုပ်သည် ကိုဗစ်–၁၉ အရေးပေါ်ကြေညာချက်ကို အိုလံပစ်ပြိုင်ပွဲမစတင်မီအထိ ထပ်မံတိုးမြှင့်လိုက်သည်။

တိုကျို၊ အိုဆာကာနှင့် တခြားခရိုင် လေးခုတို့သည် ကိုဗစ်–၁၉ မျိုးစိတ်သစ်ကူးစက်ပြန့်ပွားမှုကို တားဆီးရန်နှင့် ဆေးရုံများ၏ ဝန်ပိမှုကို လျှော့ချရန် ကိုဗစ်–၁၉ တားဆီးကာကွယ်ရေးဆောင်ရွက်ချက်များကို ဆောင်ရွက်မည်ဖြစ်သည်။

ဝန်ကြီးချုပ် ဆူဂါ ယိုရှိဟီဒဲက အိုဆာကာတွင် ဆေးရုံခုတင်များနှင့် ပတ်သက်ပြီး အခြေအနေကောင်းအောင်လုပ်ဆောင်ရန် အချိန်ပိုမိုလိုအပ်ကြောင်း၊ ပိုမိုကူးစက်နိုင်သည့် ဗီဇပြောင်းကိုဗစ်–၁၉ မျိုးစိတ်သစ်သည် ဆက်လက်ပျံ့နှံ့လျက်ရှိကြောင်း ပြောကြားလိုက်သည်။

အရေးပေါ်အခြေအနေကြေညာမှုတွင် နောက်ထပ် ခရိုင်နှစ်ခုဖြစ်သည့် အိုင်ချီနှင့် ဖူကူအိုမာတို့ကို ထပ်မံပေါင်းထည့်လိုက်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ထိုင်းနိုင်ငံတွင် သက်ကြီးရွယ်အိုများကို တရုတ်ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး

**ဘန်ကောက် မေ ၇**

ထိုင်းနိုင်ငံတွင် အသက် ၆၀နှင့် အထက် သက်ကြီးရွယ်အိုများကို တရုတ်နိုင်ငံ ဆီနိုဗက်ဇီဝဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်လိုက်သော ကိုဗစ်–၁၉ ကာကွယ်ဆေးကို စတင်ထိုးနှံပေးတော့မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး အနူတင်ချန်ဗီရာကူးလ်က မေ ၇ ရက်က ပြောကြားလိုက်သည်။

အမျိုးသားကူးစက်ရောဂါ ကော်မတီက တရုတ် ကိုဗစ်–၁၉ ကာကွယ်ဆေးကို အသက် ၆၀ ကျော် အရွယ်များတွင် ထိုးပေးရန် အတည်ပြုခဲ့ပြီးနောက်အနူတင်က သတင်းစာရှင်းလင်းပွဲတွင် ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ယခုလအတွင်း အစိုးရသည် ကိုဗစ်–၁၉ ကာကွယ်ဆေး ၂ ဒသမ ၅ သန်း ထိုးပေးရန် စီစဉ်ထားကြောင်း အနူတင်က ပြောကြားလိုက်သည်။ ထို့အပြင် မြို့တော် ဘန်ကောက်တွင် ကာကွယ်ဆေးထိုးနေရာပေါင်း ၈၂ ခုနှင့် တခြားပြည်နယ်များတွင် ကာကွယ်ဆေးထိုးနေရာပေါင်း ၃၀၀ နီးပါးကို ကြိုတင်ပြင်ဆင်ခဲ့သည်။



ထိုင်းနိုင်ငံ စမွတ်စခွန်ပြည်နယ်တွင် အမျိုးသမီးတစ်ဦး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

ကိုဗစ်–၁၉ စတင်ကူးစက်ဖြစ်ပွားချိန်က တည်းမှစကာ ပြင်းထန်ကိုဗစ်–၁၉ လူနာများ များပြားလာပြီးနောက် ဒုတိယဝန်ကြီးချုပ်က ယခုလို ပြောကြားလိုက်ခြင်း ဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံသည် ၎င်း၏ တစ်နိုင်ငံလုံးအဆင့် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးခြင်း အစီအစဉ်ကို ဖေဖော်ဝါရီလက စတင်ခဲ့ပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ယခုနှစ်မကုန်မီအတွင်း ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

**ဆင်ဟွာ**

# အီရန်နိုင်ငံဘက်မှသာ နိုင်ငံရေးအရဆုံးဖြတ်ချက်ချခဲ့လျှင် နျူကလီးယားစာချုပ်မှာဖြစ်နိုင်သည်ဟုအမေရိကန်အရာရှိပြော

ဝါရှင်တန် မေ ၇

**အီရန်နိုင်ငံဘက်မှသာ နိုင်ငံရေးအရဆုံးဖြတ်ချက်ချခဲ့လျှင် အမေရိကန်နှင့် အီရန်တို့သည် လာမည့် သီတင်းပတ်များအတွင်း အီရန်နျူကလီးယားသဘောတူစာချုပ်အတိုင်း ပြန်သွားနိုင်ရေး သဘောတူညီမှု ရရှိနိုင်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိတစ်ဦးက မေ ၆ ရက်တွင် ပြောသည်။**

ဗီယင်နာမြို့တွင် အမေရိကန်နှင့် အီရန်တို့၏ သွယ်ဝိုက်သော ဆွေးနွေးပွဲများ သုံးကြိမ်ပြုလုပ်ခဲ့ပြီး နျူကလီးယားသဘောတူစာချုပ် ဆက်လက်ရှင်သန်နိုင်ရေးအတွက် မည်သည့်သဘောတူညီချက်မှ မရသေးကြောင်း သိရသည်။ ဘက်စုံပူးတွဲလုပ်ဆောင်မှု အစီအစဉ်ဟု အမည်ပေးထားသည့် နျူကလီးယား သဘောတူညီမှု ပြန်လည်ရှင်သန်ရေးအတွက် အီရန်ဘက်ကသာ နိုင်ငံရေးဆုံးဖြတ်ချက်ချလိုက်နိုင်ပါက လျှင်လျှင်မြန်မြန် အကောင်အထည်ဖော်နိုင်မည်ဟု အရာရှိတစ်ဦးက ပြောသည်။

သို့သော်လည်း အီရန်ဘက်မှ ဆုံးဖြတ်ချက်ချမချကိုမူ မသိနိုင်သေးဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ နျူကလီးယားလုပ်ဆောင်မှုများ၊ စီးပွားရေးပိတ်ဆို့မှုများအပေါ် သဘောတူညီမှုများ ရရှိအောင် လုပ်ဆောင်စရာများ ကျန်ရှိနေဆဲဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

အီရန်ဘက်မှသာ ဆုံးဖြတ်ချက်ချခဲ့လျှင် အမေရိကန်နှင့် အီရန်တို့အတွက် လာမည့်သီတင်းပတ်အနည်းငယ်အတွင်း နှစ်ဦးနှစ်ဖက် သဘောတူညီနိုင်မည့် အခြေအနေကို ရောက်ရှိနိုင်သည်ဟု အဆိုပါ အရာရှိက ပြောသည်။ အမေရိကန်ဘက်မှ စေ့စပ်ညှိနှိုင်းသူများသည် ဗီယင်နာမြို့သို့ ယခုသီတင်းပတ်အတွင်း သွားရောက်ပြီး အီရန်နှင့်နောက်တစ်ကြိမ် ဆွေးနွေးသွားမည်ဟု သိရသည်။ **ဆင်ဟွာ**



အီရန်ဒုတိယ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ နျူကလီးယားအရေးဆွေးနွေးရန် ဧပြီ ၆ ရက်က ဗီယင်နာမြို့သို့ လာရောက်ကြစဉ်။

# အိန္ဒိယမှ လာရောက်မည့်ခရီးသည်များကို ပိတ်ပင်ထားမှုအား မေ ၁၅ ရက်တွင် အဆုံးသတ်မည်ဟု ဩစတြေးလျဝန်ကြီးချုပ်ပြောကြား

**ကင်ဘာရာ မေ ၇**

အိန္ဒိယမှ လာရောက်မည့် ခရီးသည်များအပေါ် ပိတ်ပင်ထားမှုကို မေ ၁၅ ရက်တွင် အဆုံးသတ်မည်ဟု ဩစတြေးလျဝန်ကြီးချုပ် စကော့မောရစ်ဆင်က မေ ၇ ရက်တွင်အတည်ပြု ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံတွင် သောင်တင်နေသည့် ထောင်နှင့်ချီသော ဩစတြေးလျ နိုင်ငံသားများအတွက် အိမ်ပြန်လာနိုင်ရေး လမ်းဖွင့်ပေးလိုက်ခြင်းပင် ဖြစ်သည်။

အဆိုပါ အငြင်းပွားဖွယ် ခရီးသွားလာမှု ပိတ်ပင်မှုမှာ အိန္ဒိယနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှုများ အဆမတန်ဖြစ်ပွားနေသည့်အတွက် ချမှတ်ခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံတွင် ရောက်ရှိခဲ့ပြီး ၁၄ ရက်အတွင်း ဩစတြေးလျနိုင်ငံသို့ ဝင်ရောက်ရန် ကြိုးပမ်းလျှင် ရာဇဝတ်မှုအထိ သတ်မှတ်သည့် ခရီးသွားပိတ်ပင်မှုကို ပြုလုပ်ခဲ့သည်။



ဩစတြေးလျဝန်ကြီးချုပ် စကော့မောရစ်ဆင်

မေ ၁၅ ရက် နောက်ပိုင်းတွင် နောက်ထပ်အချိန်တိုးချဲ့ရန် မလိုအပ်တော့ဟု အမျိုးသားလုံခြုံရေးကော်မတီအဖွဲ့ အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်ဟု မောရစ်ဆင်က ပြောသည်။ ဩစတြေးလျနိုင်ငံသား ၉၀၀၀ မှာ အိန္ဒိယနိုင်ငံတွင် သောင်တင်နေပြီး ၎င်းတို့မှာ နေရပ်ပြန်လာလိုကြသည်။ ကယ်ဆယ်ရေးလေယာဉ်တွင်ပိုမိုထိခိုက်လွယ်သည့်လူများကို ဦးစားပေးကာ ပြန်လည်ခေါ်ဆောင်သွားမည်ဟု သိရသည်။

ဆင်ဟွာ

## တစ်ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်မှု အရှိန်မြှင့်တင်ရန် အီတလီဝန်ကြီးချုပ်တိုက်တွန်း

**ရောမ မေ ၇**

တိုင်းပြည်အတွင်း ကိုဗစ် – ၁၉ မှာ ဆက်လက်ရှိနေဆဲ ဖြစ်သည့်အတွက် လုံခြုံစိတ်ချရသည့် ကိုဗစ် – ၁၉ ကာကွယ်ဆေး ထုတ်လုပ်မှုအရှိန်တိုးမြှင့်ကြရန် အီတလီဝန်ကြီးချုပ် မာရီယိုဒရာဂီက ပြောကြားခဲ့သည်။ ယခုအခါ ကာကွယ်ဆေးမှာ တစ်ကမ္ဘာလုံး လိုအပ်နေသည့် ကုန်ပစ္စည်းဖြစ်နေကြောင်း အီတလီဝန်ကြီးချုပ်က ပြောသည်။

မေ ၆ ရက်အထိ အီတလီနိုင်ငံတွင် လူပေါင်း ၂၂ ဒသမ၃ သန်းအား ကိုဗစ် –၁၉ ကာကွယ်ဆေး ထိုးပေးပြီးဖြစ်သည်။ လူပေါင်း ၆ ဒသမ၇ သန်းကို ကာကွယ်ဆေး နှစ်ကြိမ်ထိုးပေးပြီးဖြစ်သည်။ ဆေးထုတ်လုပ်သည့် ကုမ္ပဏီများ၏ ဆေးဖြန့်ဝေမှု နှောင့်နှေးမှုနှင့် ကာကွယ်ဆေးထိုးပေးရာတွင် အချိန်နှောင့်နှေးမှုများ အပြီးတွင်မူ ကာကွယ်ဆေးထိုးပေးရေးလုပ်ငန်းတွင် တိုးတက်သည့် အခြေအနေများ တွေ့လာရသည်ဟု ကိုဗစ်–၁၉ ဆိုင်ရာအရေးပေါ် မဟာမင်းကြီး ဖရန်စစ္စကို ဖက်ဂလီယိုလိုက ပြောသည်။

မေ ၁၀ရက်မှ စတင်ကာ အသက် ၅၀ လူများအတွက် ကာကွယ်ဆေးထိုးပေးနိုင်တော့မည်ဟု ၎င်းက ကြေညာခဲ့သည်။ မေ၅ ရက်က အီတလီနိုင်ငံတွင် နောက်ထပ် ကိုဗစ်–၁၉ ကူးစက်ခံရသူ ၁၁၈၀၇ ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာန ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ သေဆုံးသူမှာလည်း ၂၅၈ ဦးထပ်တိုးခဲ့သည်ဟု သိရသည်။ အီတလီနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ခံရသူ၊ သေဆုံးသူနှင့် ပြန်လည်ကျန်းမာလာသူများကို ထည့်သွင်းတွက်ချက်လျှင် ကိုဗစ်–၁၉ ကူးစက်ခံရသူ ၄ သန်းကျော်ရှိသည်ဟု မှတ်တမ်းတင်ထားသည်။

ဆင်ဟွာ

## ဘဂ္ဂဒက်မြို့အနီးတွင် အိုင်အက်စ် ဒေသခံအဖွဲ့ ခေါင်းဆောင်သုံးဦး အသတ်ခံရ

ဘဂ္ဂဒတ် မေ ၇

အီရတ်နိုင်ငံ၏ အကြမ်းဖက်တန်ပြန်တိုက်စစ်ဆင်ရေး ကွန်မန်ဒိုအဖွဲ့က အိုင်အက်စ် အကြမ်းဖက်အဖွဲ့မှ ဒေသခံခေါင်းဆောင်သုံးဦးကို ဘဂ္ဂဒတ်မြို့အနီးတွင် သုတ်သင်ရှင်းလင်းနိုင်ခဲ့သည်ဟု အီရတ်တပ်ဖွဲ့က မေ ၆ ရက်တွင် ပြောသည်။

အကြမ်းဖက်တန်ပြန်တိုက်စစ်ဆင်ရေး ကွန်မန်ဒိုအဖွဲ့က အယ်ရက်ဝါနီရာ ဒေသအိုင်အက်စ်တို့ ပုန်းအောင်းနေရာဒေသတွင် တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အီရတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ယင်းတိုက်ခိုက်မှုအတွင်း အိုင်အက်စ်တို့ဘက်မှ ဒေသခံခေါင်းဆောင်သုံးဦးကို ရှင်းလင်းနိုင်ခဲ့သည်ဟု သိရသည်။ ဇန်နဝါရီ ၂၁ရက်က ဖြစ်ပွားခဲ့သော အသေခံဗုံးခွဲမှုတွင် ယခုအသတ်ခံလိုက်ရသည့် အိုင်အက်စ်ခေါင်းဆောင်သုံးဦးမှာ အားပေးကူညီခဲ့သည်။ အဆိုပါ ပေါက်ကွဲမှုကြောင့် ၃၂ ဦး သေဆုံးခဲ့ပြီး ၁၁၆ ဦးဒဏ်ရာ ရရှိခဲ့သည်ဟု သိရသည်။


**ဆင်ဟွာ**

# ဘရော့ဒ်ဝေးကဇာတ်ရုံများကို စက်တင်ဘာလအတွင်းပြန်လည်ဖွင့်လှစ်မည်

နယူးယောက် မေ ၇

ဘရော့ဒ်ဝေး ကဇာတ်ရုံများကို ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် ၁၈ လနီးပါးကြာ ပိတ်ထားရပြီးနောက် စက်တင်ဘာလအတွင်း ပြန်လည် ဖွင့်လှစ်သွားမည်ဟု နယူးယောက် အုပ်ချုပ်ရေးမှူး အန်ဒရူးကူမိုက ကြေညာခဲ့သည်။

ဘရော့ဒ်ဝေး ကဇာတ်ရုံများမှာ နယူးယောက်မြို့တွင် ခရီးသွားများကို ဆွဲဆောင်နိုင်သည့်နေရာတစ်ခုလည်းဖြစ်သည်။ သို့သော်လည်း ကိုဗစ် – ၁၉ကပ် ရောဂါကူးစက်မှုများကြောင့် ဘရော့ဒ်ဝေးတွင် ပြသမည့် တင်ဆက်မှုများကို ပြီးခဲ့သည့်နှစ် မတ်လကတည်းက ရပ်ဆိုင်းခဲ့ရသည်။




ဘရော့ဒ်ဝေး ကဇာတ်ရုံလက်မှတ်များကို ၁၀၀ ရာခိုင်နှုန်း အပြည့်ပြန်လည် ရောင်းချသွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၄ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ပြီဟု နယူးယောက် အုပ်ချုပ်ရေးမှူးက ပြောသည်။

လုပ်ငန်းအဖွဲ့၏ ပြောကြားချက်အရ ဘရော့ဒ်ဝေးသည် ပြဇာတ်ရုံပေါင်း ၄၀ တည်ရှိရာနေရာဖြစ်ပြီး ကိုဗစ် -၁၉ ကပ်ရောဂါမဖြစ်ပွားခင်က ယင်းနေရာသို့နေ့စဉ် လူပေါင်းတစ်သန်း၏ လေးပုံလျှင် တစ်ပုံလာရောက်လည်ပတ်သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၁ ဦး တွေ့ရှိ

## COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၂၉၃၄ ဦးရှိ

### (၇–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၆–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၉၅၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၈၇,၅၀၁) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၉၃၄) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၀၀၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

### ၇-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၃၇၀၁၃၀ | ၂၆၁၀၅၄၇၅ | ၅၉၄၀၁၉ |
| ၂။ | အိန္ဒိယ | ၂၁၄၉၁၅၉၈ | ၁၇၆၁၂၃၅၁ | ၂၃၄၀၈၃ |
| ၃။ | ဘရာဇီး | ၁၅၀၀၉၀၂၃ | ၁၃၅၉၁၃၃၅ | ၄၁၇၁၇၆ |
| ၄။ | ပြင်သစ် | ၅၇၂၈၀၉၀ | ၄၇၈၆၇၅၄ | ၁၀၅၈၅၀ |
| ၅။ | တူရကီ | ၄၉၇၇၉၈၂ | ၄၆၂၆၇၉၉ | ၄၂၁၈၇ |
| ၆။ | ရုရှား | ၄၈၆၃၅၁၄ | ၄၄၈၀၃၆၀ | ၁၁၂၆၂၂ |
| ၇။ | ဗြိတိန် | ၄၄၂၈၅၅၃ | ၄၂၄၀၄၇၅ | ၁၂၇၅၈၃ |
| ၈။ | အီတလီ | ၄၀၈၂၁၉၈ | ၃၅၅၇၁၃၃ | ၁၂၂၂၆၃ |
| ၉။ | စပိန် | ၃၅၅၉၂၂၂ | ၃၂၃၉၃၈၂ | ၇၈၇၂၆ |
| ၁၀။ | ဂျာမနီ | ၃၄၈၆၄၆၂ | ၃၁၂၈၈၀၀ | ၈၄၈၁၁ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၇ – ၅ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၀၃၆၃၂ | ၁၅၅၈၄၂၃ | ၄၆၆၆၃ |
| ဖိလစ်ပိုင် | ၁၀၈၇၈၈၅ | ၁၀၀၃၁၆၀ | ၁၈၀၉၉ |
| မလေးရှား | ၄၃၂၄၂၅ | ၃၉၆၀၀၄ | ၁၆၃၂ |
| မြန်မာ | ၁၄၂၉၃၄ | ၁၃၂၀၀၄ | ၃၂၁၀ |
| ထိုင်း | ၇၈၈၅၅ | ၄၉၁၇၂ | ၃၆၃ |
| စင်ကာပူ | ၆၁၃၁၁ | ၆၀၈၇၃ | ၃၁ |
| ကမ္ဘောဒီးယား | ၁၈၁၇၉ | ၆၈၈၄ | ၁၁၄ |
| ဗီယက်နမ် | ၃၁၃၇ | ၂၅၆၀ | ၃၅ |
| လာအို | ၁၂၀၅ | ၁၂၂ | ၀ |
| ဘရူနိုင်း | ၂၂၉ | ၂၁၈ | ၃ |

### လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ် မရှိသူများအား ဆောင်ရွက်ပေးခြင်း (ပန်းခင်းစီမံချက်)

- ❖ မြို့နယ်လဝကရုံးများရှိ ရုံးလက်ခံအိမ်ထောင်စုစာရင်းများမှ (၃-၁၁-၂၀၂၂) ရက်တွင် အသက် (၁၈) နှစ် ပြည့်လာမည့်သူများနှင့် အသက်(၁၈) နှစ်ပြည့်ပြီးသူများအနက် မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ထားခြင်းမရှိသူ တစ်ဦးချင်း အမည်စာရင်းကို ရပ်ကွက်/ကျေးရွာအလိုက် ကောက်ယူစာရင်းပြုစုခြင်း၊
- ❖ ပြုစုထားရှိသည့် အမည်စာရင်းနှင့် ရွှေ့ပြောင်းလျှောက်လွှာပုံစံများအား သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးမှူးများထံပေးပို့၍ အမှန်တကယ်နေထိုင်မှုရှိ/မရှိ၊ လူကျန်ခြင်း ရှိ/မရှိ စိစစ်ဖြည့်စွက်ပြီး ရွှေ့ပြောင်းလျှောက်လွှာများအား မြို့နယ်လဝကရုံးများသို့ ပြန်ကြားခြင်း၊
- ❖ မြို့နယ်လဝကရုံးများ၏ တစ်နေ့တာဆောင်ရွက်ပေးနိုင်မည့်ဦးရေနှင့် အမည်စာရင်းကို (၃)ရက် ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးများ ထံပေးပို့ထားပြီး ယူဆောင်လာရမည့် စာရွက်စာတမ်းနှင့် လိုအပ်ချက်များကို စာဖြင့် အကြောင်းကြားခြင်း၊
- ❖ မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့ တိုက်ရိုက်ထုတ်ပေးခြင်း၊
- ❖ ဥပဒေအရနိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရေးကို လိုအပ်သည့် အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း၊
- ❖ ရုံးလက်ခံ အိမ်ထောင်စုစာရင်းနှင့် ကာယကံရှင်လက်ဝယ်ရှိ အိမ်ထောင်စုစာရင်းများတွင် ရေးသွင်းခြင်း၊

### ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း ရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း (ပန်းခင်းစီမံချက်)

- ❖ အကြောင်းအမျိုးမျိုးကြောင့် ပုံစံ (၁၀) မပါရှိဘဲ ရွှေ့ပြောင်းအခြေချနေထိုင်သူများအား ရပ်ကွက်/ ကျေးရွာအလိုက် စာရင်းကောက်ယူပြီး မူလဒေသရှိ မြို့နယ်ရုံးများနှင့် ဆက်သွယ်မေးမြန်းစိစစ်ခြင်း၊ မှန်ကန်သော အိမ်ထောင်စုများအား မူလမြို့နယ်စာရင်းမှလျှော့ခြင်းနှင့် ပြောင်းရွှေ့ပုံစံ (၁၀) ထုတ်ပေး ခြင်း၊ မိမိမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်း၊
- ❖ အိမ်ထောင်စုလူဦးရေစာရင်းတရားဝင်ပြောင်းရွှေ့ရောက်ရှိပြီးမှ လက်ရှိဒေသတွင် ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ဆောင်ရွက်ပေးခြင်း၊
- ❖ မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့တိုက်ရိုက်ထုတ်ပေး ခြင်း၊
- ❖ အိမ်ထောင်စုလူဦးရေစာရင်းအား လက်ရှိဒေသသို့ မပြောင်းရွှေ့လိုသူများအတွက် လူကိုယ်တိုင် အိမ်ထောင်စုလူဦးရေစာရင်းရှိရာမူလဒေသသို့သွားရောက်၍ ကိုင်ဆောင်သင့်သည့်ကတ်ပြား တစ်မျိုးမျိုးရရှိရေး ဆောင်ရွက်ခြင်း၊
- ❖ ဥပဒေအရနိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရေးကို လိုအပ်သည့်အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း၊

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၇**

ထူးခြားသည့်နေ့အပူချိန်များမှာ မင်းဘူးမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်နှင့်ချောက်မြို့၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့နှင့် တောင်ငူမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်လေဆိပ် (ဧလာ) တွင် ၅ ဒသမ ၇၁ လက်မ၊ လယ်ဝေးမြို့တွင် ၄ ဒသမ ၅၃ လက်မ၊ ပျဉ်းမနားမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ နေပြည်တော်(ဇမ္ဗူသီရိမြို့နယ်) တွင် ၃ ဒသမ ၄၆ လက်မ၊ နေပြည်တော် (ဒက္ခိဏသီရိမြို့နယ်)တွင် ၃ ဒသမ ၃၉ လက်မ၊ ပင်လောင်းမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ နေပြည်တော် (ဥတ္တရသီရိမြို့နယ်)တွင် ၃ ဒသမ ၀၃ လက်မ၊ နေပြည်တော် (ပုဗ္ဗသီရိမြို့နယ်)တွင် ၂ ဒသမ ၇၆ လက်မ၊ မြစ်ဆုံတွင် ၂ ဒသမ ၅၂ လက်မ၊ နေပြည်တော် (ဇေယျာသီရိမြို့နယ်)တွင် ၂ ဒသမ ၃၇ လက်မနှင့် ဟဲဟိုးမြို့တွင် ၂ ဒသမ ၂၈လက်မတို့ဖြစ်ကြသည်။


မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က Video Conferencing ဖြင့် အပတ်စဉ် သတင်းစာရှင်းလင်းပွဲပြုလုပ်

နေပြည်တော် မေ ၇

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အပတ်စဉ် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် Video Conferencing ဖြင့် ပြုလုပ်ပြီး သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။**

ဦးစွာ သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဗိုလ်မှူး ကောင်းထက်စံက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ပြည်သူများ၏ သတင်းသိပိုင်ခွင့်ကို ပိုမိုဖြည့်ဆည်းနိုင်ရေး၊ သတင်းစီးဆင်းမှု ပိုမိုမြန်ဆန်စေရေးနှင့် သတင်းမှန်များ ပိုမိုရရှိစေရေး စသည့်ရည်ရွယ်ချက်များနှင့် အပတ်စဉ် သတင်းစာရှင်းလင်းပွဲများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို ခိုင်ခိုင်မာမာ အာမခံသည့်အနေဖြင့် **သတင်းမီဒီယာများကို စတုတ္ထမဏ္ဍိုင်အဖြစ် အသိအမှတ်ပြုထားသည့်အတွက် သတင်းမီဒီယာများအနေဖြင့် စတုတ္ထမဏ္ဍိုင်ပီသစွာ နိုင်ငံတော်တည်ဆောက်ရေးတွင် အပြုသဘောဆောင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လိုကြောင်း** ပြောကြားသည်။




သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဗိုလ်မှူး ကောင်းထက်စံ ရှင်းလင်းပြောကြားစဉ်။

## ပညာရေးကဏ္ဍ

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကဏ္ဍဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ပြောကြားရာတွင် ပြီးခဲ့သည့် ပညာသင်နှစ်တွင် ကိုဗစ်ကပ်ရောဂါကြောင့် မိမိတို့နိုင်ငံ၏ စာသင်ကျောင်းများ ပိတ်ထားခဲ့ရသည့်အတွက် ကျောင်းသားများအနေဖြင့် ပညာရေးဆိုင်ရာ နစ်နာမှုများရှိခဲ့ကြောင်း၊ ယခုနှစ် မေ ၅ ရက်မှစ၍ ကိုဗစ်ကာကွယ်ရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ တက္ကသိုလ်၊ ကောလိပ်၊သိပ္ပံများတွင်နောက်ဆုံးနှစ်သင်တန်းများ၊ မဟာဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူများ ပညာတက်ရောက်သင်ကြားလျက်ရှိကြောင်း၊ ဇွန် ၁ ရက်တွင်လည်း အခြေခံပညာ ကျောင်းများကို ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး **မေ ၂၄ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ပြီး ပညာသင်ကြားရေး လုပ်ငန်းများ စတင်နိုင်ရန် လုပ်ဆောင်လျက်ရှိ**ကြောင်း၊ COVID-19 ရောဂါကြောင့် ကျောင်းများ ပိတ်ထားခဲ့ရသည်မှာ စာသင်နှစ် ၁ နှစ်ရှိပြီး ထိုသို့ ကျောင်းများ ပိတ်ထားသည့်အတွက် ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ နစ်နာဆုံးရှုံးရသည့်အပြင် နိုင်ငံတော်၏ လူ့စွမ်းအား အရင်းအမြစ်များ များစွာထိခိုက်နစ်နာလျက်ရှိကြောင်း။

## ပညာသင်ကြားရေးအား ခြိမ်းခြောက်

နိုင်ငံတော်အစိုးရအနေဖြင့် COVID ကာလအတွင်း COVID ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကျောင်းများ ပြန်လည်မဖွင့်နိုင်အောင် လှုံ့ဆော်ခြင်း၊ ကလေးငယ်များ၏ ပညာသင်ကြားရေးအား ခြိမ်းခြောက်နှောင့်ယှက်ဟန့်တားပြီး သွေးထိုးလှုံ့ဆော်ခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၏ **ပညာရေးစနစ်သည် “အမျိုးသားပညာရေးစနစ်” ဖြင့် ကျင့်သုံးလျက်ရှိကြောင်း၊ အဆိုပါပညာရေးစနစ်သည် ယခုနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေအရ စတင်ခဲ့ခြင်းဖြစ်ပြီး** ယခင်အစိုးရနှစ်ဆက်တိုင် ကျင့်သုံးအကောင်အထည်ဖော်ခဲ့သည့် ပညာရေးစနစ်ဖြစ်ကြောင်း၊ အမျိုးသားပညာရေးဆိုသည်မှာ အစိုးရတစ်ရပ်၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက် မိမိလိုချင်သလို ပြုပြင်ပြောင်းလဲ၍ မရကြောင်း၊ အဆိုပါ ပညာရေးစနစ်၊ သင်ရိုးညွှန်းတမ်းနှင့် စာများအား ကျင့်သုံးသင်ကြားခဲ့သည်မှာ ၅ နှစ်ကျော်ကြာခဲ့ပြီဖြစ်ရာ ဒီမိုကရေစီအစိုးရနှစ်ဆက်တိုင် ခဲ့ပြီဖြစ်ကြောင်း၊ အဆိုပါ ပညာရေးစနစ်ကို စစ်ကျွန်ပညာရေးစနစ်ဟု သုံးနှုန်းနေခြင်းသည် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအား ချောက်ချစော်ကားနေခြင်းဖြစ်ပြီး ထိုသို့ လုပ်ဆောင်နေခြင်းသည် မိမိတို့နိုင်ငံ အနာဂတ်အတွက် အထူးစိုးရိမ်စရာကောင်းလှကြောင်း။

ကမ္ဘာတွင် ပညာခေတ်ဟု ကြွေးကြော်နေပြီး ပညာရေးနှင့် ကျန်းမာရေးကို အားပေးမြှင့်တင်ရမည့်အချိန်တွင် မိမိတို့နိုင်ငံ၏ ပညာရေးနှင့် ကျန်းမာရေးစနစ်ကို ပျက်စီးအောင် ဒီမိုကရေစီအမည်ခံ အကြမ်းဖက်သမားများက ဆောင်ရွက်နေပြီး ကျောင်းများရှေ့တွင် ဗုံးခွဲခြင်း၊ ဗုံးထောင်ခြင်းများ အပါအဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ခြိမ်းခြောက်အကျပ်ကိုင် ဟန့်တားခြင်း စသည့်အဖျက်အမှောင့်လုပ်ငန်းများအား ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် တစ်မျိုးသားလုံး၏ ကျန်းမာရေးနှင့် ပညာရေးစနစ်ကို ပျက်စီးအောင် ဆောင်ရွက်နေသူများ၊ **တစ်မျိုးသားလုံးအား ရေရှည်မှိုင်းတိုက်ပြီး ကျွန်ဇာတ်သွင်းနေကြသူများ၏ လုပ်ရပ်များအား မြင်အောင်ကြည့်ကြရန်နှင့် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းကြရန်လို**ကြောင်း။

## လွတ်လပ်စွာ သဘောထားကွဲလွဲပိုင်ခွင့်ရှိ

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံသားများ၏ အခွင့်အရေးအရ လွတ်လပ်စွာသဘောထားကွဲလွဲပိုင်ခွင့်ရှိပြီး နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မည်သည့်အစိုးရတက်တက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းဆိုရာတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကို ထမ်းဆောင်နေကြရသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်ပြီး ပညာရေးဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံသားများအား ပညာသင်ကြားပေးမှုနှင့်ပတ်သက်သည့် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံသားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြောင်း၊ အစိုးရဝန်ထမ်းဆိုသည်မှာ အုပ်ချုပ်ရေးကဏ္ဍများတွင်ပါဝင်ပြီး ဌာနများ၏ စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့်သူများကို ဆိုလိုခြင်းဖြစ်ကြောင်း၊ **နိုင်ငံတစ်ခုတွင် ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ ကိစ္စရပ်များအား မည်သည့်အခြေအနေမျိုးတွင်မဆို ရပ်ဆိုင်းထား၍မရသည့် အရေးကြီးသည့် ကိစ္စဖြစ်**ကြောင်း။

ပညာရေးကဏ္ဍတွင် တစ်နှစ်စောလျှင် တစ်နှစ်အကျိုးရှိပြီး တစ်နှစ်နောက်ကျလျှင် တစ်နှစ် နစ်နာမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း မိဘအုပ်ထိန်းသူများနှင့် ပြည်သူများသို့ အသိပေးကြေညာချက်များ၊ မေတ္တာရပ်ခံချက်များနှင့် ကျောင်းအပ်နှံရေး အစီအစဉ်များ ထုတ်ပြန်ထားရှိကြောင်း၊ ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့ သားသမီးများ နစ်နာနောက်ကျမှုများ မဖြစ်စေရေးအတွက် ကျောင်းဖွင့်ချိန်များတွင် ကျောင်းအပ်နှံရေး၊ ကျောင်းတက်နိုင်ရေး ဆောင်ရွက်သွားကြရန်နှင့် ဆရာ ဆရာမများအနေဖြင့်လည်း နိုင်ငံသားများ၏ ပညာသင်ကြားရေးလုပ်ငန်းများကို လုပ်ဆောင်ကြရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ

ထို့နောက် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား တပ်မတော်က လုပ်ဆောင်ပေးနေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံ ဆေးရုံ၊ ဆေးခန်းအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းအချို့သည် ဆေးပညာရပ်ဆိုင်ရာ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ ဝန်ထမ်းစည်းကမ်းစည်းမျဉ်းများကို ဖောက်ဖျက်ပြီး ကိုယ်တိုင် CDM လုပ်ဆောင်ခြင်း၊ အခြားသူများကို CDM လုပ်ဆောင်ရန်ဖိအားပေးခြင်း၊ အကျပ်ကိုင်ခြင်းများ လုပ်ဆောင်ပြီး အစိုးရ ဆေးရုံ၊ ဆေးခန်းများတွင် ၎င်းတို့၏ အလုပ်တာဝန်များ ပျက်ကွက်နေသည့်အတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ လစ်ဟင်းမှု အချို့ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုသို့လစ်ဟာမှုများကို ဖြည့်ဆည်းပေးနိုင်ရန် တပ်မတော်အနေဖြင့် တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများတွင် ပြည်သူလူထုအား ဖေဖော်ဝါရီ ၅ ရက်မှစ၍ လက်ခံကုသပြီး လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးရာတွင် မေ ၆ ရက်အထိ **ပြင်ပလူနာ ၁၈၇၉၂၄ ဦး၊ အတွင်းလူနာ ၅၈၅၉၂ ဦးတို့ကို လက်ခံကုသပေးလျက်ရှိပြီး ၎င်းအနက်မှ အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၈၇၆၆ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄၄၇၆ ဦး စုစုပေါင်း ၁၃၂၄၂ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် မီးဖွားလူနာ ၄၅၃၀ ကို ခွဲစိတ်၍ လည်းကောင်း၊ ၆၈၄၉ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ရာ ယနေ့အထိ ကလေးငယ် ၁၁၃၇၉ ဦးတို့ကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ပြီးဖြစ်**ကြောင်း ရှင်းလင်းပြောကြားသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဧပြီ ၇ ရက်မှ မေ ၄ ရက် အထိ ဘိန်းဖြူ ကီလို ၁ ဒသမ ၈၁၉ ၊ ဘိန်းစိမ်း ကီလို ၅၀ ဒသမ ၀၁၆ ၊ ဘိန်းမည်း ကီလို ၂၇ ဒသမ ၈၅ ၊ ဆေးခြောက် ကီလို ၂ ဒသမ ၇၅ ၊ စိတ်ကြွဆေးပြား ၈၅၀၆၉၄၉၊ အိုက်စ် ကီလို ၁ ဒသမ ၅၁၂ ၊ အခြားပစ္စည်း ၄၄၆ ကီလို၊ စုစုပေါင်းကာလတန်ဖိုး မြန်မာကျပ်ငွေ ၁၃ ဒသမ ၆၄၁ ဘီလီယံကျော် ဖမ်းဆီးရမိခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ မေ ၄ ရက်အထိ စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၁၁၆ ဒသမ ၄၀၃ ဘီလီယံကျော် ဖမ်းဆီးနိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

*စာမျက်နှာ ၁၇ သို့*

**“မေ ၆ ရက်အထိ ပြင်ပလူနာ ၁၈၇၉၂၄ ဦး၊ အတွင်းလူနာ ၅၈၅၉၂ ဦးတို့ကို လက်ခံကုသပေးလျက်ရှိပြီး ၎င်းအနက်မှ အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၈၇၆၆ ဦး၊ အသေးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၄၄၇၆ ဦး စုစုပေါင်း ၁၃၂၄၂ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် မီးဖွားလူနာ ၄၅၃၀ ကို ခွဲစိတ်၍ လည်းကောင်း၊ ၆၈၄၉ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ရာ ယနေ့အထိ ကလေးငယ် ၁၁၃၇၉ ဦးတို့ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီးဖြစ်”**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာ နေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

*စာမျက်နှာ ၁၆ မှ*

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းရှိ မိုးကောင်းရတနာမိခင်နှင့် ကလေးဆေးရုံနှင့် မြဝတီမီဒီယာစင်တာတို့အား ဖွင့်လှစ်ခဲ့မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံ၌ နိုင်ငံတကာအဆင့်မီ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံအား တည်ဆောက်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ကိုဗစ်ကပ်ရောဂါမတိုင်မီ ကာလများတွင် ပြည်ပနိုင်ငံများသို့ နေ့စဉ်လူဦးရေ ၅၀၀ ခန့် သွားရောက်ဆေးကုသလျက်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည်ကို တွေ့ရှိရကြောင်း၊ ၂၀၁၇ ခုနှစ် တစ်နှစ်တည်းတွင် ပြည်ပသို့ ဆေးကုသရန် သွားရောက်ခဲ့သူပေါင်း ၂၁၇၉၁၅ ဦးရှိပြီး သွားရောက်မှု အများဆုံးအနေဖြင့် ထိုင်းနိုင်ငံတွင် ၅၆ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံတွင် ၁၉ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁၁ ရာခိုင်နှုန်းတို့ဖြစ်ပြီး **ကျန်းမာရေးမကောင်းသည့်အတွက် ပြည်ပနိုင်ငံများသို့ သွားရောက်ဆေးကုသရာတွင်ဘာသာစကားအခက်အခဲ၊ လူမှုရေးအခက် အခဲစသည့် အခက်အခဲများစွာ** ရှိကြောင်း၊ အဆိုပါ အခက်အခဲများတွင် ကုသစရိတ်အပြင် ခရီးသွားလာမှုစရိတ်များ ထပ်မံကုန်ကျသည့်အတွက် ငွေကုန်ကြေးကြ ပိုမိုများပြားလျက်ရှိသည်ကို တွေ့ရှိရကြောင်း။

**အစိုးရဆေးရုံ ၁၁၁၅ ရုံနှင့် ပုဂ္ဂလိကဆေးရုံ ၁၈၇ ရုံရှိ**

မြန်မာနိုင်ငံတွင် ဆေးရုံပေါင်း ၁၃၀၁ ရုံအနက် အစိုးရ ဆေးရုံ ၁၁၁၅ ရုံနှင့် ပုဂ္ဂလိက ဆေးရုံ ၁၈၇ ရုံတို့ရှိကြောင်း စစ်တမ်းများအရ ၇၂ ရာခိုင်နှုန်းခန့်သည် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြည်တွင်းမှာပင် အဆင့်မီ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ခံယူစေနိုင်ရန် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သတင်းမီဒီယာလုပ်ငန်းအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၎င်းတို့၏ အကျိုးစီးပွားအတွက် ခေတ်မီဘက်စုံမီဒီယာများကို တွင်တွင်ကျယ်ကျယ် အသုံးပြုပြီး ၎င်းတို့လိုအပ်သည့် အယူအဆ၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုဓလေ့စရိုက်များကို သွတ်သွင်းခြင်းနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍစုံမှ ထိုးနှက်မှုများကို ခိုင်ခိုင်မာမာ ကာကွယ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိန့်ကြားထားသည့်အတိုင်း မြန်မာနိုင်ငံ၏ မီဒီယာကဏ္ဍ လိုအပ်ချက်ကို



မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော် ရှင်းလင်းပြောကြားစဉ်။

## “ဘဏ်များတွင် ဖွင့်လှစ်ထားသည့် ငွေစာရင်းများမှငွေများ မည်သည့်အကြောင်းအရင်းနှင့်မျှ ဆုံးရှုံးသွားမည်မဟုတ်ကြောင်းနှင့် နိုင်ငံတော်၏ ဘဏ်စနစ်အား ယုံကြည်ပြီး ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်ပေးမည်ဆိုပါက ရင်ဆိုင်နေရသည့် အခက်အခဲများအား အချိန်တိုအတွင်း ဖြေရှင်းဆောင်ရွက်သွားနိုင်မည်ဖြစ်”

ဖြည့်ဆည်းသည့်အနေဖြင့် မြဝတီမီဒီယာစင်တာအား တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြဝတီမီဒီယာစင်တာအား တည်ဆောက်ခဲ့သည့်အတွက် မီဒီယာဆိုင်ရာ လုပ်ငန်းများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း လုပ်ဆောင်နိုင်ပြီး မီဒီယာနှင့် ရုပ်ရှင်လုပ်ငန်းကို နိုင်ငံတကာနှင့် ပခုံးချင်းယှဉ်နိုင်အောင် မြှင့်တင်ပေးခဲ့သည့် ဆောင်ရွက်ချက်တစ်ခုပင် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပုံရိပ်ကို နိုင်ငံတကာမှ သိရှိနိုင်ရန်အတွက် ပတ်သက်ဆက်နွှယ်သည့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် တည်ထောင်ခဲ့ခြင်း ဖြစ်ကြောင်း။

### မြဝတီမီဒီယာစင်တာ

အဆိုပါ မြဝတီမီဒီယာစင်တာသည် ၇ ထပ် အဆောက်အဦဖြစ်ပြီး ပထမထပ်နှင့် ဒုတိယထပ်တွင် 4K အရည်အသွေးမြင့် 3D ပြသနိုင်သည့် လူ ၂၀၀ ဆံ့ ရုပ်ရှင်ရုံ၊ ကြီးမားသော LED Projector ပါဝင်သည့် လူ ၃၀၀ ဆံ့ ကဇာတ်ရုံ၊ ဖျော်ဖြေရေး အစီအစဉ်များ၊ သီချင်းဆိုပြိုင်ပွဲများ၊ Game Show များ၊ Model Show ပြိုင်ပွဲများ ပြုလုပ်နိုင်ပြီး စတိတ်စင် နောက်ခံဒီဇိုင်းများ လိုအပ်သလို ပြောင်းလဲအသုံးပြုနိုင်သည့် TV Studio ၂ ခန်း၊ Talk Show Studio, Radio Studio, Mini Studio, Sound Studio, News Studio, Music Studio ခန်းများ၊ စာကြည့်တိုက်နှင့် မြဝတီမီဒီယာသင်တန်းခန်းမ ထည့်သွင်းတည်ဆောက်ထားသည့် အခြေအနေ၊ မြန်မာ့ရုပ်ရှင်လောကကို မြှင့်တင်နိုင်ရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မြန်မာ့ရုပ်ရှင်လောက၊ မီဒီယာလောကဖွံ့ဖြိုးတိုးတက်ရေး Out Door Studio တစ်ခုတည်ဆောက်သွားရန်လည်းရှိကြောင်း၊ **“ရုပ်ရှင်သည် ပြည်သူ့အတွက် ”၊ “ စာပေမြင့်မှ လူမျိုးမြင့်မည်”၊ “ ဂီတစွမ်းအားပြည်ထွန်းကား” စသည့် ဆောင်ပုဒ်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း ရှင်းလင်းပြောကြားသည်။

### ဘဏ်စနစ်တည်ငြိမ်မှုကို ထိန်းသိမ်း

ထို့နောက် လက်ရှိအချိန်တွင် ဘဏ်လုပ်ငန်းဆိုင်ရာ အခက်အခဲများကြောင့် ငွေကြေးထုတ်ယူမှု ကန့်သတ်ချက်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်က ရှင်းလင်းပြောကြားရာတွင် ဗဟိုဘဏ်အနေဖြင့် ဘဏ်စနစ်တည်ငြိမ်မှုကို ထိန်းသိမ်းရန်အတွက် ငွေထုတ်ယူမှု ကန့်သတ်ချက်ကို ထုတ်ပြန်လိုက်ရခြင်းဖြစ်ကြောင်း။ စိုးရိမ်စိတ်ဖြင့် ထုတ်နေသူများရှိသကဲ့သို့ တစ်ပြိုင်တည်း စိုးရိမ်စိတ်ဖြင့် ငွေလာမအပ်တော့သည့် ကိစ္စရပ်လည်း ဖြစ်ပေါ်လာကြောင်း။ ထို့ကြောင့် မအပ်ဘဲထားသည့် ငွေအတွက် အိမ်တွင်လုံခြုံမှုမရှိ စိုးရိမ်ပူပန်မှုဖြစ်လာကြောင်း။ ထို့ကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အဆိုပါကိစ္စရပ်များ ဖြေလျှော့နိုင်ရေးအတွက် ဧပြီ ၂၇ ရက်တွင် ထုတ်ပြန်ချက် တစ်စောင်ထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါ ထုတ်ပြန်ချက်တွင် ပြည်သူများအနေဖြင့် လက်ဝယ်ရှိ ငွေသားများကို လုံခြုံမှုအတွက် ဘဏ်များတွင် အပ်နှံလိုပါက အထူးကိစ္စရပ်အနေဖြင့် မေ ၃ ရက်မှစပြီး ဘဏ်များတွင် ဘဏ်စာရင်းသစ်များ ဖွင့်လှစ်၍ ငွေသားအပ်နှံထည့်သွင်းခွင့်ပြုခဲ့ကြောင်း၊ ထိုစာရင်းအသစ်မှ ငွေသားပြန်လည်ထုတ်ယူလိုပါက အပ်နှံငွေသားပမာဏအတွင်း ကန့်သတ်ချက်မရှိဘဲ ထုတ်ယူခွင့်ပြုမည်ဖြစ်ကြောင်း၊ မေ ၃ ရက်နေ့မတိုင်မီ ဘဏ်များတွင် ငွေစာရင်းဖွင့်လှစ်ထားသူများအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မူလငွေထုတ်ကန့်သတ်ချက်များအတိုင်း ငွေသားများ ဆက်လက်ထုတ်ယူခွင့်ပြုမည်ဖြစ်ပြီး အဆိုပါ ငွေထုတ်ကန့်သတ်ချက်များကိုလည်း ဖြေလျှော့ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ **စီးပွားရေးကဏ္ဍတွင်အရေးကြီးသည့် ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ခိုင်ခိုင်မာမာရပ်တည် ဆောင်ရွက်လျက်ရှိ**ကြောင်း၊ ဗဟိုဘဏ်အနေဖြင့်လည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘဏ်များအား ကွပ်ကဲလျက်ရှိပြီး လက်ရှိအချိန်တွင် အများပြည်သူများ အထင်မှားနေသည့် ဘဏ်များဖျက်သိမ်းမည့်အစီအစဉ် လုံးဝမရှိကြောင်း၊ **ဘဏ်များတွင်ဖွင့်လှစ်ထားသည့် ငွေစာရင်းများမှငွေများ မည်သည့် အကြောင်းအရင်းနှင့်မျှ ဆုံးရှုံးသွားမည်မဟုတ်ကြောင်းနှင့် နိုင်ငံတော်၏ ဘဏ်စနစ်အား ယုံကြည်ပြီး ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်ပေးမည်ဆိုပါက ရင်ဆိုင်နေရသည့် အခက်အခဲများအား အချိန်တိုအတွင်း ဖြေရှင်းဆောင်ရွက်သွားနိုင်မည်ဖြစ်**ကြောင်းနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများအား ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဗိုလ်မှူး ကောင်းထက်စံက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ Video Conferencing ဖြင့်ပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ သတင်းစာ ရှင်းလင်းပွဲသို့ ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ် သတင်းစာများ၊ ဂျာနယ်များ၊ ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်သတင်းရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာနိုင်ငံမှ အားကစားနည်း ၁၈ နည်း ပါဝင်ယှဉ်ပြိုင်မည်

## အားကစားသမားများသည် နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်မည့်သူများဖြစ်သောကြောင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အဓိကထားပြီး မြှင့်တင်ဆောင်ရွက်ပေးရန်လို

နေပြည်တော် မေ ၇

**ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင် အောင်မြင်မှုရရှိစေရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၃၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### လက်ခံကျင်းပ

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံမှ အိမ်ရှင်အဖြစ် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ဟန္နိုင်းမြို့အပါအဝင် မြို့ကြီး ၁၂ တွင် အားကစားနည်း ၄၀ ဖြင့် လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အားကစားနည်း ၁၈ နည်းသာ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ယခုအချိန်ပြိုင်ပွဲဝင်ကာလ ၁၉၉ ရက်သာ ကျန်ရှိပြီး ကြိုတင်ပြင်ဆင် လေ့ကျင့်မှုကာလ နီးကပ်နေပြီဖြစ်ကြောင်း၊ အားကစားသမား များသည် နိုင်ငံ့ဂုဏ် မြှင့်တင်နိုင်မည့်သူများဖြစ်သောကြောင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အဓိကထားပြီး မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အားကစားသမားအားလုံးကို စေတနာထားနားလည်စိတ်ဖြင့် မိမိသားသမီးများသဖွယ် ဆက်ဆံအားပေးရန် လိုအပ်ပါကြောင်း၊ အားကစားသမားများ တစ်ဦးချင်း လေ့ကျင့်မှုပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အားနည်းချက်၊ အားသာချက်များကိုသိရှိပြီး ထိန်းသိမ်းတည့်မတ်ကာ အားကစားသမားများ၏ မမြင်နိုင်သော စိတ်စွမ်းရည်များကို ဖော်ထုတ်ပြီး အုပ်ချုပ်စီမံသွားမှသာ အောင်မြင်မှုရရှိမည် ဖြစ်ပါကြောင်း၊ နည်းပြပိုင်းအနေဖြင့် အားကစားနည်းအလိုက် နိုင်ငံခြားနည်းပြများ ငှားရမ်းအသုံးပြုရာတွင် အကျိုးရှိစွာ အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အားကစားနည်းအလိုက် နိုင်ငံခြားနည်းပြများ လာရောက်တာဝန်ထမ်းဆောင် ရာတွင် မြန်မာနည်းပြများ အနေဖြင့် သင်ကြားမှုပိုင်း၊ နည်းပညာပိုင်းဆိုင်ရာများ မှတ်သားလေ့လာထားရှိပြီး ပညာဆည်းပူးကာ နောင်တစ်ချိန် ပြန်လည်အသုံးချရန် လိုအပ်ပါကြောင်း၊ ထိုမှသာ မြန်မာနည်းပြများ အရည်အချင်း တိုးတက်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ယှဉ်ပြိုင်လေ့ကျင့်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၁) မှ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၂) မှ ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (၃) ဦးကျော်ဦးတို့က ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြသည်။

### ဆက်လက်လေ့ကျင့်

ဆက်လက်၍ ခေတ္တညွှန်ကြားရေးမှူးချုပ်က အားကစားအဖွဲ့ချုပ်များ ပူးပေါင်းဆောင်ရွက်မှုများ၊ အားကစားနည်းအလိုက် မျိုးဆက်သစ် လူငယ်များ ဆက်လက်လေ့ကျင့် ပျိုးထောင်ထားရှိရန် စီစဉ်ထားရှိမှုများ၊ Joint Training သွားရောက်ရန် လေ့ကျင့်ရေးကာလအတွင်း အထောက်အကူ ပစ္စည်းများ၊ ဝတ်စုံများ ပံ့ပိုးထားရှိမှုများ၊ လေ့ကျင့်ရေးကာလ တိုးတက်မှု၊ စည်းကမ်းကောင်းမွန်မှုရှိစေရေး၊ တရုတ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ၊ လေ့ကျင့်ရေး အထောက်အကူပြု ပစ္စည်းများ၊ ဝတ်စုံများ၊ ပြိုင်ပွဲဝင်ဝတ်စုံများ အရည်အသွေးမီ စံချိန်စံညွှန်း ကောင်းမွန်မှုရှိစေရေး စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကာ ဒုတိယဝန်ကြီးက အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ အောင်မြင်မှုရရှိစေရေး ပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားသည်။

### ကြည့်ရှုအားပေး

ဒုတိယဝန်ကြီးသည် ယနေ့ နံနက် ၉ နာရီတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် အလေးမ ပဏာမ အားကစားသမားများ ပြိုင်ပွဲအကြို ဆန်းစစ်ပြိုင်ပွဲ ကျင်းပနေမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**



ပြိုင်ပွဲကို ပဏာမရွေးချယ်ထားသော မြန်မာ့လက်ရွေးစင် အမျိုးသမီး အားကစားသမားများမှ စံချိန်ပြု တစ်ဦးချင်းပြိုင်ပွဲအဖြစ် အမြန်မ၊ အနှေးမ နှစ်မျိုးပေါင်း ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲအပြီး ဆုရရှိကြသူများကို ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးတင်အေး၊ ဒုတိယဝန်ကြီးနှင့် ခေတ္တညွှန်ကြားရေးမှူးချုပ်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥက္ကာအေးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

### ဆုများ ချီးမြှင့်ခဲ့

ဆက်လက်၍ ပြိုင်ပွဲတွင် ဒုတိယပိုင်းဖြင့် ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသား အားကစားသမားများက အလေးမပြိုင်ပွဲကို အမြန်မ၊ အနှေးမ နှစ်မျိုးပေါင်းဖြင့် စံချိန်ပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲအပြီး ဆုရရှိသူများကို ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥက္ကာအေးနှင့် တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အုပ်စု (F) တွင် ဂျပန်အသင်းက ငါးပွဲကစား ၁၅ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး တာဂျစ်ကစ္စတန်အသင်းက ခြောက်ပွဲကစား ၁၀ မှတ်၊ ကာဂျစ္စတန်အသင်းက ငါးပွဲကစား ခုနစ်မှတ်၊ မြန်မာအသင်းက ငါးပွဲကစား ခြောက်မှတ်၊ မွန်ဂိုလီးယားအသင်းက ခုနစ်ပွဲကစား သုံးမှတ်ရရှိထားသည်။ မြန်မာအသင်းသည် ယှဉ်ပြိုင်ကစားပြီးသည့် ငါးပွဲတွင် နှစ်ပွဲနိုင် သုံးပွဲရှုံးနိမ့်ထားသည်။

အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ အုပ်စုလက်ကျန်ပွဲများအနက် အုပ်စု (A) ကို တရုတ်၊ အုပ်စု (B) ကို ကူဝိတ်၊ အုပ်စု (C) ကို ဘာရိန်း၊ အုပ်စု (D) ကို ဆော်ဒီအာရေဗျ၊ အုပ်စု (E) ကို ကာတာ၊ အုပ်စု (F) ကို ဂျပန်၊ အုပ်စု (G) ကို ယူအေအီးနှင့် အုပ်စု (H) ကို တောင်ကိုရီးယားနိုင်ငံတို့တွင် ကျင်းပသွားမည်ဖြစ်သည်။ **ရဲရင့်လွင်**



# ရိဒ်ရေကန်အတွင်း ငါးသားပေါက် တစ်သိန်း စိုက်ထည့်

**ရိခေါ်ဒါရ် မေ ၇**

ချင်းပြည်နယ်၏ အမှတ်သင်္ကေတနှင့် အထင်ကရနေရာဒေသတစ်ခုဖြစ်သည့် ရိခေါ်ဒါရ်မြို့အနီးရှိ အသည်းနှလုံးပုံသဏ္ဌာန် ရိဒ်ရေကန်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယမန်နေ့က ရိဒ်ရေကန်ရေချိုးဆိပ်၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဇော်လွင်ဝင်းက ငါးမျိုးစိုက်ထည့်ရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းဆွေးနွေးပြီး ပြည်နယ်ဦးစီးမှူးနှင့်အတူ ဖလမ်းခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးနိုင်ဝင်း၊ ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်လှအောင်နှင့် အဖွဲ့ချုပ် အတွင်းရေးမှူး ဦးရွှေမောင်၊ ရိခေါ်ဒါရ်မြို့ ခေတ္တမြို့အုပ်ချုပ်ရေးမှူး ဦးရမ်းနယ်ဇူလ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရွှေဝါငါးကြင်း ငါးသားပေါက် ရှစ်သောင်း၊ ငါးခုံးမ ငါးသားပေါက် နှစ်သောင်း စုစုပေါင်းငါးသားပေါက်တစ်သိန်း စိုက်ထည့်ကြောင်း သိရသည်။

ရိဒ်ရေကန်သည် မြန်မာနိုင်ငံအနောက်မြောက်ဘက် ချင်းပြည်နယ်မြောက်ပိုင်း မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်ရှိ ရိခေါ်ဒါရ်မြို့အနီး၌ တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၉၆၆ ပေရှိ တောင်ကုန်းပေါ်တွင် အသည်းနှလုံး ပုံသဏ္ဌာန်ဖြင့် တစ်မူထူးခြားစွာ တည်ရှိကာ ကန်ပတ်လည် အရှည် ၂ ဒသမ ၅ မိုင်ခန့်ရှိကြောင်း၊ အဆိုပါ ရိဒ်ရေကန်သည် ပြည်တွင်းပြည်ပ ခရီးသွားပြည်သူများ လာရောက်လည်ပတ်သူ များပြားသည့်နေရာတစ်ခုဖြစ်ကြောင်း၊ ရိဒ်ရေကန်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်စဉ်စိုက်ထည့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လာလ်ပက်လောမ်**
(ပက်ကာ)







## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၄-၄-၂၀၂၁)

အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၅- ၂၀၂၁

ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၉၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၉၄၈၀၀ |

စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀ | ကျပ် | ၉၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀ | ကျပ် | ၉၇၀ | ကျပ် |
| အောက်တိန်း ၉၂ | ၉၂၀ | ကျပ် | ၉၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၁၀ | ကျပ် | ၁၀၇၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၉၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၃၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၄၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ .၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၅၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၁၀၀ | ၁၆၂၆ | ၁၄၇၃၀၆၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၆၃၅ | ၂၁၉၀၇၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၂၄ | ၁၉၄၄၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁၂၉ | ၂၅၁၅၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁၁ | ၂၉၇၀၀ |
| EFR | ၃၂၀၀ | ၃၂၀၀ | ၅ | ၁၆၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊** နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရုပ်ရှင်သည် ပြည်သူအတွက်လား၊ ပါတီအတွက်လား

## ကိုထွန်းခင်

**ရှေးမြန်မာဇာတ်သဘင်ပညာရှင်တို့သည် ဗုဒ္ဓဝင်၊ ရာဇဝင်တို့မှ ကောင်းနိုးရာရာ ဇာတ်လမ်း ဇာတ်ကွက်များကို ထုတ်နုတ်ကာ နိဂုံးတွင် ဘဝသင်ခန်းစာ ပညာတစ်ခုခု ပေးနိုင်အောင်၊ သုတ ရသအချိုးကျကျပါဝင်အောင် အနုပညာရသမြောက်အောင် စွမ်းဆောင်တင်ဆက်ခဲ့ကြသဖြင့် ဇာတ်သမားလာရင် မှတ်သားစရာပါသည်၊ ဇာတ်သမားပြန်ရင် မှတ်သားစရာကျန်သည် ဆိုသည့် မြန်မာဆိုရိုးစကားရှိခဲ့ပါသည်။**

အနုပညာဖန်တီးမှုများသည် ခေတ်နှင့်ဘဝကို တစ်ထပ်တည်းကျစေခဲ့သဖြင့် ပရိသတ်တို့၏ လူမှုဘဝများကို လွှမ်းမိုးနိုင်ခဲ့ပြီး အနုပညာဂုဏ်မြောက်၍ အောင်မြင်ခဲ့သည်။ ရုပ်ရှင် မပေါ်သေးသည့် ပြဇာတ်ခေတ်တွင် အဆိုပါဆိုရိုးစကား ပေါ်ပေါက်လာခဲ့သည်ဟု ထင်မြင်မိပါသည်။

၁၉၂၀ ပြည့်နှစ်တွင် လန်ဒန်အတ် ဦးအုန်းမောင်နှင့် ဝါသနာရှင်တစ်စုတို့၏ ခက်ခက်ခဲခဲ မှတ်တမ်းတင်ရိုက်ကူးမှုဖြင့် ဗမာ့လွတ်လပ်ရေးကြိုးပမ်းမှု ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဦးထွန်းရှိန်၏ စျာပနသတင်းကားနှင့် ပထမဆုံးမြန်မာဇာတ်လမ်းရုပ်ရှင်ဖြစ်သည့် ဘားမားဖလင်မှ မေတ္တာနှင့် သူရာ ရုပ်ရှင်ဇာတ်ကားကို ရုံတင်နိုင်ခဲ့ပြီးနောက် မြန်မာ့ရုပ်ရှင်စတင် ထွန်းကားလာခဲ့သည်။




ပထမဆုံးမြန်မာရုပ်ရှင် မေတ္တာနှင့် သူရာ ဇာတ်ကားကြော်ငြာ။

### သြဇာအာဏာရှိနေဆဲ

ရုပ်ရှင်ခေတ်ဦးကာလမှစတင်၍ အနုပညာရသမြောက်အောင် စွမ်းဆောင်ဖန်တီးနိုင်ခဲ့သောကြောင့် မြန်မာ့ရုပ်ရှင်သည် ပြည်တွင်းတွင်သာမက ပြည်ပနယ်ပယ်များသို့ပါ ထိုးဖောက် နိုင်စွမ်းရှိခဲ့သည်။ ယနေ့နည်းပညာခေတ်ကြီးတွင် လူမှုကွန်ရက်စာမျက်နှာ ဖေ့စ်ဘွတ်သည် လူတို့၏ နေ့စဉ်ဘဝများကို လွှမ်းမိုးမှုကြီးမားသလို ရုပ်ရှင်သည် အထိရောက်ဆုံးအနုပညာ လက်နက်အဖြစ် သြဇာအာဏာရှိနေဆဲပင်ဖြစ်သည်။

သို့သော် ရုပ်ရှင်လောကတွင် ပြည်သူကို မျက်နှာမမူဘဲ ပိုက်ဆံ(ငွေ)နောက်သို့ လိုက်နေသည့်သူများရှိပါ၏။ သူတို့ ဘယ်ရောက်သွားကြပါသလဲ။ သူတို့ရှေ့ဆုံးမှ အောင်မြင်နေကြပါသလား။ သူတို့ဟာ အမြဲတမ်း အောင်မြင်နေလိမ့်မယ်လို့ ထင်ပါသလား။ ရုပ်ရှင်အနုပညာတွင် ပိုက် ဆံထက်ပိုအရေးကြီးတာ တစ်ခုရှိနေပါသေးသည်။ ထိုအရာမှာ ပရိသတ်အပေါ် လွှမ်းမိုးနိုင်မှု ပါဝါ (Power) ဆိုသည့် ကျော်ကြားမှု သြဇာအာဏာပင်ဖြစ်သည်။

### ပရိသတ်ရင်ထဲ လွှမ်းမိုးငြိတွယ်

အနုသုခုမရုပ်ရှင်တို့သည် ပြည်သူများ၏ နှလုံးသားကို ညှို့ယူဖမ်းစားနိုင်သော ပညာဖြစ် သည်။ တစ်နည်းဆိုလျှင် ပြည်သူများအား ဆွဲဆောင်စည်းရုံးနိုင်သော အတတ်ပညာဖြစ်သည်။ မိဘဆရာသမားနှင့် နီတိကျမ်းထဲမှ ဆုံးမစကားထက် ရုပ်ရှင်ဇာတ်ကားတစ်ကား၊ ဝတ္ထုစာအုပ်တစ်အုပ်ထဲမှ စကားတစ်ခွန်းသည် သေသည်အထိ ပရိသတ်ရင်ထဲကို လွှမ်းမိုး ငြိတွယ်သွားနိုင်ပါသည်။

ဟောလိဝုဒ်ဆရာကြီး Ben Stein က " The people here in the white house think have power. That's wrong. The people who make these (picture) have power. They can get inside your head. They can completely take control of everything you see and do, change that you feel, everything that happen to you, and that's power." ဟု မှတ်ချက်ပြုခဲ့ဖူးပါသည်။

"အိမ်ဖြူတော်မှာရှိတဲ့ လူတွေက သူတို့မှာ အာဏာပါဝါရှိသည်ဟု ထင်နေကြသည်။ အဲဒါ မဟုတ်ပါ။ ရုပ်ရှင်ဖန်တီးတဲ့ လူတွေကမှ တကယ့်အာဏာပါဝါရှင်အစစ်၊ ထိုသူတို့သည် ခင်ဗျားတို့၏ ခေါင်း(ဦးနှောက်)ထဲကိုလည်း ဝင်ရောက်နိုင်သည်။ ခင်ဗျားတို့ မြင်သမျှ၊ လုပ်သမျှ အရာခပ်သိမ်းကို အပြီးအပိုင်ထိန်းချုပ်နိုင်စွမ်းလည်း ရှိပါသည်။ အဖြစ်ခပ်သိမ်းအပေါ်မှာ ခံစားရတာကိုတောင် လမ်းကြောင်းပြောင်းပစ်နိုင်ပါသည်။ အဲဒါမှ တကယ့်အာဏာပါဝါဖြစ်သည်" ဟု ဆိုခဲ့ပါ၏။

ဆိုခဲ့သည့်အတိုင်း ပြည်သူ၏စိတ်နှလုံးကို လွှမ်းမိုးနိုင်သော၊ စည်းရုံးနိုင်သောရုပ်ရှင်သည် ပြည်သူအတွက် အမြဲထာဝရဖြစ်နေရန်၊ တိုင်းပြည်အကျိုး၊ ပြည်သူအကျိုးကို ဆောင်နိုင်ရန်မှာ ရုပ်ရှင်အနုပညာသမားတို့၏ စွမ်းဆောင်ရမည့်တာဝန်ပင်ဖြစ်သည်။

### ဆင်ဆာစနစ်ကို ကျင့်သုံး

အသက်တစ်ရာမနေရသော်လည်း အမှုတစ်ရာပွေရသည့် လူ့လောကကြီးတွင် ဘဝအမောများကို ဖြေဖျောက်ရန် လူတိုင်း ဖျော်ဖြေမှုလိုအပ်လှသည်။ သို့သော် ဖျော်ဖြေမှုအသွင်မှ အဆိပ်အတောက်ဖြစ်ဖွယ် ဇာတ်လမ်းဇာတ်ကွက်အချို့၏ လွှမ်းမိုးမှုကြောင့် ပြည်သူတို့၏ နေ့စဉ်ဘဝတွင် မလိုလားအပ်သည့် ဆိုးကျိုးများ မဖြစ်ပေါ်စေရန် ဆင်ဆာစနစ်ကို ကျင့်သုံးခဲ့ကြသည်။

ဆင်ဆာစနစ်ပေါ်ပေါက်ခဲ့ပုံကို ကြည့်မည်ဆိုပါက ၁၉၂၀ ပြည့်နှစ်တွင် စတင်ခဲ့သည့် မြန်မာ့ရုပ်ရှင်သည် နှစ်နှစ်အကြာ ၁၉၂၂ ခုနှစ်တွင် မြန်မာ့ရုပ်ရှင်ဇာတ်ကားများ တွင်ကျယ်များပြားစွာ ရိုက်ကူးထုတ်လုပ်လာသောကြောင့် စစ်ဆေးခွင့်ပြုရန်အတွက် ရန်ကုန်ပုလိပ်မင်းကြီး ဥက္ကဋ္ဌအဖြစ်ထားရှိပြီး အခြားအဖွဲ့ဝင် ၁၀ ဦးပါဝင်သော မြန်မာ့ရုပ်ရှင်စစ်ဆေးရေး ဆင်ဆာအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

ကာမရာဂကို အားပေးသောပြကွက်၊ ရက်စက်ကြမ်းကြုတ်သောပြကွက်၊ ရာဇဝတ်မှု ဖြစ်ပွားစေသောပြကွက်၊ နိုင်ငံရေးနှင့်ပတ်သက်သောပြကွက်တို့ကို ပထမဦးဆုံးသော မြန်မာ ဆင်ဆာမူ ၄ ချက်အဖြစ်သတ်မှတ်ပြီး ပြသခြင်းမပြုရန် ဖြတ်တောက်ခဲ့သည်။

နှစ်ပေါင်း ၄၀ ကျော်ကြာပြီးသည့်နောက် ၁၉၆၄ ခုနှစ်တွင် ယခင်သတ်မှတ်ထားခဲ့သည့် မူ ၄ ချက်အပြင် ကိုယ်ကျင့်တရားနှင့်ပတ်သက်သော ကိစ္စရပ်များ၊ ဘာသာရေးထိခိုက်စေနိုင်သောကိစ္စရပ်များ၊ အမျိုးသားယဉ်ကျေးမှုထိခိုက်စေနိုင်သော ကိစ္စရပ်များ၊ ကလေးသူငယ်ထိခိုက်စေနိုင်သောကိစ္စရပ်များ၊ ညစ်ညမ်းမှုနှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ အတွေးအခေါ်ပိုင်းဆိုင်ရာ လွဲမှားစေနိုင်သောကိစ္စရပ်များ စသည်ဖြင့် ၆ ချက်ထပ်မံဖြည့်စွက်ကာ ၁၀ ချက်ရှိသော ဆင်ဆာစနစ်ကို ကျင့်သုံးခဲ့သည်ဟု ဆိုသည်။

### အချက် ၄ ချက်ကို ပယ်ဖျက်

ထိုမှတစ်ဆင့် ၁၉၇၄ ခုနှစ်တွင် တိုင်းရင်းသားချစ်ကြည်ရေးကို ထိပါးစေနိုင်သော ကိစ္စရပ်တစ်ချက်ကို ထပ်မံဖြည့်စွက်ပြီး ဆင်ဆာမူ ၁၁ ချက်ဖြင့် မြန်မာရုပ်ရှင်ဇာတ်ကားများကို ဆင်ဆာ ခွင့်ပြုပေးခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် "အတွေးအခေါ်ပိုင်းဆိုင်ရာ"ကို ဖြုတ်ပစ်လိုက်ပြီး ဆင်ဆာမူ ၁၀ ချက် ဖြင့် ၂၂ နှစ်ကြာတည်တံ့ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ရုပ်ရှင်ဘက်ဆိုင်ရာမှလူအချို့၏ တောင်းဆိုချက်အရ သမ္မတဦးသိန်းစိန်လက်ထက် ဒီမိုကရေစီအစိုးရခေတ်တွင် ကိုယ်ကျင့်တရားနှင့် ပတ်သက်သောကိစ္စ၊ ရာဇဝတ်မှုဖြစ်ပွားစေသောကိစ္စ၊ ညစ်ညမ်းမှုဖြစ်ပွားစေသောကိစ္စနှင့် ကလေးသူငယ်များကို ထိခိုက်စေနိုင်သောကိစ္စရပ်များကို စသည့်အချက် ၄ ချက်ကို ပယ်ဖျက်ဖြေလျှော့ပေးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် လက်ရှိအချိန် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့နောက်ပိုင်းတွင် တည်ရှိ နေဆဲဖြစ်သည့် ဆင်ဆာမူ ၆ ချက်သည် ကာမရာဂကိုအားပေးသောပြကွက်၊ ရက်စက်ကြမ်းကြုတ်သောပြကွက်၊ နိုင်ငံရေးနှင့် ပတ်သက်သောပြကွက်၊ ဘာသာရေးနှင့် ပတ်သက်သောပြကွက်၊ အမျိုးသားယဉ်ကျေးမှုနှင့် ပတ်သက်သောပြကွက်၊ တိုင်းရင်းသားချစ်ကြည် စည်းလုံး ညီ ညွတ်မှု ထိခိုက်စေသောပြကွက်များမပါစေရန်ဖြစ်ပြီး အဆိုပါမူဝါဒများနှင့်အညီ မြန်မာ ရုပ်ရှင်ဇာတ်ကားများကို ဆက်လက် စိစစ်ထိန်းကျောင်းသွားမည်ဖြစ်ကြောင်း မှတ်သားမိသည်။

> ❒ **ရုပ်ရှင်လောကသားများ၏တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ကိုယ်တိုင်ဆင်ဆာ ထိန်းသိမ်းခြင်းဖြင့် ရုပ်ရှင်ဇာတ်ကားများသည် ပြည်သူကို အမှန်တကယ် အကျိုးပြုနိုင်သော မှန်ကန်သင့်မြတ်သည့် လမ်းကောင်းလမ်းမှန်ကို ညွှန်ပြနိုင်သော စံနမူနာကောင်းများဖြစ်လာပေလိမ့်မည်**

### စံနမူနာကောင်းများဖြစ်လာ

**ထို့အတူ ရုပ်ရှင်လောကသားများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ကိုယ်တိုင်ဆင်ဆာ ထိန်း သိမ်းခြင်းဖြင့် ရုပ်ရှင်ဇာတ်ကားများသည် ပြည်သူကို အမှန်တကယ်အကျိုးပြုနိုင်သော မှန်ကန် သင့်မြတ်သည့် လမ်းကောင်းလမ်းမှန်ကို ညွှန်ပြနိုင်သော စံနမူနာကောင်းများ ဖြစ်လာပေလိမ့်မည်။**

ရုပ်ရှင်အနုပညာသမားများသည် Power သြဇာအာဏာ အလွန်ကြီးမားလွန်းသည့်အတွက် အနုပညာဖန်တီးသူတို့၏ ကိုယ်ကျင့်တရားကျင့်ဝတ်နှင့် အမှန်တရားမြတ်နိုးမှု ရေခံမြေခံ "ကိုယ်တိုင်ဖြောင့်မှန်မှု" သည် အရေးကြီးလှသည်။ စိတ်အလိုလိုက် ထင်ရာစိုင်းမှုထက် ဆင်ခြင်တုံတရားနှင့် သစ္စာစေမ္မကို လက်စွဲပြုရမည်ဖြစ်သည်။

**ရုပ်ရှင်လောကသားတို့၏ မူလဆောင်ပုဒ်ဖြစ်သည့် "ရုပ်ရှင်သည် ပြည်သူ့အတွက်" ဆိုသော ရည်ရွယ်ချက်ကောင်းဖြင့် နှစ်ပေါင်းများစွာ ချီတက်လာခဲ့ရာမှ မျက်မှောက်ကာလ ယခု ပါတီစုံဒီမိုကရေစီခရီး ၁၀ နှစ်ကျော်လာသောအခါ နိုင်ငံရေးပါတီအချို့၏ ခြယ်လှယ်လွှမ်းမိုးမှုဖြင့် တစ်ပါတီသြဇာခံဘဝကို ရုပ်ရှင်လောကသားများကျရောက်ကာ ထိခိုက်နစ်နာမှုများ ကြုံတွေ့နေကြရသည်။**

နောင်တတော့ရကြပြီ။

သင်ခန်းစာတော့ရခဲ့ပြီ။

လမ်းကြောင်းမှားမှန်း သိမြင်ကြရပြီ။

ပြည်သူ့အတွက် ရုပ်ရှင်မဟုတ်တော့ဘဲ တစ်ပါတီအတွက် ရုပ်ရှင်ဖြစ်ရမည်ဟု လမ်းကြောင်းလွဲ လိုက်ပါမိခဲ့သောကြောင့် ပြန်လည်တည့်မတ်ပြောင်းလဲမှ ဖြစ်မည်ဟု ပြည်သူများက ထင်မြင်ယူဆနေကြပြီ။ ပြည်သူအများ၏ ဆန္ဒသဘောထားကို ဆန့်ကျင်ကာ ခရီးဆက်မည်ဆိုပါက ပွဲတင်သံ၏ လမ်းညွှန်ရာကို မနာခံသောလေှသည် ကျောက်ဆောင်၏ အန္တရာယ်ကို မုချ မျက်နှာချင်းဆိုင်ရပေတော့မည်။ အသိတရားရှိ ၊ သတိထားမိအောင် ရေးသားတင်ပြလိုက်ရပါကြောင်း။ ။

> ✳ **ရုပ်ရှင်လောကသားတို့၏ မူလဆောင်ပုဒ်ဖြစ်သည့် "ရုပ်ရှင်သည် ပြည်သူ့အတွက်" ဆိုသော ရည်ရွယ်ချက်ကောင်းဖြင့် နှစ်ပေါင်းများစွာချီတက်လာခဲ့ရာမှ မျက်မှောက်ကာလ ယခု ပါတီစုံဒီမိုကရေစီခရီး ၁၀နှစ်ကျော်လာသောအခါ နိုင်ငံရေးပါတီအချို့၏ ခြယ်လှယ်လွှမ်းမိုးမှုဖြင့် တစ်ပါတီသြဇာခံဘဝကို ရုပ်ရှင်လောကသားများကျရောက်ကာ ထိခိုက်နစ်နာမှုများ ကြုံတွေ့နေကြရ**

ကိုးကား - ငြိမ်းမင်း၏ အနုပညာနှင့်မာယာ

# လမ်းလျှောက်ကြမယ်

**ပီတိရှင်**

လမ်းလျှောက်တယ်ဆိုတာ လူတွေ နေ့စဉ် မဖြစ်မနေ ပုံမှန်လုပ်ကြရတဲ့ ကိစ္စတစ်ခုပါ။ ခြေနှစ်ချောင်းပေါ်မှာ လူတစ်ဦးရဲ့ ဘဝရပ်တည် ရှင်သန်နေရတယ်ဆိုတဲ့စကားဟာ တကယ်တော့ ငြင်းမရတဲ့ သဘာဝတရားစစ်စစ်ပါ။

လမ်းမလျှောက်ဘဲ ကာလကြာရှည်နေရသူတွေဟာ ဒုက္ခိတတွေ ဖြစ်ကြပါတယ်။ လမ်းမလျှောက်လို့ လမ်းမလျှောက်နိုင်တဲ့ဘဝကို ရောက်သွားတတ်ပါတယ်။ လမ်းမလျှောက်လို့ နာတာရှည်ရောဂါတွေ



ဝင်လာလို့ လူမှုစီးပွားဘဝအထွေထွေ ဒုက္ခပင်လယ်ဝေနိုင်ကြပါတယ်။ ဘာကြောင့် ပုံမှန်လမ်းလျှောက်သင့်သလဲ၊ လမ်းလျှောက်ခွင့် မရနိုင်အောင် ဘာတွေက အတားအဆီးဖြစ်နေသလဲ၊ လမ်းလျှောက်လို့ ရလာမယ့် အကျိုးကျေးဇူးတွေက ဘာတွေလဲ စတဲ့စဉ်းစားစရာ အချက်ပေါင်းများစွာ ရှိပါတယ်။

**လမ်းလျှောက်ခြင်း အကျိုးကျေးဇူးများ**

လမ်းလျှောက်ခြင်းဟာ ရှင်သန်ရပ်တည်မှုရဲ့ အထင်ရှားဆုံးသော ပြယုဂ်တစ်ခုဖြစ်ပါတယ်။ နေ့စဉ် တက်တက်ကြွကြွ လမ်းလျှောက်တဲ့ အလေ့အထရှိသူဟာ အလွယ်ကူဆုံးနဲ့ စရိတ်မကုန်သော ကိုယ်ကျန်းမာ စိတ်ချမ်းသာ ရောဂါများ ကာကွယ်တားဆီးသူ ဖြစ်ပါတယ်။ နေ့စဉ် လမ်းလျှောက်ခြင်းကြောင့် ရလာနိုင်တဲ့အကျိုးကျေးဇူးတွေကို လက်လှမ်းမီသမျှ တင်ပြလိုပါတယ်-

(၁) အမေရိကန်တွေက တစ်နေ့ကို ပျမ်းမျှ ခြေလှမ်း ၅၁၁၇ လှမ်း၊ ဂျပန်တွေက ၇၁၆၈ လှမ်း၊ ဩစတြေးလျတွေက ၉၆၉၅ လှမ်းလျှောက်ကြတယ်လို့ ဆိုပါတယ်။

(၂) ကျန်းမာတဲ့ဘဝပိုင်ဆိုင်လိုတယ်ဆိုရင်တော့ တစ်နေ့ ခြေလှမ်း ၁၀၀၀၀ လျှောက်သင့်တယ်လို့ အကြံပြုကြပါတယ်။

(၃) ၁ နာရီ ၄၃ မိနစ် လမ်းလျှောက်လျှင် ၅၄၀ ကယ်လိုရီ လောင်ကျွမ်းနိုင်ပါတယ်။

(၄) တစ်နေ့ကို ခြေလှမ်း ၉၀၀၀ ပုံမှန်လျှောက်ပါက သက်တမ်းစေ့နေရပါလျှင် တစ်ဘဝလုံး သင်လှမ်းလျှောက်ခဲ့မှုဟာ ကမ္ဘာကြီးကို သုံးပတ်ခွဲပတ်ပြီး ဖြစ်နေမှာပါ။

(၅) နေ့စဉ် ခြေလှမ်း ၁၀၀၀၀ သာ သင်လျှောက်ခဲ့မယ်ဆိုရင် သင့်ကျန်းမာရေးအတွက် တစ်နှစ်အတွင်း အသုံးပြုရမယ့် ငွေလေးသိန်းလောက် သက်သာနိုင်ပါတယ်။

(၆) လူတစ်ယောက်ဟာ မိနစ် ၂၀ လှမ်းလျှောက်ပါက ခြေလှမ်း ၂၀၀၀ ဖြစ်ပြီး ဒါဟာ တစ်မိုင်ခရီး ဖြစ်ပါတယ်။

(၇) ကိုယ်ရောစိတ်ပါ လန်းဆန်းပြီး သောကကင်းဝေးစေပါတယ်။

(၈) ရက်သတ္တတစ်ပတ်ကို မိုင် ၂၀ ကနေ ၂၅ မိုင်အတွင်း ပုံမှန်လမ်းလျှောက်သူဟာ လမ်းလုံးဝမလျှောက်သူထက် သက်တမ်းထက်ဝက် ပိုမိုနေနိုင်ပါတယ်။

(၉) လေဖြတ်မှ လမ်းလျှောက်တာထက် လေမဖြတ်ခင် လျှောက်ဖြစ်အောင်ကြိုးစားပါ။ ဘယ်လို နာတာရှည်ရောဂါဖြစ်နေပါစေ လမ်းလျှောက်နိုင်ပါက မဖြစ်မနေ လမ်းလျှောက်သင့်ပါတယ်။

(၁၀) ကိုယ်ခံအားကို တိုးတက်ကောင်းမွန်စေပြီး ရာသီပြောင်းတွင် ဖြစ်တတ်သော ရောဂါဝေဒနာတွေကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။

(၁၁) လမ်းလျှောက်ခြင်းကြောင့် သွေးလည်ပတ်မှု၊ ချွေးထွက်မှု၊ ကြွက်သားလှုပ်ရှားမှု၊ စိတ်ကြည်လင်မှု၊ အကုသိုလ်လျှော့ချနိုင်မှု၊ အခြားများစွာသော ကျန်းမာရေးသုခတွေ ရရှိစေနိုင်ပါတယ်။

(၁၂) စိတ်ဖိစီးမှုကိုလျော့ကျစေပြီး အသက်ရှူလမ်းကြောင်းကို အားကောင်းစေပါတယ်။

(၁၃) အရွယ်တင်နုပျိုစေပြီး အိုမင်းရင့်ရော်မှုကြောင့် နောက်ဆက်တွဲပြဿနာတွေကို ဖြေရှင်းထားပြီး ဖြစ်ပါတယ်။

(၁၄) သွေးတိုး၊ အဆီပိတ်၊ ဆီးချိုနဲ့ အဝလွန်ခြင်းတွေကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။

(၁၅) အကြံကောင်း ဉာဏ်ကောင်းမထွက်မှု ပပျောက်စေပြီး ဆန်းသစ်နုပျိုသော အတွေးအမြင်သစ်များ ရရှိစေနိုင်ပါတယ်။

(၁၆) ခန္ဓာကိုယ်တွင်း ဇီဝဖြစ်စဉ်တွေ ပိုမိုမြန်ဆန်စေပြီး စွမ်းအားနဲ့ စိတ်ခွန်အားတွေ တိုးပွားစေပါတယ်။

(၁၇) ခန္ဓာကိုယ်ရဲ့ အဓိကအစိတ်အပိုင်းတွေဖြစ်တဲ့ မျက်စိ၊ အရိုး၊ အကြောတွေကို ကျန်းမာသန်စွမ်းစေပြီး နာကျင်မှုဝေဒနာတွေကိုလည်း တားဆီးကာကွယ်နိုင်ပါတယ်။

(၁၈) နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တဲ့အတွက် စိတ်ခွန်အားတွေ တိုးပွားပြီး အမြဲတမ်းတက်ကြွလန်းဆန်းနေနိုင်ပါတယ်။

(၁၉) စျေးအသက်သာဆုံး ကျန်းမာရေး လိုက်စားမှုဟာ လမ်းလျှောက်ခြင်းပါ။

(၂၀) လမ်းလျှောက်လိုစိတ် မွေးနိုင်ဖို့က အရေးကြီးပါတယ်။

(၂၁) သောကစိတ်တွေကို အလွယ်တကူဖယ်ရှားနိုင်ပြီး စိတ်ညစ်ညူးစေတဲ့ အလေ့အထတွေကို ကာကွယ်နိုင်ပါတယ်။

(၂၂) ပုံမှန်လမ်းလျှောက်တဲ့အတွက် ရောဂါကင်းရှင်းပြီး သက်တမ်းစေ့နေနိုင်ပါတယ်။ မှတ်ဉာဏ်ကောင်းစေပြီး ထုံထိုင်းတဲ့ အမူအကျင့်တွေနဲ့ ဝေးကွာစေမှာ ဖြစ်ပါတယ်။

(၂၃) လမ်းလျှောက်မှု ပုံမှန်ဖြစ်ရေး အလေ့အထကတော့ ဘဝမှာ အရေးကြီးဆုံးအချက် ဖြစ်ပါတယ်။

(၂၄) ကျန်းမာရေးအတွက် ဆေးကုသရတဲ့ စရိတ်စကတွေ မကုန်တာကြောင့် မိမိဝင်ငွေတွေကို ပိုမိုစုဆောင်းနိုင်ပါတယ်။

(၂၅) စိတ်ချမ်းသာ ကိုယ်ကျန်းမာလာလို့ မိမိကိုယ်ကို ယုံကြည်မှု မြင့်မားပြီး ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ကာ လူမှုအသိုက်အဝန်းမှာ ချစ်ခင်လေးစားအားထားရသူ ဖြစ်လာနိုင်ပါတယ်။

**ကျန်းမာရေးအတွက် အထောက်အကူအပြည့်အဝပေး**

လူကြီး၊ လူငယ်၊ လူရွယ်၊ လူလတ် ဘယ်လိုလူပဲဖြစ်ပါစေ လမ်းလျှောက်ခြင်း အလေ့အထဟာ ကိုယ့်ဘဝအတွက် အကျိုးမယုတ်စေပါဘူး။ ကိုယ့်ကျန်းမာရေးအတွက် အထောက်အကူအပြည့်အဝ ပေးပါတယ်။ ကိုယ်တိုင်စိတ်ကျေနပ်မှုတွေကို အလွယ်တကူ ဖန်တီးနိုင်တဲ့ အမှုအကျင့်လည်း ဖြစ်ပါတယ်။ ဆေးပညာရှုထောင့်ကပဲ ကြည့်ကြည့်၊ အားကစားလိုက်စားမှုအနေနဲ့ပဲ ရှုမြင်မြင်၊ ဆင်းရဲချမ်းသာမရွေး စရိတ်စက အနည်းဆုံးနဲ့လုပ်နိုင်သော နေ့စဉ်လမ်းလျှောက်ခြင်း အလေ့အထကို မွေးမြူကြရင်း မိမိအနာဂတ်ဘဝကို ကျေနပ်ပျော်ရွှင်ကြည်နူးတက်ကြွ လန်းဆန်းကျန်းမာစွာ ဖြတ်သန်းနိုင်ကြပါစေကြောင်း စေတနာတရားဖြင့် ရေးသားတင်ပြလိုက်ရပါတယ်။ ။

- လူကြီး၊ လူငယ်၊ လူရွယ်၊ လူလတ် ဘယ်လိုလူပဲဖြစ်ပါစေ လမ်းလျှောက်ခြင်း အလေ့အထဟာ ကိုယ့်ဘဝအတွက် အကျိုးမယုတ်စေပါဘူး။ ကိုယ့်ကျန်းမာရေးအတွက် အထောက်အကူအပြည့်အဝပေးပါတယ်။ ကိုယ်တိုင်စိတ်ကျေနပ်မှုတွေကို အလွယ်တကူဖန်တီးနိုင်တဲ့ အမှုအကျင့်လည်း ဖြစ်ပါတယ်။

❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။

# ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင် ပြည်ထဲရေးဝန်ကြီးဌာန စိုက်ပျိုးရေးပညာပေးသင်တန်းဖွင့်ပွဲ တက်ရောက်ဖွင့်လှစ်

**နေပြည်တော် မေ ၇**

ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ မိသားစုဝင်များအနေဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများ စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရရှိစေရန်နှင့် အာဟာရပြည့်ဝပြီး သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်များကို ကိုယ်တိုင်စိုက်ပျိုး စားသုံးနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သော စိုက်ပျိုးရေးပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင် တက်ရောက်အမှာစကားပြောကြားသည်။(ယာပုံ)

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၏ဇနီး၊ ဒုတိယဝန်ကြီး ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးသန်းလှိုင်၏ ဇနီး၊ ရဲအရာရှိကြီးများနှင့် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြသည်။



အဆိုပါစိုက်ပျိုးရေး ပညာပေးသင်တန်းကို မေ ၇ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ရခိုင်ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးလုပ်ငန်းများ စစ်ဆေး

**စစ်တွေ မေ ၇**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို မေ ၅ ရက် မွန်းလွဲပိုင်းက တွေ့ဆုံ၍ ခရီးစဉ်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနတို့ကို သွားရောက်စစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီးသည် မေ ၆ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးခန်းမ၌ ပြည်နယ်အတွင်းရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြည်နယ်တာဝန်ခံများ၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။




တွေ့ဆုံစဉ် ပြည်နယ်တာဝန်ခံများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် မြန်မာ့စီးပွားရေးဘဏ်နှင့် ပင်စင်ဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် မြန်မာ့အာမခံလုပ်ငန်းရုံးများကို သွားရောက်စစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့တို့သို့ သွားရောက်စစ်ဆေးပြီး ရခိုင်ရိုးရာရက်ကန်းစက်ရုံသို့ သွားရောက်လေ့လာကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း (၁၁) ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တွင် အရေးပေါ်ကာလသတ်မှတ် စတင်ဆောင်ရွက်ခဲ့ရမှုအခြေအနေ၊ နိုင်ငံ့ဝန်ထမ်းများထားရှိရမည့် ယုံကြည်ချက်၊ ခံယူချက်၊ အစိုးရ၏ မူဝါဒများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများတွင် ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် ဝိုင်းဝန်းကြိုးပမ်းဖြေရှင်း ဆောင်ရွက်ရေး၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေးအတွက် အရှိန်အဟုန်မပျက် ဆက်လက်ကာကွယ်ထိန်းချုပ်သွားရေးနှင့် ဌာန/အဖွဲ့အစည်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အရိုးရောဂါအထူးကုဆေးရုံကြီး(နေပြည်တော်)တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့ရှိ အရိုးရောဂါအထူးကု ဆေးရုံကြီး (နေပြည်တော်)သည် အရိုးနှင့် ထိခိုက် ဒဏ်ရာရရှိသူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ယခု လက်ရှိအနေအထားမှာ ဒုတိယဆေးရုံအုပ်ကြီး တစ်ဦး၊ ပါမောက္ခ ရောဂါဗေဒတစ်ဦး၊ မေ့ဆေးအထူးကု ဆရာဝန်ကြီး တစ်ဦး၊ အထူးကုဆရာဝန် ရောဂါဗေဒတစ်ဦး၊ လက်ထောက်ဆရာဝန် (အရိုး) ခြောက်ဦး၊ လက်ထောက်ဆရာဝန်(ဓာတ်မှန်) နှစ်ဦးတို့က ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။ ပြင်ပလူနာများကို အပတ်စဉ် တနင်္လာနေ့နဲ့ သောကြာနေ့မှာ နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကုသပေးလျက်ရှိပြီး လိုအပ်တဲ့ လူနာများကို အတွင်းလူနာအဖြစ် ဆေးကုသမှုပေးလျက်ရှိပါတယ်" ဟု အရိုးရောဂါအထူးကုဆေးရုံကြီး (နေပြည်တော်) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ အရိုးရောဂါ အထူးကု ဆေးရုံကြီးတွင် အရိုးကုသဆောင် (၂)ဆောင်၊ ပြင်ပလူနာဌာန၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲဌာန၊ သွေးဌာန၊ အကြောစစ်ဌာနတို့တွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး နေပြည်တော်အတွင်းရှိ ပြည်သူများသာမက နေပြည်တော်နှင့် ဆက်စပ်နေသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှလည်း လာရောက်၍ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်မြို့ ကားဈေးကွက်အတွင်း ကားသစ်ကားဟောင်း အရောင်းအဝယ်ပုံမှန်ရှိနေ

**ရန်ကုန် မေ ၇**

ရန်ကုန်မြို့ ကားဈေးကွက်အတွင်း ကားသစ်များ ဝင်ရောက်သော်လည်း ယခင်အသုံးပြုကားများလည်း ဝယ်လိုအားရှိနေသဖြင့် ကားသစ်ကားဟောင်း အရောင်းအဝယ်များ ပုံမှန်ရှိနေကြောင်း ဝါရင့် ကားဝယ်ရောင်းပြုလုပ်သူများထံမှ စုံစမ်းသိရှိရသည်။

ယခုအချိန်တွင် ပြည်ပမှကားများ ထပ်မံဝင်ရောက်လာခြင်းနှင့်အတူ ယခင် အသုံးပြုမော်ဒယ်နိမ့် ကားများမှာ လက်တွေ့ အသုံးပြုရာတွင် ကောင်းမွန်သဖြင့် ဝယ်လိုအားရှိနေကြောင်း ကားရောင်းဝယ်ရေး အကျိုးဆောင်တစ်ဦးထံမှ သိရသည်။

"ပြည်ပက ကားသစ်တွေလည်း ဝင်တယ်ဆိုပေမယ့် အရင်အရောင်းအဝယ်ကောင်းနေတဲ့ ၂၀၀၇၊၂၀၀၈၊၂၀၀၉၊ ၂၀၁၀ ထုတ်ကားတွေလည်း ဈေးကွက်တစ်ခုက ရှိနေသေးတယ်။ အခု အသစ်ဝင်လာတဲ့ ကားတွေထက် မော်ဒယ်နိမ့်ကားတွေဆိုပေမယ့် သူတို့က လက်တွေ့အသုံးပြုတဲ့နေရာမှာ တော်တော်လေး အဆင်ပြေတယ်။ ဒီတော့ သူ့ဈေးကွက်ကလည်း ပျောက်မသွားဘူးလေ"ဟု ၎င်းကပြောသည်။

မော်ဒယ်မြင့်ကားများ ပြည်ပမှရောက်ရှိလာပြီး ထပ်မံဝင်ရောက်ရန်လည်း ရှိသဖြင့် ရွေးချယ်စရာ တင်သွင်းခွင့်ပါမစ်အစုံဖြင့် ကားဈေးကွက်အတွင်း အဝယ်များလာပြီး ဈေးကွက်ထောက်သူ၊ ကြိုပွိုင့်ဝယ်ယူသူ၊ ဆိပ်ကမ်းအရောက် တစ်ခြမ်းဝယ်ယူသူများ ရှိလာကြကြောင်း ကားအရောင်းပြခန်းများ ထံမှ သိရသည်။

**A မင်း**

# လက်ပံခြေပေါ်မြစ်ရေတင်ဖြင့် စိုက်ပျိုးသော နွေပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ပေါ်ဦးပေါ်ဖျားတွင် ဈေးကောင်းရရှိနေ

**ညောင်ဦး မေ ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် လက်ပံခြေပေါ် မြစ်ရေတင်မှရေဖြင့် စိုက်ပျိုးထားသည့် နွေပဲတီစိမ်း စိုက်ခင်းများအနေဖြင့် လက်ရှိအချိန်တွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိကာ စတင်ဆွတ်ခူးရောင်းချနေသည့် ယခုအချိန်တွင် ယမန်နှစ်ထက် ဈေးနှုန်းပိုရပြီး နွေပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၄၂၀၀၀ ခန့်နှုန်းဖြင့် ရောင်းချနေရခြင်းကြောင့် မြစ်ရေတင်ဖြင့် ပဲတီစိမ်း စိုက်ပျိုးခဲ့သည့် တောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) ညောင်ဦးမြို့နယ် လက်ပံခြေပေါ် မြစ်ရေတင်မှ ရေများဖြင့် ယခုနှစ်တွင် နွေစပါး ၂၂၅ ဧကနှင့် အခြားသီးနှံများဖြစ်သည့် နွေပဲတီစိမ်းနှင့် ငှက်ပျောတို့ကို ညောင်ဦးမြို့နယ်အတွင်း စိုက်ပျိုးကြရာ နွေသီးနှံ စုစုပေါင်း ၅၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နွေပဲတီစိမ်းမှာ စိုက်ဧက ၃၀၀ ကျော်ရှိခဲ့ကာ ပေါ်ဦးပေါ်ဖျား နွေပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၄၂၀၀၀ အထိ ရောင်းချနေရခြင်းကြောင့် အဆင်ပြေကြောင်း၊ ယခင်နှစ်က နွေပဲတီစိမ်း ပေါ်ဦးပေါ်ဖျားဈေးနှုန်းထက် ယခုနှစ်တွင် တစ်တင်းလျှင် ကျပ် ၃၀၀၀ ဈေးနှုန်းပိုရနေကြောင်း ပဲတီစိမ်းစိုက်တောင်သူ ဦးကျော်ဆန်းထံမှ သိရသည်။

ညောင်ဦးခရိုင်အတွင်း၌ နွေပဲတီစိမ်းများကို ဖေဖော်ဝါရီ လလယ်ခန့်တွင် စတင် ကြဲပက်စိုက်ပျိုးကြကာ စိုက်ပျိုးပြီး ၄၅ ရက်ကြာလျှင် ပဲတီစိမ်း အဖူး၊ အပွင့်များ စတင်ဖူးပွင့်ကာ ရက် ၆၀ အကြာတွင် ပဲတီစိမ်းများကို စတင်ဆွတ်ခူးရောင်းချနိုင်ကြောင်း သိရသည်။

စိုက်ပျိုးသည့် ပဲတီစိမ်းမျိုးများမှာ ရေဆင်း-၁၁ နှင့် ရေဆင်း-၁၄ မျိုးများဖြစ်ကာ အထွက်နှုန်းမှာ တစ်ဧကလျှင် တင်း ၂၀ ဝန်းကျင် ထွက်ရှိကြောင်းနှင့် ထွက်ရှိလာသည့် ပဲတီစိမ်းများကို ပခုက္ကူမြို့မှ ပွဲရုံများသို့ အများဆုံး သွားရောက်ရောင်းချကြကြောင်း သိရသည်။

နွေပဲတီစိမ်း တစ်ဧကစိုက်ပျိုးရန်အတွက် မြစ်ရေတင်မှ ရေသွင်းခမှာ ပဲတီစိမ်း စတင်စိုက်ပျိုးချိန်မှ ဆွတ်ခူးသိမ်းဆည်းပြီးသည်အထိ တစ်ဧကလျှင် ကျပ် ၃၀၀၀ သာ ပေးသွင်းရသဖြင့် တောင်သူများအနေဖြင့် ရေဖိုးအတွက် အခက်အခဲ တစ်စုံတစ်ရာမရှိကြောင်း၊ နွေစပါးအတွက်မူ တစ်ဧကလျှင် စပါးရိတ်သိမ်းပြီးသည်အထိ ရေဖိုး ကျပ် ၉၀၀၀ သာ ပေးသွင်းရကြောင်း လက်ပံခြေပေါ် မြစ်ရေတင်မှ တာဝန်ခံ ဦးစီးမှူး ဦးထွန်းဇော်၏ ပြောကြားချက်အရ သိရသည်။

လက်ရှိ ပေါ်ဦးပေါ်ဖျားအချိန်တွင် ပဲတီစိမ်းများကို တစ်တင်းလျှင် ကျပ် ၄၂၀၀၀ အထိဈေးဖြင့် ရောင်းချနေရခြင်းကြောင့် ပဲတီစိမ်းလှိုင်လှိုင်ပေါ်ချိန်တွင်လည်း တစ်တင်း ကျပ် ၃၉၀၀၀ ဈေးအောက်သို့ မရောက်နိုင်ကြောင်း တောင်သူများ ခန့်မှန်းနေကြပြီး ယခုနှစ်မှာ နွေပဲတီစိမ်းစိုက်ပျိုးသည့် တောင်သူများ တွက်ခြေကိုက်မည့်နှစ်တစ်နှစ် ဖြစ်ကြောင်းလည်း ဒေသခံ နွေပဲတီစိမ်းစိုက်တောင်သူများက မျှော်လင့်ထားကြသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများ၏ ပါရဂူဘွဲ့ကြိုသင်တန်းများ၊ မဟာဘွဲ့ (ရေးဖြေ) သင်တန်းများနှင့် နောက်ဆုံးနှစ် ဘွဲ့ကြိုသင်တန်းများ ပြန်လည်ဖွင့်လှစ်

**နေပြည်တော်  မေ ၇**

ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်နှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်နိုင်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ရယူအသုံးချကာ လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်သော ဘွဲ့ရလူငယ်မောင်မယ် ပညာတတ်များ မွေးထုတ်ရေးကို ဦးတည်လျက် ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများ၏ ပါရဂူဘွဲ့ကြိုသင်တန်းများ၊ မဟာဘွဲ့ (ရေးဖြေ) သင်တန်းများနှင့် နောက်ဆုံးနှစ် ဘွဲ့ကြိုသင်တန်းများကို မေ ၅ ရက်မှစတင်၍ တစ်ပြိုင်တည်း ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ယင်းသို့ဖွင့်လှစ်ရာတွင် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၄၉ ကျောင်း၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်ကျောင်း ၆၀၊ ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်း စုစုပေါင်း ၁၃၄ ကျောင်းတွင် ပါရဂူဘွဲ့ကြိုသင်တန်းများ၊ မဟာဘွဲ့(ရေးဖြေ)သင်တန်းများ၊ မဟာအရည်အချင်းစစ်သင်တန်းများ၊ ဂုဏ်ထူးတန်း ဒုတိယနှစ်၊ တတိယနှစ်သင်တန်းများ၊ နောက်ဆုံးနှစ် ဘွဲ့ကြိုသင်တန်းများ၊ ဒုတိယနှစ် ပညာရေးဒီပလိုမာသင်တန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု အစီအစဉ်ဖြင့် ဖွင့်လှစ်လျက်ရှိသော ဘွဲ့လွန်ဒီပလိုမာ သင်တန်းများနှင့် မဟာဘွဲ့နောက်ဆုံးနှစ် သင်တန်းများကိုလည်းကောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရ နည်းပညာအထက်တန်းကျောင်းများ စုစုပေါင်း ကျောင်း ၇၀ ရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများ၊ GTHS (၂) နှစ်သင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများကိုလည်းကောင်း ကိုဗစ်-၁၉ ရောဂါတားဆီးကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို လိုက်နာစေလျက် မေ ၅ ရက်တွင် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှု အခွင့်အလမ်းနှင့် အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများ ပွင့်လန်းလာသဖြင့် ဝမ်းမြောက်လျက်ရှိကြကြောင်းနှင့် ဆရာ ဆရာမများကလည်း ပညာသင်ကြားပေးနိုင်ရေးအတွက် မေ ၃ ရက်မှစတင်ကာ အသင့်ပြင်ဆင်ထားရှိကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သင်္ကြန်ကာလအပြီး အိမ်ငှားဈေးကွက် အနည်းငယ်ပြန်လည်မြင့်တက်

**ရန်ကုန်  မေ ၇**

သင်္ကြန်ကာလအပြီး ဧပြီလတတိယပတ်မှစ၍ အိမ်ငှားဈေးကွက် အနည်းငယ် ပြန်လည်မြင့်တက်လာကြောင်း ရန်ကုန်မြို့ရှိ အိမ်ခြံမြေလုပ်ငန်းရှင်များထံမှ သိရသည်။

ကိုဗစ်ကာလတွင် ပိတ်ထားရသည့်အခန်းများ များပြားလျက်ရှိသောကြောင့် သင်္ကြန်ကာလအပြီးတွင် အိမ်ရှင်များဘက်မှ အိမ်ငှားခနွှန်းများကို ၂၀ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအထိ လျှော့ချ၍ ငှားရမ်းလျက်ရှိကြောင်း ရန်ကုန်မြို့နေ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံမှ သိရသည်။ “သင်္ကြန်မတိုင်ခင် ကိုဗစ်ကာလမှာ အိမ်ငှားဈေးကွက်က တော်တော်အေးနေသလောက် သင်္ကြန်အပြီးမှာတော့ မသိမသာ ပြန်တက်လာပါတယ်။ သင်္ကြန်မတိုင်ခင်က အငှားဈေးကွက်မကောင်းဘဲ ပိတ်ထားရတဲ့ အခန်းတွေများလာတော့ အိမ်ရှင်တွေက ဈေးတွေလျှော့ပေးလိုက်ကြတယ်။ ဒီတော့ အငှားလည်း နည်းနည်းပြန်လိုက်လာတာပေါ့” ဟု ၎င်းကပြောသည်။

အိမ်ခန်းများငှားရမ်းရာတွင် ငွေကျပ်တစ်သိန်းနှင့် သုံးသိန်းကြား အထပ်မြင့်တိုက်ခန်းများ အဓိကအငှားသွက်ကြသော်လည်း ငွေကျပ်သုံးသိန်းအထက်အခန်းများ၊ စီးပွားရေးလုပ်ကိုင်နိုင်သည့် မြေညီထပ်တိုက်ခန်းများ၊ ကွန်ဒိုတိုက်ခန်းများမှာ အငှားဈေးကွက်အေးစက်လျက်ရှိကြောင်း သိရသည်။ “ငွေကျပ်သုံးသိန်းအောက်အခန်းတွေ အဓိကအငှားသွက်ပါတယ်။ သုံးသိန်းအထက်ဈေးရှိတဲ့ အခန်းတွေကို လိုက်တောင်မကြည့်ကြဘူး။ မြေညီထပ်တွေလည်း အငှားမရှိဘူး။ မြေညီတွေငှားကြရင် ဆိုင်ဖွင့်ဖို့ အဓိကငှားကြတာဆိုတော့ အခု ကိုဗစ်ကာလက ရှိတဲ့ဆိုင်တွေတောင် ပိတ်နေကြတဲ့အနေအထားဆိုတော့ မြေညီထပ်တွေလည်း အလုပ်မဖြစ်ဘူး။ ပြီးတော့ ဧည့်အဝင်လည်းမရှိတော့ နိုင်ငံခြားသားအများစု ငှားရမ်းနေထိုင်တဲ့ ကွန်ဒိုတွေလည်း အငှားမရှိဘူး”ဟု ၎င်းက ပြောသည်။ ထို့အပြင် တချို့သော အိမ်ရှင်များမှာ ခြောက်လချုပ်အစား အိမ်ငှားများတောင်းဆိုသည့်အတိုင်း သုံးလချုပ်အထိ ချုပ်ဆိုပေးလာကြကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ယခင်က stay home ထုတ်ပြန်ထားသည့်အတွက် ရပ်ကွက်နှင့်လမ်းများအတွင်း လူစိမ်းပေးမဝင်ခြင်း၊ အိမ်ပြောင်းရွှေ့ရန်ခက်ခဲခြင်းများက အိမ်ငှားဝန်ဆောင်မှုများကို ကျပ်တည်းစေပြီး ယခုအခါ ပြန်လည်ဖြေလျှော့မှုများရှိလာပြီ ဖြစ်သည့်အတွက် အိမ်ငှားဝန်ဆောင်မှုများလည်း ပြန်လည်လုပ်ကိုင်လာနိုင်ကြောင်း သိရသည်။

**အေမင်း**

## ပွင့်ဖြူမြို့နယ်၌ မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးသည့် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ပွင့်ဖြူ  မေ ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ နွေစပါးနှင့်နွေနှမ်းအပါအဝင် အခြားနွေသီးနှံများကို မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



မဲဇလီရေလွှဲဆည်ရေဖြင့် နွေနှမ်းစိုက်ခင်းများ စိုက်ပျိုးထားစဉ်။

**စနစ်တကျ ဖြန့်ဝေပေး**

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ နွေသီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလွှဲဆည်မှ ဆည်ရေကို ဖေဖော်ဝါရီ ၁၆ ရက်တွင် နွေစပါးသီးနှံအတွက် မြောက်မုန်းမြောင်းမကြီးမှ တစ်ဆင့် ဆည်ရေများ စတင်ဖြန့်ဝေပေးခဲ့ပြီး နွေနှမ်းနှင့် အခြားနွေသီးနှံ စိုက်ပျိုးနိုင်ရေးအတွက် ဧပြီ ၁ ရက်မှစတင်၍ တောင်မုန်းမြောင်းမကြီးမှ တစ်ဆင့် ဆည်ရေကို စနစ်တကျ ဖြန့်ဝေပေးကြောင်း သိရသည်။ ဒေသခံတောင်သူများက ဆည်ရေရရှိသည့်အချိန်တွင် မိမိတို့၏ လယ်ယာမြေများကို ထယ်ရေးညက်အောင် ထွန်ယက်ခြင်း၊ မြေဩဇာကျွေးခြင်းနှင့် အမှိုက်သရိုက်နှင့် ပေါင်းများ ရှင်းလင်းခြင်းလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကာ နွေစပါးနှင့် နွေနှမ်းကို အချိန်မီစိုက်ပျိုးကြသဖြင့် ယခုအခါ နွေနှမ်းစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ နွေနှမ်းစိုက်ပျိုးတောင်သူများထံမှ သိရသည်။

“ကျွန်တော်တို့ ဒေသခံတောင်သူတွေ နွေသီးနှံစိုက်ပျိုးရာသီချိန်မှာ မဲဇလီရေလွှဲဆည်ရေနဲ့ နွေစပါးနဲ့ နွေနှမ်းကို နှစ်စဉ် အားထားစိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် သီးနှံအထွက်နှုန်းလည်း ကောင်းပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ ကျွန်တော်တို့ မြောက်မုန်းမြောင်းမကြီးက နွေနှမ်းအတွက်ပဲ ရေပေးဝေခဲ့ပါတယ်။ နွေစပါးအတွက်က တောင်မုန်းမြောင်းမကြီးတစ်လျှောက်ရှိ တောင်သူတွေကိုပဲ ဖြန့်ဝေပေးခဲ့တာဖြစ်ပါတယ်။ ဒီနှစ်ကျတော့ ကျွန်တော်တို့ မြောက်မုန်းမြောင်းမကြီးက တောင်သူတွေကို နွေစပါးစိုက်ပျိုးဖို့အတွက်ပေးဝေပြီး တောင်မုန်းမြောင်းမကြီးက တောင်သူတွေကိုတော့ နွေနှမ်းစိုက်ပျိုးဖို့အတွက် ပေးဝေတာဖြစ်ပါတယ်။ အခုနှစ်မှာလည်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အချိန်မီဆည်ရေပေးဝေခဲ့တဲ့အတွက် စိုက်ပျိုးထားတဲ့ နွေစပါးနဲ့ နွေနှမ်းစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ အခုရက်ပိုင်း နေအပူချိန်များတော့ နွေနှမ်းစိုက်ခင်းတွေ ရေဖျန်းပေးနေရပါတယ်။ နှမ်းဈေးနှုန်းကောင်းတော့ တောင်သူတွေအတွက် ပင်ပန်းရကျိုးနပ်ပါတယ်။ ကျွန်တော်တို့ ဒေသမှာတော့ တောင်သူတွေအများစုက ဈေးကွက်ကောင်းတဲ့ စမုံနက်နှမ်းကိုပဲ အများဆုံး စိုက်ပျိုးကြတာ ဖြစ်ပါတယ်။ အခုဆိုရင် နွေနှမ်းစိုက်ခင်းတွေဟာ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်”ဟု ပွင့်ဖြူမြို့နယ် မကျည်းရုံကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါးသီးနှံစိုက်ဧက ၁၉၈၀၄ ဧကနှင့် နွေနှမ်းစိုက်ဧက ၃၁၆၆၀ လျာထားစိုက်ပျိုးဆောင်ရွက်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## တရုတ်နိုင်ငံသို့ သရက်သီးတင်ပို့မှု ၈၀ ရာခိုင်နှုန်းဝန်းကျင် ရပ်ဆိုင်းထား

**ရန်ကုန် မေ ၇**

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အိမ်နီးချင်းတရုတ်နိုင်ငံသို့ စိန်တလုံးသရက်သီးများ တင်ပို့ရောင်းချမှု ၈၀ ရာခိုင်နှုန်းဝန်းကျင် ရပ်ဆိုင်းထားကြောင်း သရက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

“ဈေးကွက်ကတော့ မူဆယ်ဈေးကွက်ကို ပျက်နေတာပါ။ အရင်ထက်စာရင် ကားအစီးရေတွေ လျှော့ပြီးတင်ပို့နေကြရတာပေါ့။ ဈေးနှုန်းက မကိုက်ဘူးလေ။ သူတို့ကို အလကားသွားပေးနေရသလို ဖြစ်နေတာပေါ့။ ဒါကြောင့် တင်ပို့မှုကို ရပ်ထားကြပါတယ်။ ၈၀ ရာခိုင်နှုန်းလောက်အထိကို ရပ်ထားတယ်။ စိုက်စရိတ်နည်းနည်းပါးပါး ကာမိချင်လို့ ၂၀ ရာခိုင်နှုန်းလောက်ပဲ တင်ပို့သူရှိတော့တယ်” ဟု သရက်စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးသန်းထွန်းက ပြောသည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် သရက်သီးတင်ပို့ရောင်းချသည့်ဈေးကွက်အတွင်း ဧပြီ ၂၈ ရက်အထိ သရက်သီးဈေးနှုန်းများမှာ သရက်သီး (အရည်အသွေးမြင့်) တစ်ခြင်းလျှင် ယွမ် ၁၁၀ မှ ၁၃၀ အတွင်း၊ သရက်သီး(အရည်အသွေးနိမ့်) တစ်ခြင်းလျှင် ယွမ် ၅၀ မှ ၇၀ အတွင်း ဈေးနှုန်းများရရှိကြောင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ ခွာညိုသစ်သီးပွဲရုံမှ သိရသည်။

“ကားခက ၁၅ ကီလို၊ ၁၆ ကီလို ခြင်းတစ်ခြင်းကို ငွေကျပ် ၁၆၀၀/၁၇၀၀ လောက်ကျတယ်။ တင်ပို့တဲ့အခါ စစ်ဆေးခ၊ ရှန်တိန်လုပ်ခတို့လည်း ပေးရဦးမယ်။ သရက်အိတ်စွပ်ခ၊ ခြင်းဖိုးတွေ ဘာမှမပါသေးဘူး။ မူဆယ် အရောက်ဆိုရင် တစ်ခြင်းကို မြန်မာငွေကျပ်ရှစ်ထောင်လောက် ကုန်ကျတယ်။ ဧပြီလအထိက သရက်တစ်ခြင်းကို ယွမ် ၁၀၀ ကျော်လောက် ဈေးရခဲ့သေးတယ်။ အခု မေလဆန်းမှာတော့ သရက်ခေါ်င်စ (အရည် အသွေးမြင့်)တစ်ခြင်းကိုမှ ယွမ် ၆၀/၇၀ လောက်ပဲ ဈေးရတော့တယ်။ ဒါကြောင့် မပို့ကြတော့ဘူး။ ရပ်ထားကြတယ်” ဟု ၎င်းက ဆက်လက် ပြောသည်။

ယခင်နှစ်များက ဈေးကွက်ကောင်းမွန်ခဲ့ချိန်များအတွင်း သရက်သီးတစ်တန်လျှင် မြန်မာငွေကျပ် ၁၀ သိန်းဝန်းကျင်အထိ ဈေးကောင်းရရှိကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# မိုးရာသီနှင့် ရာသီဥတုဆိုင်ရာ သဘာဝဘေးအန္တရာယ်

စွန်ရဲ

### သဘာဝဘေးအန္တရာယ်များ

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာအရပ်ရပ်တွင် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကို ကြုံတွေ့နေကြရသည်။ ထူးခြားသည့် မိုးလေဝသဖြစ်စဉ်များကို ဖြစ်ပေါ်စေပြီး အစွန်းရောက်မိုးလေဝသဖြစ်စဉ်များကို တွေ့ကြုံနေခဲ့ရသည်။ ပူသည့်နေရာဒေသများတွင် ပိုမို ပူပြင်းလာခြင်း (အပူချိန်မြင့်တက်ခြင်း)၊ ခြောက်သွေ့သည့်ဒေသများတွင်ပိုမို ခြောက်သွေ့လာခြင်း(မိုးခေါင်ခြင်း)၊ မိုးများသည့်နေရာဒေသများတွင် ပိုမိုစိုစွတ်လာခြင်း(မိုးသည်းထန်စွာ ရွာသွန်းခြင်း)စသည့် ဖြစ်စဉ်များမှာ ကမ္ဘာဒေသအနှံ့အပြားတွင် ဖြစ်ပေါ်လျက်ရှိနေသည်။

ယနေ့ကမ္ဘာတွင် ပိုမိုဆိုးရွားလာသည့် ရာသီဥတုပြောင်းလဲမှုအခြေအနေများကို တွေ့မြင် ကြားသိနေရပြီး အဆိုပါအကျိုးဆက်များကြောင့် မိုးလေဝသ၊ ဇလဗေဒနှင့် ရာသီဥတုဆိုင်ရာ သဘာဝဘေးအန္တရာယ်များဖြစ်ကြသည့် မုန်တိုင်းတိုက်ခတ်မှုများ၊ ရေကြီးရေလျှံမှုများ၊ အပူလွန်ကဲခြင်းနှင့် မိုးခေါင်ရေရှားခြင်း စသည့် သဘာဝဘေးအန္တရာယ်များသည် ယခင်နှင့်မတူဘဲ နေရာဒေသပြောင်းလဲလာမှု၊ ပြင်းအား ပိုမိုကြီးမားလာမှုနှင့် အရေအတွက် ပိုမိုများပြားလာမှုများ ဖြစ်ပေါ်နေသည်ကို သတိပြုမိကြမည်ဖြစ်သည်။

ထို့အပြင် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်သည့် သဘာဝဘေးများတွင် ကြိုတင်ပြင်ဆင် ရင်ဆိုင်နိုင်သည့် မုန်တိုင်းနှင့် ရေကြီးခြင်း၊ မျှော်လင့်မထားနိုင်သည့်အခြေအနေမျိုးနှင့် ရုတ်တရက် တွေ့ကြုံရသည့် လျှပ်တစ်ပြက်ရေကြီးခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်းနှင့် ဆက်စပ်ဖြစ်ပေါ်သည့် တောင်ပြို၊ မြေပြိုခြင်းများအပြင် သတိမမူမိဘဲ တဖြည်းဖြည်းချင်း ဖြစ်ပေါ်နေတတ်သည့် မိုးခေါင်ရေရှားခြင်း သဘာဝဘေးအန္တရာယ်ကိုလည်း ရင်ဆိုင်နေရသည်ကို သတိပြုကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လေ့ရှိသော သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ အမျိုးအစားများ ခွဲခြား သတ်မှတ်ထားရှိသည်။ ယင်းတို့မှာ-

**(၁) ဘူမိရူပဆိုင်ရာ**

(ငလျင်၊ မြေပြိုခြင်း၊ ဆူနာမီ၊ မီးတောင်ပေါက်ကွဲခြင်း)၊

**(၂) ဇလဗေဒဆိုင်ရာ**

(နှင်းတောင်ပြိုခြင်း၊ ရေကြီးခြင်း)၊

**(၃) ရာသီဥတုဆိုင်ရာ**

(ဆိုင်ကလုန်းနှင့် မုန်တိုင်းများ၊ ဒီရေမြင့်တက်ခြင်း)၊

**(၄) ဇီဝဗေဒဆိုင်ရာ**

(ကူးစက်မြန်ရောဂါ၊ အင်းဆက်နှင့်တိရစ္ဆာန်၊ ပလိပ်ရောဂါ)စသည်ဖြင့် ဖြစ်ပွားပျက်စီးတတ်ပုံ နယ်ပယ်အလိုက် ခွဲခြားသတ်မှတ်ကာ သတိထားစောင့်ကြည့်လျက်ရှိနေကြသည်။

### မိုးတိမ်တောင်များ

မိုးတွင်းကာလတွင် တွေ့ကြုံရနိုင်သော သဘာဝဘေးအန္တရာယ်မှာ ရာသီဥတုဆိုင်ရာ သဘာဝဘေးအန္တရာယ်များ ဖြစ်သည်။ မုန်တိုင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် ရေကြီးရေလျှံခြင်း၊ မိုးတိမ်တောင်နှင့် မိုးကြိုးအန္တရာယ်များ စသည်တို့မှာ မြန်မာနိုင်ငံနှင့် ရင်းနှီးနေသော သဘာဝဘေးအန္တရာယ်များဖြစ်သည်။ မိုးတိမ်တောင်ဖြစ်ပေါ်ခြင်းနှင့်အတူ နေရာကွက်၍ မိုးကြီးခြင်း၊ စိုက်ဆင်းလေပြင်းများ တိုက်ခတ်ခြင်း (လေဆင်နှာမောင်းတိုက်ခတ်ခြင်း)၊ လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်တတ်သည်။ အထူးသဖြင့် မုတ်သုံလေ မြန်မာနိုင်ငံသို့ဝင်ရောက်ချိန်နှင့် ပြန်လည်ထွက်ခွာချိန်များတွင် အများဆုံး ဖြစ်တတ်လေ့ရှိသည်။

အပူချိန်မြင့်တက်မှုကြောင့် မိုးတိမ်တောင်များ ဖြစ်ပေါ်လေ့ရှိပြီး မိုးတိမ်တောင်များနှင့်အတူ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ စိုက်ဆင်းလေပြင်းတိုက်ခြင်း၊ ပင်လယ်မီးစုန်းတောက်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များကို တွေ့ရတတ်သည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတု ပြောင်းလဲဖြစ်ပေါ်မှုများကို မြန်မာနိုင်ငံအနှံ့အပြားတွင် တွေ့ကြုံနေကြရပြီဖြစ်သည်။ ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းဒေသ၌ ဖြစ်ပေါ်သော မုန်တိုင်းများ၏ သက်ရောက်မှုများ၊ တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်တတ်သော မုန်တိုင်းအကြွင်းအကျန် လေပွေလှိုင်းများနှင့် မိုးတိမ်တောင်များ ရွေ့လျားဝင်ရောက်မှုများမှာ မြန်မာနိုင်ငံအပေါ်တွင်လည်း သက်ရောက်နေသည်ကို တွေ့ရသဖြင့် ကြုံတွေ့ရနိုင်သည့် ရာသီဥတုဆိုင်ရာ သဘာဝဘေးအန္တရာယ်များကို အခါမလပ် သတိထားကြရန်လိုသည်။

### မိုးကြိုးပစ်ခြင်း

မိုးကြိုးပစ်ခြင်းသည် မိုးရာသီတွင်အဖြစ်များပြီး မိုးကြိုးပစ်လျှင်ကုသနိုင်ခြင်းလည်းမရှိဘဲ သေဆုံးမှုများသော သဘာဝဘေးအန္တရာယ်တစ်မျိုးဖြစ်သည်။ မိုးကြိုးကို Thunder ဟုခေါ်ပြီး လျှပ်စီးလက်ခြင်းကို Lighting ဟု ခေါ်သည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအရ တစ်ရက်လျှင် မိုးကြိုး အကြိမ်တစ်ရာနီးပါး ပစ်ခတ်နေကြောင်းလည်း သိရသည်။

မိုးကြိုးဆိုသည်မှာ မိုးတိမ်တောင်မှတစ်ဆင့် ပါလာသော ရေမှုန်၊ ရေမွှားများသည် ကမ္ဘာ့လေထုအတွင်း ပွတ်တိုက်ခြင်းကြောင့် လျှပ်စီးကြောင်းများ ဖြစ်ပေါ်လာပြီး လျှပ်စီးကြောင်း လျှပ်စစ်ကူးသောအခါ မိုးကြိုးပစ်ခြင်း ဖြစ်ပေါ်လာရသည်။ တိမ်တိုက်အချင်းချင်း လျှပ်စီးကူးခြင်းဖြစ်သလို တိမ်တိုက်နှင့် မြေပြင်မှ အရာဝတ္ထုများနှင့် ကမ္ဘာမြေကြီးအကြား လျှပ်စီးကူးတတ်သဖြင့် မိုးကြိုးပစ်ချခြင်း ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

> **“လျှပ်စစ်စီးကြောင်းများဖြစ်ပေါ်ပြီး မိုးကြိုးပစ်သောဖြစ်စဉ်များတွင် လျှပ်စစ်ဓာတ်အားသည် ဗို့အား သန်း ၁၀၀ အထိရှိကြောင်းဖြင့် ဆိုသည်။ မိမိတို့နေအိမ်တွင် ချက်ပြုတ်သော လျှပ်စစ်ထမင်းအိုးများမှာ အများဆုံး ဗို့အား ၁၂၀၀ သာ ရှိသည်။ ထိုကဲ့သို့ လျှပ်စစ်ဓာတ် သန်းနှင့်ချီသော ဗို့အားနှင့် ထိတွေ့လိုက်ရသောအခါ အရာအားလုံး အစိတ်စိတ် အမြွာမြွာ မီးလောင်တိုက်အသွင်းခံလိုက်ရသလို ဖြစ်သွားရသည်”**

လျှပ်စစ်စီးကြောင်းများဖြစ်ပေါ်ပြီး မိုးကြိုးပစ်သောဖြစ်စဉ်များတွင် လျှပ်စစ်ဓာတ်အားသည် ဗို့အား သန်း ၁၀၀ အထိရှိကြောင်းဖြင့် ဆိုသည်။ မိမိတို့နေအိမ်တွင် ချက်ပြုတ်သော လျှပ်စစ်ထမင်းအိုးများမှာ အများဆုံး ဗို့အား ၁၂၀၀ သာ ရှိသည်။ ထိုကဲ့သို့ လျှပ်စစ်ဓာတ် သန်းနှင့်ချီသော ဗို့အားနှင့် ထိတွေ့လိုက်ရသောအခါ အရာအားလုံး အစိတ်စိတ် အမြွာမြွာ မီးလောင်တိုက်အသွင်းခံလိုက်ရသလို ဖြစ်သွားရသည်။

မိုးကြိုးလျှပ်စစ် စက်ကွင်းအတွင်း ကျရောက်နေသော သစ်ပင်အပါအဝင် အရာဝတ္ထုများမှာ ထက်ပိုင်းကျိုးကာ မီးသင့်လောင်ခြင်းကို ဖြစ်စေတတ်သည်။ သက်ရှိသတ္တဝါများမှာ အသက်သေဆုံးသည်အထိ ဖြစ်ရသည်။ ဗို့အား သန်း ၁၀၀ ရှိသော လျှပ်စစ်စီးကြောင်းသည် လေထုကို အပူဓာတ် စုစုပေါင်း သုံးသိန်းကျော်ဒီဂရီ စင်တီဂရိတ်အထိ ဖြစ်လာစေသည်ဟုလည်း ဆိုသည်။ ထိုဖြစ်စဉ်ကြောင့် ပြင်းထန်သော မိုးခြိမ်းသံကြီးနှင့်အတူ တောက်ပသော လျှပ်စီးကြောင်းများကို မြင်ရခြင်းဖြစ်သည်။ မိုးတိမ်တောင်အဖြစ်များသော မိုးဦးကျကာလနှင့် မိုးအကုန် မိုးနှောင်းကာလများတွင် အဖြစ်များသည်။ ထို့ကြောင့် မိမိတို့ ဒေသအနီးတစ်ဝိုက်တွင် မိုးခြိမ်းခြင်းနှင့် လျှပ်စီးလက်ခြင်းတို့ မကြာခဏ ဖြစ်ပေါ်နေပါက မိုးကြိုးပစ်နိုင်သည့်အန္တရာယ်ရှိကြောင်း သတိထားကြရန် လိုအပ်သည်။ အထူးသတိပြုရန်မှာ လျှပ်စစ်စီးကြောင်းကို ဖြစ်ပေါ်စေသော မိုးတိမ်တောင်များသည် မွန်းလွဲပိုင်းနှင့် ညနေပိုင်းများတွင် အဖြစ်များတတ်ခြင်းဖြစ်သည်။

မိုးကြိုးပစ်ခြင်းကို ကြိုတင်ကာကွယ်ရန်အတွက် နေအိမ်အဆောက်အအုံများတွင် မိုးကြိုးလွှဲ တပ်ဆင်အသုံးပြုခြင်း၊ ပြတင်းပေါက်များအား အလင်းဝင်ရောက်မှုမှ ကာကွယ်ခြင်း(စက္ကူကပ်ခြင်း၊ လိုက်ကာတပ်ဆင်ခြင်း)၊ လျှပ်စစ်မီးဖြတ်သော ပင်မမီးခလုတ်များ တပ်ဆင်ခြင်း၊ မိမိအိမ်ပတ်ဝန်းကျင်ရှိ သစ်ပင်၊ သစ်ကိုင်းများကို ဓာတ်ကြိုးနှင့် မထိအောင်၊ အိမ်ခေါင်မိုးနှင့် မထိမိအောင် ရှင်းလင်းခြင်းများကို ဆောင်ရွက်ထားကြရန် လိုအပ်ပေသည်။

### မြန်မာနိုင်ငံနှင့်သဘာဝဘေးအန္တရာယ်

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များအနက် အနီးကပ်ဆုံးကာလများ၌ ဖြစ်ပေါ်ခဲ့သည့် ရာသီဥတုနှင့်သက်ဆိုင်သော သဘာဝဘေးများကို ပြန်လည်သုံးသပ်မည်ဆိုပါက မုန်တိုင်းဖြစ်ပွားမှုများမှာ ထူးခြားမှုမရှိသော်လည်း ရေကြီးရေလျှံမှုများမှာ ယခင်ကနှင့် မတူသည်ကို တွေ့ရသည်။ ယခင်က ရေကြီးရေလျှံမှု ဆိုးရွားစွာမဖြစ်ခဲ့ဖူးသည့် ရခိုင်ပြည်နယ်၌ ၂၀၁၆၊ ၂၀၁၇ ခုနှစ်များတွင် ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ခြင်း၊ ၂၀၁၈ ခုနှစ်က မွန်ပြည်နယ်တွင် ရေကြီးရေလျှံခြင်းနှင့်အတူ မော်လမြိုင်မြို့ရှိ ကျိုက်သလွံစေတီတော် တောင်ပြိုကျမှုဖြစ်စဉ်များ၊ ၂၀၁၉ ခုနှစ်တွင် ပေါင်မြို့နယ် မလတ်တောင်ပြိုကျမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ပြီး ယင်းဖြစ်စဉ်များကြောင့် သေဆုံးဒဏ်ရာရမှုများ ရှိခဲ့သည်။

ထို့အပြင် ၂၀၁၉ ခုနှစ်တွင် ဆွာချောင်းရေလှောင်တမံကျိုးပေါက်ခဲ့သည့် ဖြစ်စဉ်ကြောင့် ရေကြီးရေလျှံမှု၊ ၂၀၂၀ ပြည့်နှစ်တွင် အမရပူရမြို့နယ် ရွှေဂဲရေထိန်းတံခါးတာပေါင် ကျိုးပေါက်မှုကြောင့်ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများနှင့် မြန်မာနိုင်ငံအထက်ပိုင်း ဒေသများတွင် ရေကြီးရေလျှံမှု ဖြစ်စဉ်များကိုလည်း ဆက်တိုက်ပင် တွေ့နေရသည်။

မြန်မာနိုင်ငံ၌ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များအနက် ရာသီဥတုနှင့်ဆိုင်သော ဘေးအန္တရာယ်များမှာ အများဆုံးဖြစ်ကြောင်း တွေ့ရသည်။ မိုးများခြင်းနှင့် ရေကြီးခြင်းများကြောင့် စိုက်ခင်းများ ပျက်စီးခြင်း၊ ပူပြင်းခြောက်သွေ့မှုနှင့် စိုက်ပျိုးရေမလုံလောက်မှုများကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးခြင်း၊ အထွက်နှုန်းကျဆင်းခြင်း၊ အရည်အသွေးကျဆင်းခြင်းတို့ကြောင့် စားနပ်ရိက္ခာရှားပါးမှုများကို ကြုံတွေ့ရနိုင်သည်။ နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော လူဦးရေသည် ကျေးလက်တွင် နေထိုင်သူများ ဖြစ်ကြပြီး အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်၍ စိုက်ပျိုးရေးကဏ္ဍ အောင်မြင်ရေးမှာ အရေးကြီးသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ အောင်မြင်ပါက လူမှုစီးပွားဘဝတိုးတက်လာနိုင်မည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍ ထိခိုက်ပျက်စီးဆုံးရှုံးပါက ပြည်သူများအပေါ် ဆိုးကျိုးသက်ရောက်မှုများ ရှိနိုင်သည့်အပြင် နိုင်ငံ၏စီးပွားရေးကို ထိခိုက်စေမည်ဖြစ်သည်။ ထို့ကြောင့် ရာသီဥတုနှင့်ဆိုင်သော သဘာဝဘေးအန္တရာယ်များကို အလေးအနက် သတိထားကြရန် လိုပေသည်။

### မုတ်သုံရာသီ ဖြစ်စဉ်များ

မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်အရ အနောက်တောင် မုတ်သုံလေသည် မေလဆန်းခန့်မှစတင်ကာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသ (တနင်္သာရီတိုင်းဒေသကြီး)မှ စတင်ဝင်ရောက်ပြီး မြစ်ဝကျွန်းပေါ်ဒေသ၊ အလယ်ပိုင်းဒေသနှင့် မြောက်ဖျားပိုင်းဒေသများသို့ ဆင့်ကဲ၊ ဆင့်ကဲ ဝင်ရောက်လေ့ရှိသည်။ ထို့အတူ အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာလလယ်ခန့်မှစတင်ကာ မြန်မာနိုင်ငံမြောက်ပိုင်းမှစတင် ဆုတ်ခွာလေ့ရှိသည်။

မုတ်သုံဝင်ရောက်ရာ လမ်းကြောင်းတစ်လျှောက်၊ ဆုတ်ခွာရာလမ်းကြောင်းတစ်လျှောက်တွင် စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းများကို ကြုံတွေ့ရလေ့ရှိတတ်သည်။ ယခင်နှစ်က ဘင်္ဂလားပင်လယ်အော်အတွင်း တစ်လလျှင် သုံးကြိမ်ခန့် လေဖိအားနည်းရပ်ဝန်းများ ဖြစ်ပေါ်ခဲ့ပြီး နေရာကွက်၍ မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း တွေ့ရသည်။ ထို့အတူ မုတ်သုံလေ အားပြတ်ခြင်းဖြစ်ကာ မိုးနည်းခြင်းများ ရှိနိုင်သည်ကိုလည်း သတိထားကြရန် လိုမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်လာနိုင်သည့် မိုးများခြင်း၊ ရေကြီးခြင်းနှင့် ပူပြင်းခြောက်သွေ့ခြင်း ဖြစ်စဉ်များသည် စိုက်ပျိုးရေးကို ထိခိုက်စေနိုင်သည်ဖြစ်ရာ ကမ္ဘာတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေနှင့် မိမိတို့နိုင်ငံ၏ အခြေအနေများကို အမြဲ နှိုင်းယှဉ်ဆောင်ရွက်နေကြရန် လိုကြမည်ဖြစ်သည်။

အထူးသတိထားကြရန်မှာ ထူးခြားသော မိုးလေဝသဖြစ်စဉ်များကြောင့် မိုးရာသီအတွင်း ဖြစ်ပေါ်နိုင်သည့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြစ်ရေကြီးခြင်း၊ လေဖိအားနည်းရပ်ဝန်းနှင့် မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ မုတ်သုံလေအင်အား အခြေအနေများကို လေ့လာသိရှိထားကြရန် လိုအပ်ပေသည်။ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက ထုတ်ပြန်သော မိုးလေဝသ သတိပေးချက်များကို နားထောင်ပြီး မိုးရာသီတွင် ဖြစ်ပေါ်တတ်သည့် ရာသီဥတုဆိုင်ရာ သဘာဝဘေးအန္တရာယ်များကို ရှောင်ရှားနိုင်ကြမည်ဖြစ်ပေသည်။ ။

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၇**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်-

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ နွေးအေးလှဲ့ထွန်း (လ/ထ ဆရာဝန်) | သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီး နေပြည်တော် | ဘီးလင်းမြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၂ | ဒေါက်တာ နှင်းဟေမာန်အောင် (လ/ထ ဆရာဝန်) | သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီး နေပြည်တော် | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါက်တာ ယုယုခိုင် (လ/ထ ဆရာဝန်) | သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီး နေပြည်တော် | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါက်တာ ထာနီဝင်းအောင် (လ/ထ ဆရာဝန်) | ကလေးရောဂါ အထူးကုဆေးရုံကြီး နေပြည်တော် | မကွေးမြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါက်တာ အောင်ထွန်းဦး (လ/ထ ဆရာဝန်) | တပ်ကုန်း ပြည်သူ့ဆေးရုံ | အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါက်တာ ဆုမြတ်ထားဝေ (လ/ထ ဆရာဝန်) | တပ်ကုန်း ပြည်သူ့ဆေးရုံ | မတ္တရာမြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါက်တာ ခင်ဇော် (ဆေးရုံအုပ်ကြီး) | တာချီလိတ် ပြည်သူ့ဆေးရုံ | တာချီလိတ်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၅-က |  |
| ၈ | ဒေါက်တာ ကျော်မောင်မောင် (အထူးကု) | တာချီလိတ် ပြည်သူ့ဆေးရုံ | အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါက်တာ သန်းဇော် (အထူးကု) | တာချီလိတ် ပြည်သူ့ဆေးရုံ | ဆင်ပေါင်ဝဲမြို့နယ်၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ အေးမြနိုင် (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံ | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် ကျိုင်းတုံပြည်သူ့ဆေးရုံမှ ဒေါက်တာကျော်မောင်မောင် (အထူးကု) နှင့် ဒေါက်တာသန်းဇော် (အထူးကု)တို့သည် "ဆုပြည့်စုံ" ဆေးရုံ၌လည်းကောင်း၊ ကျိုင်းတုံပြည်သူ့ဆေးရုံမှ ဒေါက်တာ အေးမြနိုင် (လ/ထ ဆရာဝန် )သည် "စေတနာ"ဆေးရုံ၌လည်းကောင်း တာဝန်ကျရာဆေးရုံများတွင် ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက်ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-



ဒေါက်တာ ကျော်မောင်မောင်နှင့် ဒေါက်တာ သန်းဇော်(အထူးကု၊ ကျိုင်းတုံပြည်သူ့ဆေးရုံ) တို့အားဆေးကုသခွင့်ပေးထားသည့်"ဆုပြည့်စုံ"ဆေးရုံမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ကျော်မောင်မောင်



ဒေါက်တာ သန်းဇော်




ဒေါက်တာ အေးမြနိုင် (လက်ထောက်ဆရာဝန်၊ ကျိုင်းတုံပြည်သူ့ဆေးရုံ)အား ဆေးကုသခွင့်ပေးထားသည့် "စေတနာ"ဆေးရုံမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ အေးမြနိုင်

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိကဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# မန္တလေး - ဗန်းမော် ပြေးဆွဲလျက်ရှိသော ပေါက်တန်းရေယာဉ် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရ

**နေပြည်တော် မေ ၇**

မန္တလေး(ဂေါဝိန်ဆိပ်ကမ်း)မှ မေ ၃ ရက် နံနက် ၆ နာရီတွင် ခရီးသည် ၁၁ ဦး၊ ကုန်စည် ၂၁၅ တန်တင်ဆောင်ပြီး ထွက်ခွာလာသော"ပေါက်တန်း"ရေယာဉ်သည် မေ ၆ ရက် နံနက်ပိုင်းတွင် ကသာမှခရီးသည် ၁၀ ဦး၊ ကုန်စည် ၁၉၉ တန်ဖြင့် ပြန်လည်ထွက်ခွာလာခဲ့ရာ ည ၈ နာရီ ၂၅ မိနစ်တွင် သာယာကုန်းနှင့် ကျောက်ကြီးရွာကြားအရောက် မြစ်၏ လက်ဝဲဘက်ကမ်းမှ မောင်းနှင်နေစဉ် သောင်းကျန်းသူအဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ၁၅ မိနစ်ကြာ ပစ်ခတ်ခံရမှုကြောင့် တာဝန်ကျတက်မကိုင် ဦးဇော်မင်းဦးတွင် လက်နက်ကြီးအစ ထိမှန်ဒဏ်ရာ(မစိုးရိမ်ရ)နှင့် စက်ခန်းအုပ်(၄) ဦးအောင်ဇော်ငြိမ်း တွင် ပွန်းပဲ့ဒဏ်ရာများ အသီးသီးရရှိခဲ့သည်။ ရေယာဉ်ကို လုံခြုံသောနေရာတွင်ထားရှိပြီး ဒဏ်ရာရ ဝန်ထမ်းများကို ဆေးကုသမှုပြုလုပ်ပေးခဲ့ကြောင်းနှင့် ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံအတွင်း ခရီးသွားပြည်သူများ စိတ်အေးချမ်းမြေ့စွာသွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရေးအတွက် လေယာဉ်၊ ရေယာဉ်၊ ရထား၊ မော်တော်ကားခရီးစဉ်များ ပြေးဆွဲစေလျက်ရှိရာ မသမာသူများက အဖျက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိခြင်းကြောင့် အလားတူဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေး ရေယာဉ်ပေါ်တွင် အစောင့်လိုက်ရဲတပ်ဖွဲ့လိုက်ပါနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း မသင်္ကာဖွယ်ရာအခြေအနေများ တွေ့ရှိပါက သက်ဆိုင်ရာသို့ အချိန်မီသတင်းပေးနိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

သတင်းစဉ်



တက်မစင် ဘေးကာမှန်များအား သေနတ်ကျည် ထိမှန်ထားသည်ကို တွေ့ရစဉ်။

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅ဝ၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၇**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅ဝ၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ ကြည်သွင် | ပါမောက္ခချုပ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မိတ္ထီလာမြို့ | မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅ဝ၅-က |  |
| ၂ | ဦးကျော်ဝေဖြိုး | လက်ထောက်ကထိက၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မုံရွာမြို့ | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅ဝ၅-က |  |
| ၃ | ဦးချစ်ထွန်းနိုင် | လက်ထောက်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ ရွာငံမြို့ | ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅ဝ၅-က |  |
| ၄ | ဦးကျော်ကျော်ဦး | လက်ထောက်ကြီးကြပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ အောင်လံမြို့ | အောင်လံမြို့၊ မကွေးတိုင်းဒေသကြီး | ၅ဝ၅-က |  |
| ၅ | ဦးသိန်းဇော်ရွှေ | ကျောင်းအုပ်၊ အထက(၂)၊ တောင်ငူမြို့ | တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅ဝ၅-က |  |
| ၆ | ဦးဝေလင်းမောင် | အထက်တန်းပြ၊ အထက(ကျပ်ပြင်)၊ မိုးကုတ်မြို့ | မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး | ၅ဝ၅-က |  |
| ၇ | ဒေါ်ခိုင်နွယ်ဦး | မူလတန်းပြ၊ အမက(ချည်ပြစ်ခုံ)၊ ကောလင်းမြို့နယ် | ကောလင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅ဝ၅-က |  |
| ၈ | ဒေါ်စံပယ် | မူလတန်းပြ၊ အလက(၁)၊ မင်းလှမြို့ | မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး | ၅ဝ၅-က |  |
| ၉ | ဦးဝင်းညွန့်နိုင် | မူလတန်းပြ၊ အမက(တောင်သလဲပင်)၊ ကျောက်တံခါးမြို့နယ် | ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅ဝ၅-က |  |
| ၁ဝ | ဒေါ်ထားထား(ခ) ခိုင်သင်းမွန် | မူလတန်းပြ၊ အမက၊ မြဝတီမြို့ | မြဝတီမြို့၊ ကရင်ပြည်နယ် | ၅ဝ၅-က |  |




ဒေါက်တာ ကြည်သွင်(ပါမောက္ခချုပ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မိတ္ထီလာမြို့)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဦးချစ်ထွန်းနိုင်(လက်ထောက်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ ရွာငံမြို့)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဒေါ်ထားထား(ခ)ခိုင်သင်းမွန်(မူလတန်းပြ၊ အမက၊ မြဝတီမြို့)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအားလည်း တရားဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်၌ ဆူပူအကြမ်းဖက်သူများ၏ အကြမ်းဖက်ရန်ပြု တိုက်ခိုက်ခဲ့မှုကြောင့် သစ်တောဝန်ထမ်းနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မေ ၇

**စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်၌ ဆူပူအကြမ်းဖက်သူများ၏ အကြမ်းဖက် ရန်ပြုတိုက်ခိုက်ခဲ့မှုကြောင့် သစ်တောဝန်ထမ်းနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ မေ ၆ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ယင်းမာပင်မြို့နယ် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် သစ်တောဌာနမှ တောအုပ်ကြီး ဦးနန္ဒအောင်နှင့် တောအုပ် ဦးထွန်းမောင်ရှိန်တို့ပါ သစ်တောဝန်ထမ်း ၁၁ ဦးသည် 3R-xxxx SKAT ယာဉ်ပါ မော်တော်ယာဉ်နှစ်စီးဖြင့် ကပိုင်ကျေးရွာမှ ယင်းမာပင်မြို့သို့ ထွက်ခွာလာခဲ့ရာ ရင်ပေါင်တိုင်ကျေးရွာအနီးအရောက်၌ ဦးဆောင်သူ (စိစစ်ဆဲ) ဆူပူအကြမ်းဖက်သူ အင်အား ၃ဝ ခန့်က တုတ်၊ ဓားများ ကိုင်ဆောင်ကာ ဆိုင်ကယ်များဖြင့် လမ်းကို ပိတ်ဆို့ထားပြီး ဆဲဆိုကြိမ်းမောင်းကာ ကျေးရွာအတွင်းမှ ဖြတ်သန်းခွင့်မပြုသဖြင့် သစ်တောဝန်ထမ်းများက ၎င်းတို့ မောင်းနှင်လာသော ယာဉ်နှစ်စီးကို နောက်သို့ ပြန်လှည့်မောင်းနှင်ခဲ့ရာ ထိုသို့ မောင်းနှင်လာစဉ် ည ၈ နာရီခွဲတွင်လက္ကပြားကျေးရွာဇရပ်အနီးအရောက် လမ်းကို ပိတ်ဆို့တားဆီးခဲ့သည့် အကြမ်းဖက်သူများက ဆိုင်ကယ်များဖြင့် အနောက်မှ လိုက်လာကာ သစ်တောဝန်ထမ်းများအား ဆူပူအော်ဟစ်ခြိမ်းခြောက်ကာ တုတ်၊ ဓားများဖြင့် အကြောင်းမဲ့ ဝိုင်းဝန်းထိုးခုတ်ရိုက်နှက်ခဲ့၍ သစ်တောဝန်ထမ်းနှစ်ဦးတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး ဆူပူအကြမ်းဖက်သူများက သစ်တော ဝန်ထမ်းများထံတွင် ပါလာသော ဖုန်းများကို အကြမ်းဖက်လုယက် ယူဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိသူများအား တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိပြီး ဆူပူအကြမ်းဖက်မှုကို ဦးဆောင်သူနှင့် ပူးပေါင်းပါဝင် ပတ်သက်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အနည်းငယ်ဖြစ်ထွန်း

**နေပြည်တော် မေ ၇**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများကို အသုံးပြုကာ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် မေ ၇**

ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများအပေါ် ယုံကြည်ကာ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်၍ ပညာသင်ကြားရေး နှစ်အလိုက် ပညာသင်ကြားပေးနိုင်ရေး ပြင်ဆင်လျက်ရှိသော ပညာရေးမှူးရုံးများ၊ အခြေခံပညာ အထက်တန်းကျောင်းများတွင် လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများ ထောင်ထားခြင်း၊ ဖောက်ခွဲခြင်းများကဲ့သို့ အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်လာနေကြသည်ကို တွေ့ရှိရသည်။



ပြည်ကြီးတံခွန်မြို့နယ်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး၌ လက်လုပ်ဗုံးပေါက်ကွဲမှုကို တွေ့ရစဉ်။

### လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်

ထိုသို့လုပ်ဆောင်ရာတွင် မေ ၆ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်က မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် ၃၁ လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြားရှိ မန္တလေးဆေးတက္ကသိုလ်ဝန်ထမ်းအိမ်ရာ၌လည်းကောင်း၊ ည ၇ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၂)ရပ်ကွက် ရာဇဓိရာဇ်လမ်း "ရာဇဓိရာဇ်" အိမ်ရာအနီး၌ လည်းကောင်း၊ ည ၇ နာရီ ၅၅ မိနစ်တွင် မင်္ဂလာဒုံမြို့နယ် ပြည်တော်သာရပ်ကွက် ဗဟိုတပ်ထိန်းရှေ့ဂိတ်(၁) နှင့် (၂)ကြား ခြံစည်းရိုးအပြင်ဘက်၌ လည်းကောင်း၊ ည ၈ နာရီတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ဟေမန်ကျေးရွာ၌ လည်းကောင်း၊ ယနေ့ နံနက် ၅ နာရီ မိနစ် ၅၀ တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် လယ်သစ်ကျေးရွာနေ ဦးသိန်းမိုးနိုင် (၃၅နှစ်) (ဘ) ဦးကြိုင်၏ နေအိမ်၌ လည်းကောင်း၊ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ကချင်ပြည်နယ် ဗန်းမော်မြို့ သာစည်ရပ်ကွက် ပညာရိပ်သာလမ်းနှင့် ဗလမင်းထင်လမ်းထောင့်၌ လည်းကောင်း၊ နံနက် ၇ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၃) ရပ်ကွက်ရှိ "မြန်မာ့လယ်ယာဖွံ့ဖြိုးရေး" ဘဏ်ရှေ့၊ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၊ အမှတ်(၄) ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၇) ရပ်ကွက်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးရုံးအနီးတို့၌လည်းကောင်း၊ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် ကျွဲဆည်ကန်(၁)လမ်းရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးနှင့် ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက် မြဝတီမင်းကြီးလမ်း ၆၁ လမ်းနှင့် ၆၂ လမ်းကြားရှိ မြို့နယ်ဥပဒေရုံးရှေ့တို့၌ လည်းကောင်း၊ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် ၆၄ လမ်းနှင့် ၆၅ လမ်းကြား၊ ၃၀ လမ်းနှင့် ၃၁ လမ်းကြားရှိ ၃၁ လမ်းပေါ်နှင့် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ၆၃ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားရှိ မြန်မာ့အာမခံလုပ်ငန်း၊ တိုင်းဦးစီးမှူးရုံးတို့၌ လည်းကောင်း၊ နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မြို့နယ်စည်ပင်ရုံး၌ လည်းကောင်း၊ နံနက် ၁၁ နာရီ ၁၀ မိနစ် တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ရှိ ရဲစခန်း၌ လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့ (၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ပြည်သူ့ဆေးရုံလမ်းဆုံရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအနီး၌ လည်းကောင်း၊ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် အမှတ်(၃) ရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံးဘေး လမ်းပေါ်၌ လည်းကောင်း အကြမ်းဖက်သမားများက လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ကာ ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် များက လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

### အန္တရာယ်မရှိရေး သက်မဲ့ပြုလုပ်

ထို့ပြင် မေ ၆ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၅) ရပ်ကွက် မြို့နယ်မြေစာရင်းရုံးဝင်းအတွင်းရှိ ထမင်းစာဆောင်၌လည်းကောင်း၊ ညနေ ၅ နာရီခွဲတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ဝိုင်းရပ်ကွက်ရှိ မော်လမြိုင်တက္ကသိုလ်ဝင်းအတွင်း၌ လည်းကောင်း၊ ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဥတ္တရသိဒ္ဓိရပ်ကွက် မြဝတ်မှုံ(၁)လမ်းဘေးရှိ ပလက်ဖောင်းပေါ်၌ လည်းကောင်း၊ နံနက် ၁၀ နာရီတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင် (၁) ရပ်ကွက် ၆၉ လမ်း၊ ၄၀ လမ်းနှင့် ၄၁ လမ်းကြားရှိ BNO ဖက်ရှင်စတိုးဆိုင်ရှေ့၌လည်းကောင်း၊ နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် တာမွေကြီး (ခ) ရပ်ကွက် အနောက်မြင်းပြိုင်ကွင်းလမ်း "ဖူးရှင်းဘုရားသား" ကုမ္ပဏီရှေ့ စည်ပင်အမှိုက်ပုံးဘေး၌ လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံးအဝင်လမ်းဘေး၌လည်းကောင်း အကြမ်းဖက်သမားများက လက်လုပ်မိုင်းများ ထောင်ထားကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးပြီး ပြည်သူလူထုကိုအန္တရာယ်မရှိစေရေးအတွက် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များ ကျူးလွန်သူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲပြန်ကြား**

## မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ၊ လက်ဝယ်ထားရှိသူများ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၇**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို လက်ဝယ်ထားရှိသူများနှင့် ပို့ဆောင်ပေးသူများအား ဆက်လက် ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မေ ၆ ရက် နံနက် ၁ နာရီက ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ဒယ်ပုတ်ကွင်းကျေးရွာနေ နိုင်လွင် (၄၃နှစ်) (ဘ)ဦးမြင့်ရွှေနှင့် အောင်ဝင်းကို (၂၆နှစ်) (ဘ) ဦးဖုန်းငို တို့ကို လက်လုပ်သေနတ် နှစ်လက်၊ ဓား ခြောက်ချောင်း၊ ရဲတင်း နှစ်လက်၊ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် လည်းကောင်း၊ နံနက် ၈ နာရီ ၂၅ မိနစ်တွင် ချင်းပြည်နယ် ဟားခါးမြို့နယ် နီရီလွှန်းကျေးရွာသစ်နေ ဦးငွန်ဟုပ်ကို လေသေနတ်တစ်လက်၊ ဒူးလေး နှစ်လက်၊ မြားတံ ခုနစ်ချောင်း၊ အိန္ဒိယနိုင်ငံထုတ် ၆ ဒသမ ၅ မီလီမီတာ ကျည် ၂၄ တောင့်၊ ကျည်ခွံ ၄၂ ခု၊ လက်လုပ်မိုင်း ၁၈ လုံး၊ ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ မြို့သစ်ရပ်ကွက် ရထားသံလမ်းဘေးရှိသဲချောင်းအတွင်းမှ လက်လုပ်သေနတ် နှစ်လက်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်နေ ချမ်းမင်းဦး (၂၁ နှစ်) (ဘ) ဦးသူရကျော်ကို ဓားမြှောင် တစ်ချောင်းနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။



မြိတ်မြို့၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ သိမ်းဆည်းရမိသည်ကို တွေ့ရစဉ်။

အလားတူ ယနေ့ နံနက် ၆ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက်နေ အောင်ကျော် (၂၄နှစ်) (ဘ) ဦးကျော်ဝင်းနှင့် ဘွဲ့ဦး(ခ) ညီလေး အပါအဝင် အမျိုးသား ငါးဦးအား လက်လုပ်သေနတ် လေးလက်၊ လက်လုပ်ဂက်စ်သေနတ်အတို တစ်လက်၊ လက်လုပ်မီးခိုးမိုင်း တစ်လုံး၊ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် လည်းကောင်း၊ နံနက် ၇ နာရီတွင် မြိတ်မြို့ တောရကျောင်းရပ်ကွက် တောင်သာယာ ရွှေစေတီဘုရားရင်ပြင်တော်ပေါ်ရှိ မဟာမြတ်မုနိစံကျောင်းတော်ဘေးရှိ ဂိုဒေါင်အတွင်း၌ ကော်ဒိုင်း ၆၁ ခု၊ သံဒိုင်း ၄၅ ခု၊ ဒိုင်းကာ ခုနစ်ခု၊ ဖိုက်ဘာဦးထုပ် ခြောက်လုံးတို့ကို လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို လက်ဝယ်ထားရှိသူများနှင့် ပို့ဆောင်ပေးသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**


**ကမ္ဘာ့အပူချိန် လျော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လှိုင်မြစ်-လော့်ကား ရေအားဖြည့်စီမံကိန်းလျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဓာတ်အားလိုင်း နှင့် ဓာတ်အားခွဲရုံများ တပ်ဆင်တည်ဆောက်ခြင်း လုပ်ငန်း(၄)ခုကို ပုတ်ပြတ်(Turnkey) စနစ် မြန်မာကျပ်ငွေဖြင့်လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၇.၅.၂၀၂၁) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၇.၆.၂၀၂၁)ရက်နေ့၊(၁၄ း ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၊ ၀၁ - ၂၃၀၂၀၇၁ ဖုန်းနံပါတ်သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ



**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**
**၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၁**

| | | |
|---|---|---|
| ဒေါ်ဝင်းဝင်းမော် | နှင့် | ၁။ ဦးကျော်ဇော |
| (၎င်း၏ကိုယ်စားလှယ်စာရသူ ဦးပါစည်) | | ၂။ ဦးနေဝင်း |
| တရားလို | | တရားပြိုင်များ |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ (စ-၄၄)နေ (၁)တရားပြိုင် ဦးကျော်ဇောနှင့် (၂)တရားပြိုင် ဦးနေဝင်း (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ဝင်းဝင်းမော်(၎င်း၏ကိုယ်စားလှယ်စာရသူ ဦးပါစည်)က မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေ ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၁ခုနှစ် မေလ ၂၆ရက် (၁၃၈၃ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူ ဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် မေလ ၇ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဝေဠုထွန်း)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး


**မိုးထစ်ချုန်း ရွာနိုင်**

**နေပြည်တော် မေ ၇**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**


**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8D/9203 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသိန်းစိုး ၁၂/ဒဂဆ(နိုင်)၀၁၉၄၃၈ ၏ သွင်းကုန်လိုင်စင် ISP IDVY 8 15 -16 6214 (30-9-2015) သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါကြောင်း။

ဖုန်း-၀၉- ၇၇၃၉၀၃၀၈၈

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ SKODA Automobile International Trading Co.,Ltd သည် ပို့ကုန် သွင်းကုန်လိုင်စင် အမှတ် ILV -15 -16 5664 (28-12-2015)သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါကြောင်း။

ဖုန်း-၀၉- ၇၇၃၉၀၃၀၈၈

## အမည်ပြောင်း

ဦးဝင်းလှိုင် ၁၁/ မအန(နိုင်)၀၁၉၉၁၄ ၏သမီး နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အလက(၁) ဒုတိယတန်း(ခ)မှ မယွန်းဝတီဦးအား မယွန်းငုံဖူးဟု ပြောင်းလဲခေါ်ပါရန်။

မယွန်းငုံဖူး

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6N/6175 MAZDA BONGO SK 82 T, P/U ယာဉ်လက်ဝယ်ရှိသူ YNNL Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြိတ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2E/8606 Nissan ADVY 12 S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသုခအောင် ၁၂/တမန(နိုင်)၀၁၁၉၈၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅/ကြည်စု)၊ မြေကွက်အမှတ် (၂၉၇)၊ ဧရိယာ (၅၄'/၃၅'x၅၀')=(၂၂၂၅) စတုရန်း ပေ=(၀ဒသမ၀၅၁)ဧက၊ မြေကွက်တည်နေရာအမှတ် (၂၉၇)၊ ကန်သာယာလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးစိန်ရွှေ(ခ)လင်(မ်)စင် ရွှေ ၁၂/လမတ(နိုင်)၀၂၈၄၁၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိန်ရွှေ(ခ)လင်(မ်)စင်ရွှေ(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီး ချန်စူကွမ်(ခ)ဒေါ်အေးအေးမြင့် ၁၂/လသန(နိုင်)၀၁၇၅၀၅ ထံမှ GP ၆၀၂၁/၂၀၂၀ (၄-၆-၂၀၂၀)ဖြင့် ရရှိသူ ဒေါ်ခင်မာကြူ ၈/တတက(ပြု)၀၀၀၁၅၉မှ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ မြေခွန်ပြေစာ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးစိန်ရွှေ(ခ) လင်(မ်)စင်ရွှေ အမည်ပေါက် နှစ် ၆၀ ဂရန်မူရင်း၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၂)၊ မြေကွက်အမှတ် ၉၅၃/ခ၊ မြေကွက်တည်နေရာ အမှတ် ၉၅၃/ခ၊ ရတနာပုံလမ်း၊ (၇၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးသိန်းငွေ ၁၂/သဃက(နိုင်)၀၇၀၀၁၇ အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးသိန်းငွေထံမှ အရပ်စာချုပ် အဆက်အစပ်များဖြင့် ဝယ်ယူထားသူ ဒေါ်ဝင်းဖြိုးအိ ၁၂/သဃက(နိုင်) ၁၇၄၅၅၁ မှ ပါမစ်မူရင်းနှင့် အရပ်ကတိစာချုပ် အဆက်အစပ်များတင်ပြ၍ ဂရန်သစ်လျှောက်ထားခြင်းအား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ပါမစ်အမည်ပေါက် ဦးသိန်းငွေ ဖြစ်ကြောင်း ပြန်ကြားလာပါသည်။ ကွင်းဆင်းတွေ့ရှိချက်အရ မြေပြင်တွင် တစ်ထပ်ဂျပ်ဆင်ဘုတ်ကာ အဆောက်အအုံတစ်လုံးရှိပြီး လူနေထိုင်ခြင်းမရှိကြောင်း တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၇ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ New Book Company Limited သည် ပို့ကုန် သွင်းကုန်လိုင်စင် အမှတ် ILV -15- 16 4013 (15-12-2015)သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါကြောင်း။

ဖုန်း-၀၉- ၇၇၃၉၀၃၀၈၈

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နက/၄၇၀-မမေသဲဖြူ(၂၀၁၉-၂၀၂၀) ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်၏ ဖခင် ဦးတင်အောင် ၉/ ပမန(နိုင်) ၀၅၅၈၆၀ နှင့် ဦးတင်မောင်လေးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးတင်အောင်(ခ)ဦးတင်မောင်လေး

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၃၁-ကံသုံးဆင့် အနောက်အကွက်)၊ ဦးပိုင်အမှတ်(၂-က/၁၁)၊ ဧရိယာ ဝဒသမ ၀၂၈ဧကရှိ မြေကို ဦးစောထေးဘယ်အမည်ဖြင့် မြေငှားဂရန် (အသစ်) လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက် အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

တောင်ကြီးမြို့နေ ဦးဘသော်၏သမီး မခင်ထွေး(ခ)နွယ်နီဝင်း ၁၃/တကန(နိုင်)၀၆၆၁၃၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မခင်ထွေး(ခ)နွယ်နီဝင်း**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သံသုမာလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၇)၊ မြေကွက် အမှတ် (၅၇)တည်ရှိရာ ကန်ထရိုက်တိုက် အဆောက်အအုံ ပထမထပ် အကျယ်အဝန်း(အလျား ၃၄ ပေ Xအနံ ၅၄ ပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်များအားလုံးတို့ကို လက်ဝယ်ပိုင်သည့် ကန်ထရိုက်တာဖြစ်သူ နှိုင်းထက်သာ ကုမ္ပဏီလီမိတက်(အမည်ပြောင်း-နှိုင်းထက်ကျော် ကုမ္ပဏီလီမိတက်) မှတ်ပုံတင်အမှတ် ၁၀၀၃၆၈၀၄၈ (ယင်းကုမ္ပဏီ၏ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးနန္ဒကျော်)ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ရွှေရည်ဝင်း(LL.B, LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၆၉၅)**
**အမှတ်(၂၂/က)၊ အောင်ဓမ္မရိပ်သာလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး ဖုန်း- ၀၉-၇၉၉၆၂၉၆၃၃**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ နှစ်ဦးကရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊မြေကွက် အမှတ် (၂၅)၊ မြေဧရိယာ ၂၁၃၅ စတုရန်းပေ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေ အမျိုးအစား မြေကွက်ပေါ်ရှိ အမှတ် ၂၅၊ မြို့မ ၁၅လမ်းအရှေ့၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် နှစ်ခန်းတွဲ(၆)ထပ်တိုက် အဆောက်အအုံ၏ မြေညီထပ်(ခြေရင်းခန်း)(အလျား ၁၄ပေ X အနံ ၅၄ပေ) အကျယ်အဝန်းရှိ ထပ်ခိုးပါ တိုက်ခန်း(၁)ခန်း အပါအဝင် ယင်းတို့နှင့် ဆက်စပ် ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ကန်ထရိုက်တာ ဦးမောင်မောင်ကျော် ၁၂/ ကမတ(နိုင်)၀၁၉၈၅၆ ၊ အမှတ် ၁၄၇၊ တပင်ရွှေထီးလမ်း၊ (၄၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင် ဒေသကြီး နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအား အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ် ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)**
**အမှတ် ၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉- ၅၁၇၁၄၃၃**

**ဒေါ်ခင်မြတ်သူ(H.G.P, LL.B,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၇၅၁၅)**
**အမှတ် ၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉- ၈၆၃၅၁၂၂၊**
**၀၉- ၂၅၄၄၈၈၃၃၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရေနံ့ချောင်းမြို့နယ်၊ဆိပ်သာကွန်းထောက်မြို့ကွက်သစ်၊ မြေပေးမိန့်အပေါင်းများပယ်ဖျက်ရန် မြေပေးမိန့်အသစ် ပြန်လည်ထုတ်ပေးနိုင်ပါရန် ဆိပ်သာကွန်းထောက် မြို့မြေချထားမှုဆိုင်ရာ စာရင်းဇယားကောက်ယူစိစစ်ထိန်းသိမ်းရေးအဖွဲ့မှ တင်ပြလာသဖြင့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသို့ မြေပေးမိန့်အသစ်ပြန်လည်ထုတ်ပေးမည် ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ရေနံ့ချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ရေနံ့ချောင်းမြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့သို့ လည်းကောင်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | မူလအမည်ပေါက်သူ | လာရောက်ဆက်သွယ်သူ | စည်ပင်မြေအကွက်အမှတ် | မြေစာရင်းအကွက်အမှတ် | မြေစာရင်းမြေကွက်အမှတ် |
|---|---|---|---|---|---|
| ၁ | ဦးထွန်းအောင် | ဦးထွန်းအောင် | ၄၀ | ၂၀ | ၁၇၈ |
| ၂ | ဦးပေါက်စ | ဦးပေါက်စ | ၁၇၁၀ | | |
| ၃ | ဒေါ်တင်ဝင်း | ဦးတင်အောင်ဦး | ၁၇၀၉ | | |
| ၄ | ဦးကျော်စိန် | ဦးတင့်ဝေ | ၇ | ၂၁ | ၁၇၈ |
| ၅ | ဒေါ်တင်နွယ် | ဒေါ်နှင်းနှင်းဝေ | ၂၄ | ၂၀ | ၁၄၂ |
| ၆ | ဒေါ်မြင့်မြင့်ကို | ဒေါ်မာလာခိုင် | ၂၆၀ | ၂၁ | ၉၇ |
| ၇ | ဒေါ်ခင်နှင်းဆီ | ဒေါ်ဟန်နီဦး | ၆၃၈ | ၁၇ | ၂၀၁ |
| ၈ | မောင်စိုးမိုးဌေး | မောင်စိုးမိုးဌေး | ၁၅၇၁ | ၂၁ | ၂၉၄ |

**ကော်လီတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မကွေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ ရုံးရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၁၆၀)၊ မြေကွက်အမှတ်(၄၆၀)၊ဧရိယာ ဝဒသမ ၀၃၈ (ဘိုးဘပိုင်မြေ) မူလပိုင်ရှင်ဒေါ်ခင်ရွှေမှ ကိုနေထွန်းအောင် ၈/ သရန(နိုင်)၀၅၁၅၆၉ က လျှောက်ထားလာသည့်အတွက် ယင်းအမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ရက် ၃၀ အတွင်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ် ဦးစီးဌာနမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**သရက်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9W/26823 Honda Wave NF 110 ယာဉ်လက်ဝယ်ရှိသူ ဦးတင့်နိုင် ၆/ရဖန(နိုင်)၀၄၈၉၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် RLG/4424 TOYOTA LANDCRUISER PRADO ယာဉ်လက်ဝယ်ရှိသူ ဆရာတော်ဦးဇောဂရိယ ၁၂/ရကန (သ)၀၀၀၄၅၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ ငှက်ပျောတောရပ်ကွက်၊ အကွက်အမှတ် (၄၆)၊ အကွက်အမည်(နှမ်းစစ်ကန်ရပ်)၊ မြေကွက်အမှတ်(၁၃၁)၊ ဦးပိုင်အမှတ်(၂၃၆)၊မြေဧရိယာ ဝဒသမ ၁၁၀ ဧကရှိ မြေနေရာအား ၂-၄-၁၉၉၀ ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မြေပေးမိန့် အမှတ်(၄/၁၉၉၀)ဖြင့် ဦးမျိုးမြင့်မောင် (CHK-၀၁၈၁၄၀)သို့ မြေကွက်ချထားပေးပြီး ဦးမျိုးမြင့်မောင်ထံမှ ဦးဖြိုးကိုကို ၁၃/ပတယ(နိုင်)၀၄၆၂၁၈ မှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါ၍ မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လို သူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး**
**ပင်းတယမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ ငှက်ပျောတောရပ်ကွက်၊ အကွက်အမှတ်(၄၇)၊ အကွက်အမည်(နှမ်းစစ်ကန်အရှေ့ရပ်)၊ မြေကွက်အမှတ်(၃၆၅)၊ ဦးပိုင်အမှတ်(၁၀၅)၊မြေဧရိယာ ဝဒသမ ၁၁၀ ဧကရှိ မြေနေရာအား ၂-၄-၁၉၉၀ ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မြေပေးမိန့်အမှတ်(၀၀၀၄၅/၁၉၉၀)ဖြင့် ဦးမြင့်လွင် (PTA-၀၄၇၇၉၀)သို့ မြေကွက်ချထားပေးပြီး ဦးမြင့်လွင်ထံမှ ဦးကျော်အေး ၊ ဦးကျော်အေးထံမှ ဦးစိုးနိုင်ဦး ၊ ဦးစိုးနိုင်ဦး ထံမှ ဒေါ်သီတာရွှေ ၁၃/ပတယ(နိုင်)၀၀၀၄၁၉ မှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါ၍ မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး**
**ပင်းတယမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ ငှက်ပျောတောရပ်ကွက်၊ အကွက်အမှတ်(၄၇)၊ အကွက်အမည်(နှမ်းစစ်ကန်အရှေ့ရပ်)၊ မြေကွက်အမှတ်(၃၂၁)၊ ဦးပိုင်အမှတ်(၅၂)၊မြေဧရိယာ ဝဒသမ ၁၁၀ ဧကရှိ မြေနေရာအား ၁၆-၄-၂၀၂၀ ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မြေပေးမိန့် အမှတ်(၃၁/၁၉၉၀)ဖြင့် မသန်းဌေး (PTA-၀၆၀၁၈၆)သို့ မြေကွက်ချထားပေးပြီး မသန်းဌေးထံမှ ဦးချစ်ဟန် ၁၃/ပတယ(နိုင်)၀၀၅၅၂၁+ ဒေါ်သူဇာဝင်း ၁၃/ပတယ(နိုင်)၀၃၀၈၀၈ မှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါ၍ မြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအထွေထွေ အုပ်ချုပ်ရေးဦးစီးမှူးရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး**
**ပင်းတယမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ ငှက်ပျောတောရပ်ကွက်၊ အကွက်အမှတ်(၄၇)၊ အကွက်အမည်(နှမ်းစစ်ကန်အရှေ့ရပ်)၊ မြေကွက်အမှတ်(၃၂၂)၊ ဦးပိုင်အမှတ်(၅၁)၊မြေဧရိယာ ဝဒသမ ၁၁၀ ဧကရှိ မြေနေရာအား ၂၄-၁၀-၁၉၉၀ ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မြေပေးမိန့်အမှတ်(၆၄/၁၉၉၀)ဖြင့် ဦးခင်မောင်သန်း (PTA-၀၅၈၈၆၄)+ ဒေါ်သက်ဝေသို့ မြေကွက်ချထားပေးပြီး ဦးခင်မောင်သန်း + ဒေါ်သက်ဝေထံမှ ဦးချစ်ဟန် ၁၃/ပတယ (နိုင်)၀၁၅၅၂၁+ဒေါ်သူဇာဝင်း ၁၃/ပတယ(နိုင်)၀၃၀၈၀၈ မှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါ၍ မြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး**
**ပင်းတယမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
## နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
## ရုံးအမှတ်(၁)၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) (၁၅)နေရာနှင့် ဒုတိယလက်ထောက်ဦးစီးမှူးရာထူး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (၄)နေရာတို့အတွက် သတ်မှတ်အရည်အချင်း ပြည့်မီသူများ လျှောက်ထားနိုင် ပါသည်-

(က) ဒုတိယဦးစီးမှူးရာထူး(၁၅)နေရာအတွက် လျှောက်ထားသူသည် အနည်းဆုံး ပညာအရည်အချင်းမှာ အောက်ဖော်ပြပါ ဘွဲ့တစ်ခုခုရရှိသူများ ဖြစ်ရပါမည်-

- ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) B.A (English), B.A (English)U.F.L, B.A (English for Professional Purposes)
- ဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေး) B.A (International Relations)
- ဝါဏိဇ္ဇဘွဲ့ B.Com
- စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့(B.B.A)
- စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) B.Econ(Eco)
- ဖွံ့ဖြိုးရေးပညာဘွဲ့ B.Dev.S
- ဥပဒေဘွဲ့(LL.B)

(ခ) ဒုတိယလက်ထောက်ဦးစီးမှူးရာထူး (၄)နေရာအတွက် လျှောက်ထားသူသည် တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

၂။ ဒုတိယဦးစီးမှူးရာထူး (၁၅)နေရာနှင့် ဒုတိယလက်ထောက်ဦးစီးမှူးရာထူး (၄)နေရာ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ၄-၆-၂၀၂၁ ရက်နေ့တွင် အသက် ၂၅နှစ် ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၃၀ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
(ဃ) အခြေခံကွန်ပျူတာ ကျွမ်းကျင်သူဖြစ်ရမည်။
(င) နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(စ) နေပြည်တော်တွင်မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူကို ဦးစားပေး ရွေးချယ်မည် ဖြစ်ပါသည်။

၃။ အောက်ဖော်ပြပါ သတ်မှတ်လျှောက်လွှာ ပုံစံဖြင့်သာ လျှောက်ထားရပါမည်။

(က) အမည်
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ဂ) မွေးသက္ကရာဇ်
(ဃ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(င) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်
(ဆ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန
(ဇ) နိုင်ငံ့ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဈ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်
(ည) အမြဲတမ်းလိပ်စာ အပြည့်အစုံတို့ကို ဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါ အချက်အလက်များအား ပူးတွဲ ပေးပို့ရပါမည်။

(က)ဘွဲ့လက်မှတ် မိတ္တူ (မိတ္တူမှန် ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်အောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူ (မိတ္တူမှန် ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဂ) အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ပြန်တမ်းဝင်အရာရှိတစ်ဦး၏ထောက်ခံချက် မူရင်း
(ဃ)နိုင်ငံ့ဝန်ထမ်း မဟုတ်သူများအတွက် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထောက်ခံချက် မူရင်း (လွန်ခဲ့သော တစ်လအတွင်း)
(င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ
(စ) ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ (လွန်ခဲ့သော ခြောက်လခန့်)
(ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ် ရေးသားရန်)

၅။ လျှောက်လွှာများကို ဓာတ်ပုံအပိုတစ်စုံနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်သို့ ၄-၆-၂၀၂၁ ရက်နေ့ အရောက် ပေးပို့ရပါမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန် ထမ်းဆောင်သည့်ဌာနထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီး ဌာနသို့ ၉-၆-၂၀၂၁ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရပါမည်။

၇။ ရေးဖြေစာမေးပွဲကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတည်ရှိရာ နေပြည်တော်တွင် ဖြေဆိုရမည်ဖြစ်ပြီး၊ ဖြေဆိုရမည့်ဘာသာရပ်များမှာ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဖြစ်ပါသည်။ ရေးဖြေစာမေးပွဲကို ၁၂-၆-၂၀၂၁ ရက်နေ့တွင် စစ်ဆေးမည်ဖြစ်ပါသည်။

၈။ အချက်အလက် မပြည့်စုံသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးမှုပြုလုပ်ပြီး ရွေးချယ်ခန့်ထားမည် ဖြစ်ပါသည်။

၉။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ၁၀-၆-၂၀၂၁ ရက်နေ့နှင့် ၁၁-၆-၂၀၂၁ ရက်နေ့များတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်တွင် ထုတ်ယူနိုင်သည်။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် ကတ်ပြားထုတ်ပေးချိန်တွင် စာမေးပွဲ ဖြေဆိုရမည့်နေရာကို ကြေညာထားပါမည်။

၁၀။ သိရှိလိုသော အချက်အလက်များကို ရုံးအမှတ်(၁)၊ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ နေပြည်တော်သို့ လူကိုယ်တိုင် ဖြစ်စေ တယ်လီဖုန်း အမှတ် ၀၆၇ ၃၄၀၇၁၅၂ ၊ ၀၆၇ ၃၄၀၇၁၅၃သို့ ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။


## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်တော် ဦးစိုးသီဟ(ဘ) ဦးဘချော ၁၂/ ကမရ(နိုင်)၀၃၀၈၄၉ သည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် ၈၆၀၁/၂၀၁၈ ဖြင့် ၁၅-၈-၂၀၁၈တွင် မောင်ကွားမြီ (ဘ)ဦးရှောက်ချင် ၁၃/ ဟပတ(နိုင်)၀၁၃၀၃၇ သို့ အထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ပေးခဲ့ပါသည်။ ၎င်းအထွေထွေ ကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ပြန်လည်ရုပ်သိမ်းကြောင်း အသိပေးအပ်ပါသည်။

**မောင်စိုးသီဟ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ ရှိသော ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၅ ခု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြု



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၁) ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။

နေပြည်တော် မေ ၇

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် ၁၈၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံး၌ ကျင်းပသည်။ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် လျှပ်စစ်ကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် လုပ်ငန်းသစ် ၁၅ ခုကို ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၇၈၃ ဒသမ ၈၂ သန်းနှင့် ငွေကျပ် ၁၅ ဒသမ ၃၆၇ ဘီလီယံရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၄၇၃ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံခန့်ရှိ ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားသည့် LNG သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်လုပ်ငန်းမှ ထွက်ရှိသည့် ဓာတ်အားများကို ပြည်တွင်းသို့ ရာနှုန်းပြည့် ရောင်းချသွားမည်ဖြစ်သည့်အတွက် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ တစ်နိုင်ငံလုံး ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေး ဦးတည်ချက်အား အထောက်အကူပြုနိုင်မည် ဖြစ်သည်။

၂၀၂၁ ခုနှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၁ ခု အနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၅၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၅ ဒသမ ၇၂ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

သတင်းစဉ်

## ရိုးမားအသင်းကို နှစ်ကျော့ပေါင်းရလဒ်ဖြင့် အနိုင်ယူပြီး ဆိုးလ်ရှားလက်ထက် ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့သည့် မန်ယူ




မန်ယူတိုက်စစ်မှူး ကာဗာနီ ရိုးမားအသင်းဘက်သို့ ဘောလုံးကန်သွင်းနေစဉ်။

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် မေ ၇ ရက် နံနက်ပိုင်းက ရိုးမားအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို ရိုးမားအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက သုံးဂိုး- နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် ရှစ်ဂိုး-ငါးဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

မန်ယူ အသင်းသည် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်းမှာ နည်းပြ ဆိုးလ်ရှားလက်ထက် ပထမဆုံးအကြိမ် ဖြစ်သည်။ မန်ယူအသင်းသည် ဆိုးလ်ရှားလက်ထက်တွင် ယခင်က ဆီမီးဖိုင်နယ်သို့

စာမျက်နှာ ၁၀ ကော်လံ ၁ ❐

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ် (၄) ခုနှင့် သိပ္ပံ (၁၄) ကျောင်း ပြန်လည်ဖွင့်လှစ်မည်**

စာ ၄

**(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြန်မာနိုင်ငံမှ အားကစားနည်း ၁၈ နည်း ပါဝင်ယှဉ်ပြိုင်မည် အားကစားသမားများသည် နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်မည့်သူများဖြစ်သောကြောင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အဓိကထားပြီး မြှင့်တင်ဆောင်ရွက်ပေးရန်လို**

စာ ၁၈

**လျှပ်စစ်ကားများ ထုတ်လုပ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာ ၁၀

**COVID- 19 ရောဂါ ဓာတ်ခွဲ အတည်ပြု လူနာသစ် ၃၁ ဦး တွေ့ရှိ**

စာ ၁၅

## မြန်မာအသင်းပါဝင်သည့် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စု (F) လက်ကျန်ပွဲကျင်းပမည့်ကွင်းများ ထုတ်ပြန်

ရန်ကုန် မေ ၇

၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စု (F) လက်ကျန်ပွဲများကို ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ကျင်းပမည့်ကွင်းများ ထုတ်ပြန်လိုက်ပြီဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ဒုတိယအဆင့် အုပ်စုလက်ကျန်ပွဲများကို အုပ်စုတစ်ခုလျှင် အိမ်ရှင်တစ်နိုင်ငံရွေးချယ်၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သော အုပ်စု (F) ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည့် ဂျပန်နိုင်ငံအနေဖြင့် လက်ကျန်ပွဲများကို မြို့သုံးမြို့ရှိ ကွင်းသုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်မှုအရ မေ ၂၈ ရက်တွင်ကစားမည့် ဂျပန်နှင့် မြန်မာပွဲကို ချီဘာမြို့ရှိ ဖူကူဒါဒန်ရှိကွင်း၊ ဇွန် ၇ ရက်တွင်ကစားမည့် ဂျပန်နှင့် တာဂျစ်ကစ္စတန်ပွဲကို ဆုအိတာမြို့ရှိ Panasonic ကွင်း၊ ကာဂျစ္စတန်နှင့် မွန်ဂိုလီးယားပွဲကို အိုဆာကာမြို့ရှိ ယန်မာကွင်း၊ ဇွန် ၁၁ ရက်တွင် ကစားမည့် မြန်မာနှင့် ကာဂျစ္စတန်ပွဲကို အိုဆာကာမြို့ရှိ ယန်မာကွင်း၊ ဇွန် ၁၅ ရက်တွင်ကစားမည့် တာဂျစ်ကစ္စတန်နှင့် မြန်မာပွဲကို အိုဆာကာမြို့ရှိ ယန်မာကွင်း၊ ဂျပန်နှင့် ကာဂျစ္စတန်ပွဲကို ဆုအိတာမြို့ရှိ Panasonic ကွင်းတို့၌ ကျင်းပသွားမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် ဂျပန်အသင်းနှင့်ပွဲကို ချီဘာမြို့တွင် ယှဉ်ပြိုင်ကစားပြီးပါက အိုဆာကာမြို့သို့ သွားရောက်ရမည်ဖြစ်ပြီး နောက်ဆုံးနှစ်ပွဲ ထပ်မံကစားရမည်ဖြစ်သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ❖